
www.burmeseclassic.com

မိန်းကလေး
စာပေတိုက်

# မိန်းကလေး

## ရင်ခုန်မက်ဆော့(စ်)



ပန်းချီသိန်းရွှေကြည်

2015

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# မိန်းကလေး

## ရင်ခုန် Message

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဦးအေးအောင်စိုး (မြ-၀၄၉၄၄) (ခုနစ်စဉ်ကြယ်စာပေ)
အမှတ် - ၁၈၂ (B)၊ ၃၁-လမ်း၊ အထက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြေသုံ့ပုံနှိပ်တိုက်)
အမှတ် (၂၂၅)၊ ၃၂-လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်

အတွင်းဖလင်
ကိုကြီးပေါက် (Image Art Work) (၀၉-၅၂၀၂၅၃၃၂၇)

ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၅ ခုနှစ်၊ စက်တင်ဘာ။
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး
ခုနစ်စဉ်ကြယ်စာပေ
၀၉-၇၃၀၅၁၆၆၄၊ ၀၉-၉၇၆၃၂၈၀၂၅

၈၉၅ . ၈၃
မိန်းကလေး၊
ရင်ခုန် Message / မိန်းကလေး။ - ရန်ကုန်။
ရွှေဟသာစာပေ၊ ၂၀၁၅။
၂၆၄ - စာ၊ ၁၂ x ၁၈ စင်တီ။
(၁) ရင်ခုန် Message

## အခန်း (၁)

"အို"

သူ့အကြည့်စူးစူးနဲ့၊ ရံရံ့ကို စိုက်ကြည့်နေတာက မျက်တောင်မခတ် ဘာမခတ်နဲ့။ အသက်ရှူဖို့ မေ့နေသလားပဲ။

"ကြည့်ဦးလေ"

စိုက်စိုက်လေးကြည့်နေသည်က သည်းရင်လှုပ်မှုယ်။

ထိုအကြည့်နဲ့ သုံးကြိမ်မက ဆုံရတော့၊ ငြိမ်သက်နေတဲ့ [illegible]စိတ်ကလေးက လေတိုးလို့လှုပ်တဲ့ သစ်ရွက်ကလေးလို လှုပ်လှဲ့သွား [illegible]

ထို့ပြင် ...



www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှားမှုတွေပါ ဂနာမငြိမ်ဖြစ်ကာ။

နှုတ်ခမ်းဆေးဆိုးပေးဖို့ကိုင်ထားတဲ့၊ ရုံရုံ့လက်ထဲက စုတ်တံလေးက မော်ဒန်မလေးနှုတ်ခမ်းပေါ်ရောက်ဖို့ လေးလံသွား၏။

ဒါပြင် ကိုင်ထားတဲ့စုတ်တံက ရှုံ့ဒိုးဘူးထဲ နှစ်လိုနှစ်နဲ့ ဗျာများသွား၏။

"အဟက်"

ထိုအခါ ခေတ်တံခါး ဟက်ခနဲ ရယ်၏။ ထိုရယ်သံနောက်မှာ ရုံရုံခေါ် ပတ္တမြားရုံက မျက်စောင်းထိုး၏။

ရုံရုံ့မျက်စောင်းနောက်မှာ ခေတ်တံခါးက သဘောကျစွာ ပခုံးလေး ပင့်ပြ၏။

"ကျွတ် သွား"

"ဘယ်ကိုသွားရမှာလဲဟင်"

မိတ်ကပ်အလိမ်းခံနေတဲ့ မော်ဒန်မလေးမေးလျှင် –

"အို"

ရုံရုံ မျက်နှာလေး ရဲမှည့်သွား၏။ ရုံရုံပြောတာက ခေတ်တံခါးကို။ မော်ဒန်မလေးက သူမကို ပြောတယ် ထင်ပုံရသည်။ ထိုသို့ ပြန်မေးကာမှ ရုံရုံ ရှက်စနိုး ဖြစ်သွား၏။

"ဆော ဆောရီး မပန်ပန်၊ ဆောရီး။ ရုံရုံက ခေတ် တံခါးကို ပြောတာ"





"တံခါးကို ဟုတ်လား။ တံခါး ဘယ်မှာလဲ"

"ဟိုမှာ"

"ဟင် ဟုတ်လား"

ပန်ပန်က စိတ်ဝင်တစား လှည့်ကြည့်၏။

ခေတ်တံခါးက အလှပြင်ခန်းတံခါးဝမှာ ပခုံးလေးမှီပြီး ရပ်နေတာက မော်ဒန်ဘွိုင်းများ ကိုယ်ဟန်ပြနေသလို စမတ်ကျနေ၏။ ထို့ကြောင့် တံခါးကို ပန်ပန် စိတ်ကညွတ်နေသလားပဲ။

"ကြည့်စမ်း တံခါး ရောက်နေတာတောင် အသိမပေးဘူး"

"ဆော ဆောရီး ပန်ပန်၊ ပန်ပန်အလှပြင်တာ အနှောင့်အယှက် ဖြစ်သွားမှာစိုးလို့"

"ဖြစ်ရလား။ လာ ဒီရှေ့ကိုလာ၊ ရုံရုံပြင်ပေးနေတာ ဘယ်နေရာလိုလဲ သေချာကြည့်လေ"

ပန်ပန်က ပြောဆိုရုံနဲ့ အားမရပါ။ ထိုင်နေရာမှ ထ၍ ခေတ်တံခါးကိုဆွဲ၍ သူမရှေ့တည့်တည့်မှာ ရပ်ကြည့်စေသည်။

ခေတ်တံခါး ကြာမြွေမပျက် ရပ်ကြည့်နေရတာက ပန်ပန် စိတ်မဆိုးစေဖို့။

"ဟုတ်သားပဲ၊ ရှင်ကြည့်ရမှာ ပန်ပန့်ကို"

ရုံရုံ ဝင်ပြောလိုက်တော့ ခေတ်တံခါးမျက်နှာလေး တည်သွား၏။ ပန်ပန်က သဘောကျသော်လည်း စစ်ဆေးသလိုမေး၏။



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ တံခါးက ဘယ်ကိုကြည့်နေတာလဲ"

"ဟို ဘယ်မှမကြည့်ပါဘူး။ ရုံရုံ့လက်ထဲက စုတ်တံကို။ ပြီးတော့ ပန်ပန့်နှုတ်ခမ်းပေါ် ဘယ်လိုဆေးရောင်တင်မလဲလို့ ကြည့်နေတာ။ ဟုတ်တယ်နော် ရုံရုံ"

ခေတ်တံခါး ကမန်းကတန်းဝင်ပြောရင်း ရုံရုံ့ကို မျက်စိတစ်ဖက် မှိတ်ပြ၏။ ရုံရုံလည်း အလိုက်သိစွာ။

"ဟုတ်တယ် ပန်ပန်ရဲ့"

"အဲဒါဆို ကြည့်ပါစေလေ။ ရုံရုံက ဘာလို့ တံခါးကို သွားလို့နှင်ရတာလဲ"

"အဲ ဆော ဆောရီး။ ပန်ပန့်ကိုအားနာလို့"

"အို အားနာစရာမလိုဘူး။ ကြည့်ပါစေ။ ကဲ တံခါး စိတ်ကြိုက်ကြည့်။ ရုံရုံရေ ပန်ပန့်နှုတ်ခမ်းကို ဆေးဆိုးပေးတော့။ ပန်ပန်ဝတ်ထားတဲ့ ဖက်ရှင်နဲ့လိုက်အောင် ပုံဖော်ပြီးဆိုးပေး"

"အိုကေ ပန့်သဘော"

ပန်ပန့်အလိုကျပြောရင်း ခေတ်တံခါးကို ရုံရုံ မသိမသာ မျက်စောင်းချိတ်လိုက်၏။

ခေတ်တံခါးက နှုတ်ခမ်းလေး တွန့်ပြ၏။

ကျွတ်။

အဲဒီခေတ်တံခါးကလေ နည်းနည်းမှ အလိုက်မသိဘူး။





တကယ်ဆို ပန်ပန့်ကို ကြည့်ရမှာလေ။

ရုံရုံကိုကြည့်နေတာက အကြောင်းမဟုတ်ဘူး။

တော်ကြာ မော်ဒန်မလေး ရိပ်မိသွားရင် ခက်သွားလား။ ပြီးတော့ ဗျူတီပါလာက ရုံရုံအလုပ်ကလေး ထိခိုက်နိုင်သည်လေ။

ဘာဖြစ်လို့လဲဆိုတော့ ဒီဗျူတီပါလာပိုင်ရှင် မကိုကိုက ပန်ပန်တို့လို မော်ဒန်မလေးတွေကို ချိတ်ဆက်၍ မိတ်ကပ်လိမ်းပေးရင်း သူမရဲ့ဗျူတီပါလာ နာမည်ကြီးဖို့ အားယူနေတာလေ။

ဒါကြောင့် ပန်ပန်တို့လို မော်ဒန်မလေးတွေ စိတ်အနှောင့်အယှက်မဖြစ်စေဖို့ ရုံရုံ အလေးထားရမည်။

ထိုသို့ အလေးထားရတာမှာကလည်း အကြောင်းမဲ့မဟုတ်ပါ။ ရုံရုံက မကိုကိုကို အားကိုးနေရသလို ရုံရုံကိုယ်တိုင်လည်း အလှပြင်ခြင်း အတတ်ပညာကို အဆင့်မြင့်မြင့် တတ်မြောက်လိုသည်။

လောလောဆယ် မကိုကိုက ရုံရုံရဲ့ကျေးဇူးရှင်။ ခေတ်တံခါးက။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဟိုင်း ဒယ်ဒီ"

ခရီးကပြန်လာတဲ့ ဒယ်ဒီ ကားပေါ်က ဆင်းရုံရှိသေးသည် ပန်ပန် အားရဝမ်းသာ ပွေ့ဖက်၍ ကြိုဆိုလိုက်၏။ ဒယ်ဒီကလည်း အားအပြည့်ဖြင့် ကြည်ရွှင်စွာ ပြန်ဖက်ပြီး –

"ဟိုင်း ဘေဘီ၊ ဘေဘီ့ကို ဒယ်ဒီ လွမ်းနေရတာကွ"

"ဟွန်း အပိုတွေ"

"တကယ်ပြောတာ"

"ဟွန်း ပိုလွန်းပြီး"

"ဘာဖြစ်လို့"





"ဒယ်ဒီ သွားတုန်းက တစ်ပတ်တည်းလို့ပြောတာ။ အခု ပြန်လာတဲ့ရက်ကိုတွက်ရင် ဆယ့်တစ်ရက်တိတိဖြစ်နေပြီး ဒယ်ဒီ"

"ဟား ဟား ဟား"

ဒယ်ဒီက သဘောတကျ ရယ်မောရင်း သမီးလေးကို ချစ်မဝ စွာ ပွေ့မိပြန်သည်။

"သမီးကတော့ တကယ့်အဆိုးလေးပဲ။ ရက်တွက်တာ မှန်လှ ချည်လား"

"မှန်မှာပေါ့၊ ဒယ်ဒီက ပြောတဲ့အတိုင်း မဟုတ်ဘူး"

"ဟုတ်ပါတယ် ဘေဘီရယ်၊ အလုပ်ကိစ္စမပြတ်တာနဲ့ ရက်ကြာသွားတာ။ အဲဒီအတွက် သမီးလေး စိတ်မဆိုးပါနဲ့"

"ဟွန်း ဆိုးချင်တယ် ဒယ်ဒီရဲ့"

ပုလဲပန်ပန်က ဒယ်ဒီ့လက်မောင်းလေးကို ခိုတွဲရင်း စိတ်ဆိုး ချင်ဟန်ပြုလိုက်သည်။

ဦးဝေလုခေါင်က စိတ်ဆိုးနေတဲ့ သမီးဖြစ်သူရဲ့ ချစ်စဖွယ် အမူအရာလေးကို မျက်တောင်မခတ်တမ်း ကြည့်ရင်း –

"မဆိုးပါနဲ့ ဘေဘီရယ်၊ ဘေလီလေး စိတ်ဆိုးနေမှာသိလို့ ဘေဘီစိတ်ဝင်စားမယ့် လက်ဆောင် ရှာယူခဲ့တယ်"

"ဟင် ပန် စိတ်ဝင်စားမယ့်လက်ဆောင်"

"ဟုတ်တယ် ဘေဘီရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးဝေလှခေါင် ပြုံး၍ ခေါင်းညိတ်တော့ ပန်ပန် ဝို၍ စိတ်ဝင်စားသွားသည်။ ထိုအခါ ပန်ပန့်မျက်လုံးအစုံ တောက်ပသွားကာ–

"ဘာလက်ဆောင်လဲဟင်"

"ဒီမှာလေ"

ဦးဝေလှခေါင်က သူ့နောက်မှာရပ်နေတဲ့ လူရွယ်ပခုံးကို ပုတ်ပြလိုက်သည်။

"ဟင် သူက ပန်ပန့်အတွက်လက်ဆောင်၊ ဟုတ် ဟုတ်လား ဒယ်ဒီ"

ပန် မယုံနိုင်အောင် အံ့သြသွားသည်။ ကားပေါ်က ဒယ်ဒီ ဦးစွာဆင်းလာကတည်းက ပန်က ဒယ်ဒီကိုကြိုဆိုရင်း စကားတွေ များနေတာလေ။

ဒယ်ဒီနဲ့အတူ တစ်စုံတစ်ယောက်ပါလာမှန်း ပန် မသိပါ။

ထိုလူရွယ်ပခုံးလေးကို ဒယ်ဒီပုတ်ပြမှ ပန်ပန် တအံ့တသြဖြစ်ကာ။ စိတ်ဝင်စားစွာ တောက်ပနေတဲ့ ပန်ပန့်မျက်လုံးက ဒယ်ဒီယူလာတဲ့ ထိုလက်ဆောင်ကို ချက်ချင်းသဘောကျသွားသည်။

"တ တကယ်"

"တကယ်ပေါ့"

သူက ပန်ပန့်ကို ပြုံး၍ကြည့်ကာ အသိအမှတ်ပြုစေလိုသော





ဟန်လေးနှင့်အတူ ရှိရှိကျိုးကျိုး ဖြစ်နေသည်။

"နာမည်ဘာလဲ ဒယ်ဒီ"

ပန် စိတ်ဝင်တစားမေးလိုက်တော့ ဒယ်ဒီက သူ့မကိုရော သူ့ကိုရော ပခုံးလေးဖက်ပြီး ပြောသည်။

"နာမည်က ခေတ်တံခါး"

"ဟာ မိုက်လှချည်လား။ နာမည်က ခေတ်တံခါး ဟုတ်လား"

"တံခါး ခေါ်လို့ရပါတယ် ပန်ပန်"

ဒယ်ဒီ့စကားနောက်မှာ သူက ဝင်ပြောခြင်း။ ပန်ပန် သဘောကျလွန်းလို့ မျက်ခုံးလှလှနှစ်သွယ်ကို ပင့်ကြွလိုက်ပြီး –

"တံခါးဟုတ်လား"

"ဟုတ်လား။ ခင်မင်ရင်းနှီးတဲ့သူတိုင်းက တံခါးလို့ ခေါ်ကြတယ်"

"ကြိုက်သွားပြီ"

"ဘာကိုလဲ"

ဒယ်ဒီက မျက်လုံးအပြုံးသားဖြင့် မေး၏။ သူမက ပခုံးပေါ်က ဒယ်ဒီ့လက်ကို ဖယ်ချရင်း သူ့ဘက်ရွှေ့သွားပြီး ပြောသည်။

"တံခါးဆိုတဲ့ နာမည်ကိုပေါ့ ဒယ်ဒီရဲ့"

"ကျေးဇူးတင်တယ် သမီးရယ်"

"မလိုပါဘူး ဒယ်ဒီရဲ့။ ဒယ်ဒီက သမီးလိုချင်တဲ့လက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



လေး ယူလာပေးတဲ့အတွက် ဒယ်ဒီ့ကိုပို့ပြီးကျေးဇူးတင်ရမှာ''

"ဒယ်ဒီ့ကို ကျေးဇူးတင်စရာ မလိုပါဘူး"

"ဘာဖြစ်လို့လဲ ဒယ်ဒီရဲ့"

"ဒယ်ဒီက အလုပ်ကိစ္စတွေနဲ့ အပြင်မှာ အချိန်ကုန်တာများနေတယ်။ အဲဒီအတွက် ဘေဘီလေးကို စောင့်ရှောက်ဖို့အချိန် နည်းနေတယ် မဟုတ်လား"

"ဟုတ်"

ဒါကိုတော့ ပန်ပန် ခေါင်းညိတ်ထောက်ခံရသည်။ တကယ်လည်း ဟုတ်နေသည်လေ။ ဒယ်ဒီက ခရီးထွက်တာများနေတော့ ပန်က တစ်ယောက်တည်းရယ်။

ပန်ပန့်တစ်ကိုယ်တည်းမို့ ခြောက်သွေ့ကာ အထီးကျန်ဆန်လှသည်။ ဒယ်ဒီမရှိတုန်း သူငယ်ချင်းတွေချည်း အချိန်ဖြုန်းနေရပေမယ့် ပန်ပန် ပျော်လှသည်မဟုတ်ပါ။

ပန်ပန့်အနားမှာ ဒယ်ဒီရှိနေခြင်းက ပန်ပန့်ရဲ့ဘဝကို ပျော်ရွှင်စေသည်၊ ဒါ့ပြင် ခွန်အားဖြစ်ရသည်။ ဒါကြောင့် ဒယ်ဒီခရီးထွက်တိုင်း ပန့်မှာ စိတ်ကောက်ရ၊ ဂျီကျရ၊ ပြန်လာရင် လက်ဆောင် တစ်ပွေ့တစ်ပိုက်ပေးပြီး ချော့ရနဲ့။

ခုတော့ -

"အဲဒါကြောင့်မို့ ဘေဘီ့ကို အနီးကပ်စောင့်ရှောက်ဖို့ရယ်၊





အဖော်ရအောင်ရယ်အတွက် ယုံကြည်စိတ်ချရသူကို ဒယ်ဒီ ရွေးခေါ်ခဲ့တာ"

"အို ဒါကြောင့် ဒယ်ဒီ့ကို ချစ်ရတာပေါ့။ ဒါနဲ့ သူက ဘယ်ကလဲဟင်"

ပန်ပန် စိတ်ဝင်တစားမေးလိုက်တော့ ဒယ်ဒီနဲ့သူ ပြုံး၍ ပန်ပန့်ကို ပြိုင်တူကြည့်ပြီး ပြောမလို့ပြင်သည်။

ထိုစဉ် -

"ဟဲ့ ဟဲ့ ရောက်နေပြီး ခုချိန်ထိ တိုက်ထဲမဝင်ကြသေးဘူး။ ဆင်ဝင်အောက်မှာ မတ်တတ်ရပ်ပြောနေကြတာ မပြီးနိုင်တော့ဘူး။ တကတည်း ဝင်ကြစမ်း"

ဒယ်ဒီရဲ့အစ်မကြီး ဒေါ်ဝေလှချို တဖျစ်တောက်တောက် ပြောရင်း ပန်ပန့်ကို ဆွဲခေါ်လေသည်။

"ဟွန်း အန်တီကြီးကလည်း"

"ဟဲ့ ညည်းလေးကြောင့် ငါ့မောင် ခရီးကပြန်လာတာနဲ့ မနားရသေးဘူး။ ဟိုသူငယ်လည်း အားနာဦး။ ညည်းလေးသိချင်တာ နောက်တော့မေး။ ကဲ မောင်လေးခေါင် နားတော့၊ ဟိုသူငယ်လည်း နား။ လာ ပန်ပန်"

အန်တီကြီးက ဒီတိုက်ပေါ်မှာ ဩဇာကြီးသူပီပီ ပြောဆိုရင်း ပန်ပန့်ကို ဆွဲခေါ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီကလည်း ဘာမှ မတတ်နိုင်စွာ။

"ကဲ သမီးသိချင်တာတွေ နောက်မှပဲ မောင်တခါးကိုမေးပေ တော့။ ခေတ်တခါးလည်း သမီးသိချင်တာတွေ အချိန်ယူပြီးပြော ဟုတ်ပြီလား"

ဒယ်ဒီက တခါးနဲ့သူမကို တစ်လှည့်စီ ပြောရင်း အန်တီကြီး အမိန့်ကိုနာခံကာ -

ပန်ပန် ခေါင်းမညိတ်ရသေးခင် -

"ဒယ်ဒီနားတော့မယ် ဘေဘီ"

ဒယ်ဒီပြောပြီး ဧည့်ခန်းကိုဖြတ်ကာ ဒယ်ဒီ့အခန်းဆီ ဦးတည် သွားလေသည်။ ထိုအခါ ပန်ပန်က တခါးကို မျက်လုံးလေးဝင့်ကြည့်၍

"တခါး ရှင်လည်း နားလိုက်တော့"

ပန်ပန်က အန်တီကြီးအလိုကျအောင် ထိုသို့ပြောလိုက်တော့ တခါး ဝမ်းသာသွား၏။

အန်တီကြီးပြောဆိုရင်း ခေတ်တခါးကို ခေါ်သွား၏။

ပန့်အတွက် ဒယ်ဒီယူလာပေးတဲ့ လက်ဆောင်လေးကို မြင်မြင်ချင်း ပန်ပန် သဘောကျလေပြီ။

ထိုအခါ။

✿ ✿ ✿



## အခန်း (၃)

ဂီတသံစဉ်တို့က မြူးမြူးလေး မြိုင်ကာ။

လက်ချင်းချိတ်၍ စုံတွဲလျှောက်လာနေတဲ့ဟန်က ချစ်စဖွယ် ကောင်းသလို ဆွဲဆောင်မှုလည်း ရှိနေသည်။

မီးဆလိုက် ဖြာခနဲ ထိုးချလိုက်လျှင် မော်ဒန်ဂဲလ်းပန်ပန်နှင့် မော်ဒန်ဘွိုင်း လင်းလက်တို့အပေါ် လင်းဖြာသွားတဲ့အခါ ပရိသတ် များ၏လက်ခုပ်သံများ မြိုင်သွား၏။

မင်္ဂလာဝတ်စုံ show ပွဲမို့ ဒီပွဲလေးက စည်ကားနေသည်။ ရုံရဲ့စိတ်ထဲမှာ မော်ဒန်စုံတွဲတွေထဲမှာ ပန်ပန်တို့အတွဲက အထင်ရှားဆုံး ဖြစ်သည်။ ဒါပြင် စိတ်ဝင်စားစရာအကောင်းဆုံးဖြစ်သလို လိုက်ဖက်မှု



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိ၏။

"ပန်ပန် ရှိုးလျှောက်တာ သိပ်ပီပြင်တာပဲနော်"

ရုံရုံ တိုးတိုးလေး ပြောလိုက်မိသည်။

ရုံရုံ့ဘေးမှာထိုင်နေတဲ့ တံခါးက ရုံရုံ့ကိုပဲ ပြုံးပြုံးကြီး စိုက်ကြည့်လျက်။

"တံခါး"

"ဘာလဲဟာ"

"ဟဲ့ ရုံရုံ ပြောနေတယ်လေ။ ပန်ပန် သရုပ်ပြတာ သိပ်ပီပြင်တယ်လို့"

"ဟုတ်လား"

"အဲ ရှင် ကြည့်မနေဘူးလား"

"ဟင့်အင်း"

"ဘာဖြစ်လို့"

"ရုံရုံ့ကိုကြည့်နေလို့"

"ဘုရားရေ"

ရုံရုံရဲ့ ဘုရားတသံလေးကျယ်ထွက်သွား၏။ တံခါးက သဘောတကျ ရယ်မောလျက်။

"ဘုရားချည်း သ,မနေနဲ့"

"ဟဲ့ မသရစရာလား။ ဟိုမှာ show ပွဲကိုမကြည့်ဘဲ ရုံ့ကိုပဲ





ဘာလို့ကြည့်နေရတာလဲ"

"ရုံ့အလှက ပိုပြီး ဆွဲဆောင်နိုင်လို့"

"အလိုလေ"

ရုံရုံ နှုတ်ခမ်းလေးဆူကာ ခေတ်တံခါးဘက် လှည့်လိုက်သည်။ ခေတ်တံခါးက ပခုံးလေးပင့်၍ –

"ဟုတ်တယ် ရုံ့ ရုံက ဆွဲဆောင်မှုရှိရှိလှတာ။ ဟန်မူရာလေး လှုပ်ရှားပြနေတဲ့ပန်က အလုပ်ကိစ္စ သရုပ်ပြနေတာ။ အဲဒီသရုပ်ပြစွမ်းရည်က ရုံ့လို သဘာဝအတိုင်း ရှိနေတဲ့ ဆွဲဆောင်မှုနဲ့ မတူဘူး"

"ဟွန်း တံခါးနော်"

"တကယ်ပြောတာ"

"မပြောနဲ့"

"ဘာဖြစ်လို့"

"ပန် ကြားသွားလို့ စိတ်ဆိုးနေဦးမယ်"

"ပန်မှမကြားတာ"

"လူလည်"

ရုံရုံ မျက်စောင်းလှလှ ထိုးလိုက်တော့ ခေတ်တံခါး ရယ်မောပြန်သည်။

"မလည်ပါဘူး။ ပန်မရှိတုန်း ရုံရုံ ကြားအောင် တိုးတိုးလေး ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



ရံရံက ကျေနပ်သွားပေမယ့် ရံ့ဘဝအခြေအနေကို ရံ သိတာမို့ မျက်နှာလေးတည်လိုက်ပြီး –

"မပြောပါနဲ့ တံခါးရယ်"

"ဘာဖြစ်လို့"

"မတော်တဆ တစ်ယောက်ယောက်က ပန့်ကို သွားပြောလို့ ပန်သိသွားရင် ပြဿနာတက်လိမ့်မယ်။ နောက်ပြီး ပန်က မကိကိကို ပြောလိုက်ရင် မကိကိက ရံရံ့ကို ငြိုငြင်နေလိမ့်မယ်၊ မကိကိ ငြိုငြင်သွားရင် ပန် နေရထိုင်ရ အဆင်မပြေဖြစ်ကုန်မယ်၊ ဒါကြောင့်ပါ"

ခေတ်တံခါး သက်မလေးချကာ ပတ္တမြားရံရဲ့ ဘဝအခြေအနေအတွက် နားလည်မှုရှိရှိ ခေါင်းလေးညိတ်ရလေသည်။

"ဟုတ်ပါပြီ ရံ့သဘောပါ"

ထိုအခါ ပတ္တမြားရံက၊ ကျေကျေနပ်နပ်လေး ပြုံးမိသွားသည်။

"ဒါနဲ့ ရံ"

"ပြောလေ တံခါး"

"ပန်တို့ပွဲက နောက်တစ်နာရီလောက်ကြာဦးမှာ"

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လဲ"

"ဗိုက်ဆာလို့ တစ်ခုခုထွက်စားရအောင်လား"

"တံခါး သွားချင်သွားလေ"

"ရံလည်း လိုက်ခဲ့။ ကိုယ် ဝယ်ကျွေးမယ်"





"အဲ့မယ် ရံ့ဘာရံ ဝယ်စားနိုင်ပါတယ် တံခါးရယ်။ တံခါးဆာရင် တံခါးဘာသာ သွားလေ"

"ရံပါတော့ အဖော်ရတယ်လေ။ လာပါ ရံရံရာ"

ခေတ်တံခါးက ပြောရင်းဆိုရင်း အားမရနိုင်ဖြစ်ကာ လက်ဖဝါးလေးကို ဆွဲ၍ ရံရံ့ကို ထစေသည်။

ရံရံလည်း အားနာလှသည်မို့။

"ပေးပါ၊ ရှင် ရှေ့ကသွား။ ရံရံ အခြေအနေကြည့်ပြီး ထွက်ခဲ့မယ်။ မကိကိက ဟိုရှေ့ကနေ ရံရံ့ကို လှည့်ကြည့်သေးတယ်။ မကိကိကို ပြောပြီး ရံ ထွက်ခဲ့မယ် ဟုတ်ပြီလား"

"အင်း"

ခေတ်တံခါး ခေါင်းညိတ်ရင်း ရှေ့ကထွက်သွားသည်။ ရံရံက မကိဆီသွားပြီး ခွင့်တောင်းရသေးသည်။

ဘာဖြစ်လို့လဲဆိုတော့ မကိ ခွင့်ပြုချက်မရဘဲ ရံရံ ဘာမှ မလုပ်ချင်ဘူးလေ။

အဲဒီအတွက် ရံရံကို နားလည်ပေးနိုင်မယ် ထင်တယ်။

ဟုတ်တယ်နော် တံခါး။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"အဟင်း ဟင့် ဟင့်"

"ဟွန်း ဘေဘီလေး၊ တစ်ယောက်တည်းထိုင်ပြီး ဘာတွေတွေးပြီး ပြုံးနေတာလဲ"

မေးသံနဲ့အတူ ပန်ပန့်အနား စူးစမ်းသလို ရောက်လာတဲ့ ဒယ်ဒီ၊ ပန်ပန့်မျက်နှာလေးပြုံးကာ ဒယ်ဒီကို မော့ကြည့်ရင်း –

"ဒီလိုပဲပေါ့ ဒယ်ဒီရဲ့"

"ဒယ်ဒီ သိခွင့်ရမလား"

"ဟင့်အင်း"

ရှင်ပြုံးနေဆဲမျက်နှာလေးနဲ့ ပန်ပန် ခေါင်းလေးရမ်း၏။





ထိုအခါ ဦးဝေလှခေါင်က သဘောကျကာ သမီးလေးကို ပြုံးပြုံးချည်း စိုက်ကြည့်၍ –

"အင်း ဒယ်ဒီသိခွင့်မရှိဘူးဆိုတော့ မေးမိသွားတာ ဆောရီးပါ ဘေဘီရယ်၊ ဘေဘီ ဆက်တွေး၊ ဒယ်ဒီ သွားဦးမယ်၊ ညစာစားပွဲတစ်ခု ရှိလို့"

"သွားလေ ဒယ်ဒီ"

"အိုကေ"

"Thank you ပါ ဒယ်ဒီ"

ပုလဲပန်ပန်ပြောလိုက်တော့ ဒယ်ဒီက ခေါင်းလေး တညိတ်ညိတ်နှင့် ထွက်သွား၏၊ ဒယ်ဒီ့ကားကို ဒယ်ဒီ့ကိုယ်စား မောင်းပေးတဲ့ ခေတ်တံခါးကို ပန်ပန် အမြင်တဆုံး ငေးကြည့်နေလိုက်သည်။

ဟုတ်တယ်လေ။

ပန်ပန့်အတွေးထဲမှာ ရှင်ပြုံးရတာ တံခါးကြောင့်လေ။

အင်း တံခါး တံခါး။

အရပ်က ပန်ပန့်ထက် ခြောက်လက်မတိတိ ပိုမြင့်၏၊ ငါးပေ သုံးလက်မရှိတဲ့ ပန်ပန်က တံခါးကို မော့မော့ကြည့်နေရသည်။

ပန်နဲ့ အရွယ်တူသလို အရပ်ကြီးမြင့်တဲ့ တံခါးကို ပန်ပန့် သဘောကျမဆုံးပါ။

ပြီးတော့ လက်မောင်းကြွက်သားစုတွေက ယောကျ်ားပီသတဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ချာ။ မော်ဒန်ဘွိုင်း လင်းလက်တို့လို အလှအပပြင်ဆင်မထားဘဲ လည်း ဆွဲဆောင်မှုရှိသည်။

အရည်ကြည်လဲ့နေတဲ့ တံခါးရဲ့ ဗန်ဒါစေ့မျက်ဝန်းအိမ်က ပန့်အာရုံကို အကျဆုံးပဲ။ မျက်တောင် တိုစိပ်စိပ်လေးတွေကလည်း ကော့ကော့လေးတွေမို့ မျက်လုံးက ပိုလှ၏။

နှာတံက ကျစ်၍ လုံးချွန်ကား။

နှုတ်ခမ်းနှစ်လွှာက ပိရိ၏။ သွားတန်းလေးတွေက ညီညီညာ ညာမဟုတ်ပေမယ့် အပေါ်သွားထောင့်စွန်းနားက သွားတစ်ချောင်း နိမ့်နေတာက တံခါးရယ်လိုက်တိုင်း ပေါ်ပေါ်နေသည်မှာ တစ်မျိုးကြည့် ကောင်း၏။

လင်းလက်ရဲ့ သွားစွယ်အလှတောင် တံခါးရဲ့ နိမ့်နေတဲ့ သွားအလှကိုမမီ။

မေးဖျားချွန်သွယ်သွယ်၊ မျက်နှာကျပုံက ယောက်ျားပီပီသသ ဟန်မျိုး။ လမ်းလျှောက်ဟန်က ရင်အုံကို မတ်မတ်ထား၍ ခါးကို ဖြောင့်ပြီး လျှောက်တတ်တဲ့ သူ့နဂိုလမ်းလျှောက်ဟန်က ဘယ်မော်ဒန် ဘွိုင်းရဲ့ဟန် မျိုးနဲ့မှမတူ။

ဒါကြောင့် ပန်ပန်ရဲ့သူငယ်ချင်း မော်ဒန်ကောင်လေးများကြား မှာ တံခါးက ထင်ရှားပေါ်လွင်ကာ ရုပ်ထွက်ကောင်းနေသည်။

"ပန် ပန့်ဘော်ဒီဂတ်ကို မော်ဒန်ဘွိုင်း လုပ်နိုင်းပါလား"





ပန်ပန့်သူငယ်ချင်း မော်ဒန်မလေးစနိုးနိုက သွေးတိုးစမ်းသလို ပြောဖူးသည်။ ပန်က ချက်ချင်းခေါင်းခါ၍ –

"ဟင့်အင်း၊ ပန်က မော်ဒန်ဘွိုင်းလုပ်တာကို သဘောမကျ ဘူး။ တံခါးရဲ့ အော်ရီဂျင်နယ်ဟန်ကိုပဲ သဘောကျတာ"

"နမြောစရာချည်းဟ"

"အံမယ် နနော်။ ရှင်က ဘာကိုနှမြောနေရတာလဲ"

"တံခါး မော်ဒန်ဘွိုင်းလုပ်တော့ နတို့နဲ့လည်း တွဲရတာပေါ့"

"အံမယ် ကောင်မတွေ။ ပန့်တံခါးကို မျက်စိကျနေကြတယ် ပေါ့လေ"

"နတင်မကဘူး ဒေဝီစိုးစိုးတို့လည်း မျက်စပစ်နေကြတယ် ပန်ရဲ့"

"မျက်စပစ်တဲ့သူ မျက်စိကျိုးမယ်လို့ သတိပေးလိုက်ဦး စနိုး နရဲ့"

"ဘာဖြစ်လို့"

"ဟဲ့ သေချာမှတ်ထား။ တံခါးက ပန့်အတွက် သီးသန့်လက် ဆောင်ပစ္စည်းလေ၊ တကတည်း"

"ဆောရီးပါ သူငယ်ချင်းရယ်။ ဒါနဲ့ တံခါးအကြောင်းလေး ပြောပြဦး"

"ပြောပေါင်"



www.burmeseclassic.com

www.burmeseclassic.com



ပုလဲပန်ပန် မျက်နှာလေးမော့ခါရင်း စနိုးနုနဲ့ဧးရာကို ရှောင်ထွက်ခဲ့သည်။ အဲဒီစနိုးနုက ဒါပဲ ထပ်တလဲလဲ မေးနေသည် မဟုတ်လား။

ဟွန်း။ ဖြေစရာလား။

ဟုတ်တယ်လေ။

တံခါးက ပန့်ရဲ့တံခါး။

ဟုတ်တယ်။ ပန်ပန်ရဲ့ တံခါးစစ်စစ်။

တံခါးကြောင့် ပန်ပန် မျက်နှာပန်းပွင့်လှသည်။

ဒါ့ပြင် ပန်ပန်အတွေးတို့ မြူးနေသည်လေ ...။

✿ ✿ ✿

## အခန်း (၅)

"အန်ကယ်လည်း စိတ်မကောင်းဖြစ်မိပါတယ်ကွာ။ အန်ကယ့်လုပ်ငန်းတွေ အရှုံးပေးနေလို့ ရပ်လိုက်တာ။ အဲဒီအတွက် မောင်ခေတ်ကို အလုပ်ဖြုတ်သလို ဖြစ်သွားတာမျိုး"

"ကျွန်တော် နားလည်ပါတယ်"

ဦးမင်းမောင်က သက်မရှည်ကြီးချ၏။ သူ့စက်ရုံ အရှုံးပေါ်ရုံမက အကြွေးတွေလည်း ပတ်လည်ဝိုင်းသွားသည်မို့ လုပ်ငန်းလည်း ပတ်ရန် ဘယ်လိုမှမဖြစ်နိုင်တော့ပါ။

ဒါကြောင့် စက်ရုံလည်ပတ်မှုရပ်ဆိုင်းလိုက်လျှင် သူ့ အားကိုးရတဲ့ လူယုံတော် ခေတ်တံခါးလည်း အလုပ်လက်မဲ့ဖြစ်ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ခွင့်ပြုပါဦး အန်ကယ်"

ကျောပိုးအိတ်လေးလွယ်ပြီး နှုတ်ဆက်ထွက်သွားတဲ့ ခေတ်တံခါးကို ဦးမင်းမောင် တားမြစ်ဖို့ခွန်အားမဲ့ကျသွားသည်။

"အန်ကယ် လုပ်ငန်းသစ်လုပ်ဖို့ စိတ်ကူးတော့ရှိတယ်။ လုပ်ဖြစ်ရင် မောင်ခေတ်ကို အကြောင်းကြားပါ့မယ်ကွာ။ အားမငယ်ပါနဲ့။ လောလောဆယ် အလုပ်တစ်နေရာရှာကြည့်ဦး။ အခက်ခဲရှိလည်း ပြောကွာ။ အန်ကယ်နိုင်ရင် ကူညီပါ့မယ်"

ဦးမင်းမောင်ရဲ့ အားပေးစကားက လေးလေးလံလံ ပေါ်ထွက်လာသည်က သူ့ကို နှစ်သိမ့်ပေးတဲ့စကား ဖြစ်မှန်း သိသာနေသည်။

ဘာပဲဖြစ်ဖြစ် နှုတ်ဆက်ထွက်ခွာခဲ့ချိန်မှာ တစ်ယောက်နဲ့ တစ်ယောက် သံယောဇဉ်နဲ့ ပြောဆိုခဲ့ရတာက ကျေကောင်းလှသည်။

တကယ်ဆို ဦးမင်းမောင်မှာ သူ့လစာငွေက ငါးနှစ်စာမကပါ။ သူက တစ်ကိုယ်ရည်တကာယ ဖြစ်သလို အပိုလည်း သုံးစွဲစရာမရှိတော့မို့ စုဆောင်းတဲ့သဘောနဲ့ လစာမထုတ်ဘဲ ထားခဲ့ခြင်း။

တကယ်လည်း စက်ရုံကိစ္စတွေ အရှုံးပေါ်ပြီး အကြွေးတွေ ဝိုင်းသွားတာ သူ့အသိဆုံးမို့ သူ့လစာတွေ ပေးပါလို့ မတောင်းထွက်တော့ပါ။

တောင်းရင်လည်း ဦးမင်းမောင် ပေးနိုင်ဖွယ်မရှိပါ။

ဒါကြောင့် ခေတ်တံခါး မတောင်းတော့ဘဲ နှုတ်ဆက်ထွက်ခဲ့





ခြင်း ဖြစ်သည်။

လောလောဆယ်အလုပ်လုပ်မဲ့ ဖြစ်နေသည်မို့ ဘယ်သွားလို့ ဘယ်လာရမှန်းမသိ ဖြစ်ကာ။

ထိုအချိန် သူ့သူငယ်ချင်းကောင်းသာ ဖုန်းဆက်လာသည်။

"လာလည်ပါတဲ့"

"လာလည်မှာ မဟုတ်ဘူး။ မင်းဆီမှာနေဖို့ လာမယ်။ ရမလား။ အလုပ်လည်း ရှာရင်း"

"အိုကေ လာခဲ့လေ"

ဒါနဲ့ပဲ ကောင်းသာအလုပ်လုပ်နေတဲ့ ဖူးခက်ကမ်းခြေက ဟိုတယ်တစ်ခုသို့ ရောက်ခဲ့သည်။

မလုပ်မရသေးပေမယ့် ကောင်းသာရဲ့ ကောင်းမှုနဲ့ နေစရာ စားစရာ မပူပင်ရပါ။

ဒီလိုနဲ့ တစ်လလောက်ကြာတဲ့အခါမှာ ဦးမင်းမောင် ဆက်သွယ်လာသည်။

"မောင်ခေတ် အခု ဘယ်မှာလဲ"

"သူငယ်ချင်းအနားမှာ"

"အိုကေ မနက်ဖြန် ဖူးခက်ကဟိုတယ်ကို အန်ကယ်တို့ ရောက်မယ်"

"ဟို ဖူးခက်က ဟိုတယ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"အဲဒါဆိုတော့ အဆင်သင့်ပဲ။ ကျွန်တော်က အဲဒီဟိုတယ်မှာ ရှိနေတာပျ။ သူငယ်ချင်းက ဟိုတယ်ဝန်ထမ်း"

"အိုကေ၊ အဲဒါဆို မနက်ဖြန် ကိုးနာရီမှာဆုံကြမယ်"

"ဟုတ်ကဲ့ အန်ကယ်"

သူ အားရဝမ်းသာဖြစ်ရလေသည်။ ဘာပဲဖြစ်ဖြစ် သူ အလုပ်ပြန်ရနိုင်တဲ့ မျှော်လင့်ချက် မဟုတ်လား။

လောလောဆယ်မှာ ကောင်းသာတို့ဟိုတယ်သူဌေးကို အလုပ်ဝင်ဖို့ ပြောထားပေမယ့် လစ်လပ်ဝန်ထမ်းမရှိသေးတာမို့ ဟိုယောင်ယောင် ဒီယောင်ယောင်ဖြစ်နေခြင်း။

ထိုသို့ဖြစ်နေတာမို့ မြန်မာပြည်ပြန်ဖို့ စိတ်ကူးသေးသည်။ သူ့ဘဝ ရဲ့ ပွဲကိုင်ရှင် မေမေဆုံးသွားကတည်းက သူ ထိုင်းဘက် ထွက်ခဲ့တာ။

အမျိုးအဆွေတွေနဲ့လည်း ဝေးနေသည်။

ပြန်သွားဖို့က သူ့မှာ ဘာမှပါမသွားရင် အမျိုးတွေက အရေးလုပ်ကြမယ်မထင်။

ဒါကြောင့် ကောင်းသာနားမှာပဲ ကုတ်ကတ်နေခဲ့တာ။

ဟော ခုတော့ အလင်းရောင် ပြန်ပေါ်လာပြီးထင့်။

❖





"ဒါက ကိုယ်ပြောတဲ့ ခေတ်တံခါးဆိုတဲ့ သူငယ်"

ဦးမင်းမောင် မိတ်ဆက်ပေးလျှင် ဦးဝေလုခေါင်က သူ့ကို ခြေဆုံးခေါင်းဖျားကြည့်၏။

ကြည့်တာက သာမန်မဟုတ်။ စစ်ဆေးတဲ့သဘော။

ဦးဝေလုခေါင်စိတ်ထဲမှာ သဘောကျသလိုလိုရှိကာမှ ခေါင်းလေးဆတ်ပြီး -

"အင်း ကိုမင်းပြောတဲ့အတိုင်းပဲ။ ကိုမင်းလည်း မောင်ခေတ်ကို မေးကြည့်ဦး။ ကိုယ့်မှာ အလုပ်လုပ်ဖို့ စိတ်ဝင်စားသလားလို့"

"စိတ်ဝင်စားပါတယ် အန်ကယ်"

ဦးမင်းမောင်က သူ့ကို မျက်စနှင့်မေးလျှင် သူ ချက်ချင်းဖြေ လိုက်ခြင်းဖြစ်သည်။

ဦးဝေလုခေါင်က ခေါင်းတညိတ်ညိတ်နှဲ့။

"စိတ်ဝင်စားတယ်ဆိုရင် အန်ကယ်နဲ့ ရန်ကုန်လိုက်ရမယ်။ ဘယ်လိုလဲ"

"ရပါတယ် အန်ကယ်။ ကျွန်တော်လည်း ရန်ကုန်လွမ်းနေတာနဲ့ အတော်ပဲ"

"အဲဒါဆို ကောင်းပြီလေ၊ အန်ကယ် ကိစ္စလေးတွေ မပြတ်



www.burmeseclassic.com

www.burmeseclassic.com



သေးဘူး။ ကိစ္စပြတ်လို့ ပြန်ဖြစ်ရင် မောင်ခေတ်ကို ဖုန်းဆက်လိုက်မယ်''

''ဟုတ်ကဲ့ အန်ကယ်''

သူ ကျေကျေနပ်နပ် ခေါင်းညိတ်လက်ခံလိုက်လျှင် ဦးမင်းမောင်လည်း အားတက်သွား၏။

''အဲဒါဆိုရင်လည်း ကိုဝေလု ဒီမှာရှိနေသလောက် မောင်ခေတ်တခါးကို ခေါ်ထားလို့ရတယ်။ လိုအပ်ရင် ကိုဝေလုကို ကူညီလို့ရအောင်''

ဦးမင်းမောင်ပြောလျှင် ဦးဝေလုခေါင် ဗိုက်၌ သဘောကျသွားသည်။

''ဟုတ်သားပဲ၊ ကိုမင်းကလည်း အခြားကိစ္စတွေနဲ့ ကိုယ့်နောက် မလိုက်နိုင်ဘူးဆိုတော့ ဘယ်လိုလဲ မောင်ခေတ်။ အန်ကယ့်ကို ကူညီမလား''

''ရပါတယ် အန်ကယ်။ ခုလို ယုံယုံကြည်ကြည်နဲ့ ခေါ်တဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်''

''အိုကေ''

ဒီလိုနဲ့ ဦးဝေလုခေါင်ဆီမှာ သူက အလုပ်ရသွားသည်။

ထိုင်းကအလုပ်ကိစ္စတွေပြီးတော့ ဦးဝေလုခေါင် ရန်ကုန်မြန်လျှင် သူလည်း ဦးဝေလုခေါင်နဲ့အတူ သူ လိုက်ပါခဲ့ကာ။





ဒီလိုနဲ့။

အန်ကယ်တာဝန်ပေးတဲ့အတိုင်း ပုလဲပန်ပန်ရဲ့ ကိုယ်ရံတော်ဖြစ်လျက်။

ပန်ပန်ရဲ့ ကိုယ်ရံတော်အဖြစ်နဲ့ပဲ ပတ္တမြားရံရံနဲ့ ဆုံရသည်လေ။

အဲဒီအတွက် ကံကြမ္မာကို ကျေးဇူးတင်ရမလားပဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ရုံရုံရေ"

"ရှင် မကီ"

"ဒီနေ့ ဖောက်သည်အသစ်တွေလာမယ့်အစီအစဉ် ရှိတယ်"

"ဟုတ်ကဲ့ မကီ။ ရုံရုံ ဂရုစိုက်ပါ့မယ်"

"ဟဲ့ လာမှာက ဟိုကိစ္စအတွက်"

"ရှင်"

ရုံရုံ ပါးစပ်အဟောင်းသားလေးဖြစ်သွားသည်။ မကီကိက ရုံရုံ အံ့ဩသွားတာကို မနှစ်မြို့သလို စိုက်ကြည့်၍ –

"ဟဲ့ ဒါက ဘာဖြစ်သွားတာလဲ။ ပါးစပ်က တစ်လံလောက်





ဟသွားတာ"

"အော ဆောရီး မကီ"

ရုံရုံ ကမန်းကတန်းပြောရင်း ဣန္ဒြေဆယ်လိုက်ရသည်။ ရုံ့ မျက်နှာထားလေးကိုလည်း ပုံမှန်ဖြစ်အောင် ပြုပြင်လိုက်၏။

ဒီတော့မှ မကီ အကြည့်စူးစူးကပြယ်ကျကာ –

"ဆောရီး ပြောပြီး ကယောင်ကတမ်းပုံစံနဲ့ လျှောက်မလုပ်နဲ့။ အဲဒါလည်း မကီရဲ့လုပ်ငန်းပဲ။ အသစ်ဝင်ထားတဲ့သူတွေကို ကတ်သလောက်ထဲ ထည့်ထားဦး"

"ဟုတ်ကဲ့ မကီ၊ ရုံရုံ အခုပဲ လုပ်လိုက်ပါ့မယ်"

"အေး မေ့နေမှာစိုးလို့ သတိပေးနေရတာဟ"

"မမေ့ပါဘူး"

"ဒါဆို ပြီးရော။ မကီ အဲဒီကိစ္စတွေအတွက် တည်းခိုရိပ်သာ အသစ်တစ်ခုနဲ့ သွားချိတ်မယ်"

"ဟုတ်ကဲ့"

"ဒါဆို မကီသွားတော့မယ်"

ရုံရုံ ခေါင်းလေးညိတ်လိုက်တော့မှ မကီ ကျေကျေနပ်နပ် ထွက်သွား၏။ မကီထွက်သွားလျှင် တံခါးကို ရုံရုံ ကိုယ်တိုင်ပိတ်၍ အခန်းထဲ ပြန်ဝင်သည်။

ထို့နောက် ...



www.burmeseclassic.com

www.burmeseclassic.com



ခါတ်ပုံအယ်ဘမ်တွေ ပြင်ဆင်ရလေသည်။

မဂ္ဂိ ချဲ့ထွင်တဲ့လုပ်ငန်းက ရံရံ့စိတ်ကို မလုံမခြုံ ဖြစ်ရလေသည်။ ရံရံသာဆိုရင် ထိုလုပ်ငန်းကို လုပ်ဖြစ်မှာမဟုတ်ဘူး။

တကယ်ရယ်။

မဂ်ဂီက ဗျူတီပါလာ စဖွင့်ကတည်းက အကျိုးပေး သိပ်မကောင်းလှပါ။ ထို့နောက် မော်ဒန်တွေနဲ့ ချိတ်ဆက်ပြီး ထင်ပေါ်အောင်လုပ်၏။

ဒါလည်း ထင်သလိုဖြစ်မလာ။

အဲဒါနဲ့ ဘယ်ကဘယ်လို အကြံဉာဏ်ရသွားသည်မသိပါ။ မဂ်ဂီက ဗျူတီပါလာနဲ့တွဲလျက် အခန်းငယ်လေးတစ်ခန်း တိုးချဲ့၏။

ထိုအခန်းငယ်လေးမှာ ဓာတ်ပုံအယ်ဘမ်များထားကာ လူ့ရှော်ဖြေရေးလုပ်ငန်းလုပ်၏။ ထိုလုပ်ငန်းကလည်း အဆန်းသား။ ဖောက်သည်ယောက်ျားလေးတွေက ဓာတ်ပုံအယ်ဘမ်ထဲရှိနေတဲ့ မိန်းကလေးတွေထဲက စိတ်ကြိုက်ရွေး၏။

ရွေးပြီးရင် ကျသင့်ငွေရှင်းပြီး ထွက်သွားမည်။

ထိုမိန်းကလေးကို ရံရံက ဖုန်းဆက်ပေးရသည်။

ထိုအခါ အမျိုးသားနဲ့ ထိုမိန်းကလေးက မဂ်ဂီကြိုတင်စီစဉ်ထားတဲ့ ညေ့ရိပ်သာမှာ တွေ့ဆုံကြမည်။

တချို့ အမျိုးသမီးကြီးတွေဆို ကောင်ချောလေးတွေနဲ့ ထိုသို့





ဒိတ်လုပ်ကြ၏။

တချို့ကျားတွေက ကျားအချင်းချင်း။

ကျွတ်။

အဲဒီလုပ်ငန်းလုပ်တဲ့ မဂ်ဂီကို ရံရံ အားမပေးပါ။

ဒါပေမဲ့ ...

ရံရံက မဂ်ဂီရဲ့ဝန်ထမ်းမဟုတ်လား။ ပြီးတော့ ရံရံ့ဘဝရဲ့နေရေးစားရေးကို တာဝန်ယူထားတာလေ။

ဒီအလုပ်မလုပ်ချင်ဘူး ထွက်သွားရင် ဘယ်မှာအလုပ်ရမလဲ။ အလုပ်မဝင်ခင်စပ်ကြား ရံရံ့ ရပ်တည်ဖို့ ခက်ခဲတယ်လေ။

အဲသလို လုပ်ရင်ကော မဂ်ဂီအပေါ် ရံရံ မရိုးသားရာကျနေမလား။ ဒါလည်း တွေးရသေးသည်။

ဘာဖြစ်လို့လဲဆိုတော့ ရံရံ ဘဝအခြေအနေ သာမန်မိန်းကလေးလိုမျိုး ရှန်းရမလွတ်ပါ။

ပွင့်ပွင့်လင်းလင်းပြောရရင် ရံရံဘဝဖြစ်တည်မှုက စိတ်ပျက်စရာရယ်။

ထိုစိတ်ပျက်စရာဘဝကို မတွေးလိုပါ။

သို့သော်လည်း တစ်ခါတစ်ခါ တွေးမိသည်သာ။

ခုလည်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

"မရံရံ"

"ဟင် စုစု ပြော"

ရံရံက မင်္ဂလာဆောင်သွားမည့် customer တစ်ဦးကို မိတ်ကပ်လိမ်းပေးပြီး ဆံထုံးထုံးပေးနေချိန် ဖြစ်သည်။

အလုပ်လုပ်ရန် သီးခြားခေါ်ထားတဲ့ မင်္ဂလာရဲ့ဝန်ထမ်းကောင်မလေး စုစုက ရံရံ့အနားကပ်၍ တိုးတိုးပြောသည်။

ခုနက ခေါင်းလျှော်တဲ့အမျိုးသားကြီးက ဘောက်ချာရှင်းချင်လို့တဲ့။ အမူအရာနဲ့ပြော၏။

အင်း ဒီလောက်ဆိုတော့ ရံရံ သိနှင့်ပြီ။ ရံရံခေါင်းလေး





တဆတ်ဆတ်ညိတ်၍ ဆံထုံးထုံးပေးနေတာကို ခဏရပ်လိုက်ရသည်။

"ခဏလေးနော် မမ၊ ခဏလေး"

"ရပါတယ်"

ဆံထုံးထုံးခံတဲ့ ဖောက်သည်အစ်မကြီးက ကြည်ဖြူလို့ တော်သေးသည်။ တချို့ဖောက်သည်တွေက သူတို့စောင့်ရတာကို စိတ်မရှည်တတ်ပါ။ ပြီးစီးအောင် လုပ်ပေးမှကြိုက်သည်။

ခုတော့ ဒီအစ်မကြီး ကြည်ဖြူလို့သာပေါ့။

စုစုကလည်း အလိုက်သိ၏။ ရံရံ ဆံထုံးထုံးတာ ရပ်လိုက်တာနဲ့ ကတ်သလောက်အသစ်တစ်အုပ်ဆွဲပြီး ထိုကတ်သလောက်ထဲက ဆံပင် ပုံစံတွေကို ပြနေသည်။

ရံရံက လုစ်ခနဲထွက်ခဲ့ပြီး ထိုအမျိုးသားစောင့်နေတဲ့ အခန်းလေးထဲဝင်ပြီး ဘောက်ချာရေး၏။

အမှတ်စဉ် ၁၈ မိန်းကလေး။

ဘောက်ချာရေးပြီး ထိုလူကြီးလက်ထဲ ထည့်ပေးလိုက်သည်။ ဝဝခန့်ခန့် ထိုလူကလည်း ကျသင့်ငွေရှင်းပေး၏။

ပြီးတော့ ...

"ဒါနဲ့" ဟု စကားစ၏။

"ပြောပါ အန်ကယ်"

"ဟို စိတ်တော့မရှိပါနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ရပါတယ်"

"နံရံမှာကပ်ထားတဲ့ ဓာတ်ပုံရှင်က ဒီကတ်သလောက်ထဲ မပါဘူး။ ဘာဖြစ်လို့လဲ"

"ရှင်"

ရံရံ မျက်လုံးလေး ပြူးသွား၏။

နံရံမှာ ချိတ်ထားတဲ့ ဓာတ်ပုံကြီးက မကိရဲ့ဓာတ်ပုံလေ။ အနီသွေးရောင် ကိုယ်ကြပ်ဝတ်စုံနဲ့ ကိုယ်လုံးပေါ်ရိုက်ထားတဲ့ မကိပုံက မကိရဲ့အပြင်ကအရပ်နဲ့ ဟန်အချိုးအစားအတိုင်းရယ်။

မသိရင် မြူးမြူးသွက်သွက် မျက်နှာပေးလေးနဲ့ လမ်းလျှောက်နေတဲ့ဟန်က အသက်ဝင်လှသည် မဟုတ်လား။

ကနုတ်ပန်းရွှေရောင်နဲ့ ဘောင်ကွပ်ထားတာမို့ ပိုပြီး ရုပ်လုံးကြွနေတာ။

ဘုရားရေ။

ဒီလူကြီးက မကိကို မျက်စိကျနေတာလား။

"ဒီအမျိုးသမီးဓာတ်ပုံ ကတ်သလောက်ထဲမှာ မတွေ့လို့ မေးကြည့်တာပါ"

"အဲ အဲဒါ"

ရံရံ ပြောစကားလေးမဆုံးခင် ထိုလူပြော၏။

"အဲဒီလေဒီနဲ့ ချိတ်လို့ရရင် ချိတ်ပေးပါ။ ရော့ ဒီမှာ ကိုယ့်





ကတ်ယူထား။ သူလေးနဲ့ချိတ်ပေးရင် ဒီကညီမကိုလည်း ဘောက်ဆူး ပေးပါ့မယ်။ အိုကေနော်"

"အို ဘာဘောက်ဆူးမှ မလိုပါဘူး"

"ဘိုင်"

ရံရံ စကားမဆုံးခင် ထိုငနဲ ထွက်သွားလေသည်။ ရံရံ့မှာသာ မျက်နှာအပျက်အပျက်နဲ့ ဖြစ်သွားသည်။

ဘယ်လိုလုပ်ရမည်လဲ။

မကိသိလို့ကတော့ မိုးမီးလောင်မလားပဲ။

ကျွတ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဟယ်လို"

တစ်ဖက်က ဖုန်းထူးလျှင် ရံရံ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

"ဟယ်လို ရံရံ၊ ကိုယ်ပဲ ပြောလေ"

တံခါးအသံ ဆက်ထွက်လာသည်။

ရံရံ့စိတ်ထဲမှာ မွန်းကြပ်နေသည်မို့ တစ်ယောက်ယောက်နဲ့ စကားပြောလိုလှသည်။

ဒါကြောင့် စကားမပြောဖြစ်တာ တစ်ပတ်တောင်ကြာနေပြီ ဖြစ်တဲ့ တံခါးဖုန်းလေးကို ခေါ်မိသွားသည်။





"ရံရံ ပြောလေ"

"အဲ ဟို ရံလေ"

ရံရံ ဘယ်ကစပြောရမှန်းမသိဖြစ်ကာ ယောင်ယောင်နန ဖြစ်လို့သွားသည်။

"ကဲ ရံမပြောရင် ကိုယ်ပြောမယ်။ ဒါနဲ့ ရံရံ အခု ဘာလုပ်နေလဲ"

"တံခါးကို ဖုန်းဆက်နေတာလေ"

"ဟုတ်ပါပြီ၊ ဘာအကြောင်းပြောဖို့လဲ"

"မသိတော့ဘူး"

"ဟွန်း၊ ဘယ်လိုဖြစ်တာလဲ"

"ဟုတ်တယ်၊ ရံ ဘာပြောချင်မှန်း မသိတော့ဘူး"

"အဲဒါဆို ရံရံ စိတ်ရှုပ်နေလို့ပဲ ဖြစ်ရမယ်"

"ဟုတ်"

အဲဒါတော့ ရံ ဝန်ခံလိုက်သည်။

"အိုကေ၊ အဲဒါဆိုရင် ရံရံ စိတ်ရှုပ်ပြေအောင် ကိုယ် ဟာသတွေ ပြောပြမယ်"

"ဟာသ"

"ဟုတ်တယ်လေ"

"ဘာဖြစ်လို့"



www.burmeseclassic.com

www.burmeseclassic.com



“ရုံရုံ စိတ်ရှုပ်ပြေအောင်လို့ပေါ့”

“ပြောကြည့်လေ”

လောလောဆယ် ရုံရုံ့စိတ်က ရုံရုံလုပ်နေရတဲ့အလုပ်နဲ့ ပတ်သက်ပြီး တကယ် မှုန်းကြုပ်နေတာမို့။

“အင်း။ ဖွတ်နဲ့ဖွတ်လိုက်သူအကြောင်း ပြောပြမယ်”

“ဖွတ် ဟုတ်လား”

“ဟုတ်တယ်၊ ဖွတ်နဲ့ဖွတ်လိုက်သူအကြောင်း။ တစ်ခါမှ မကြားဖူးဘူး မဟုတ်လား။ ကိုယ်ပြောပြမယ်”

ရုံရုံက ဖုန်းလေးကို တစ်ဖက်နားနားကပ်၍ ထောင်ပြီး အိပ်ရာပေါ် လှဲချလိုက်သည်။

“ပြောလေ တံခါး။ ရုံ စိတ်ဝင်စားတယ်”

“အင်း ဖွတ်က အရမ်းအပြေးသန်တာတဲ့”

“ဟုတ်လား”

“အင်း အပြေးသန်တဲ့ ဖွတ်ကို မိအောင်ဖမ်းချင်နေသူရှိတယ်။ ဖွတ်က ဖွတ်လိုက်သူ မမိအောင် ပြေးတာ လှစ်ခနဲ လှစ်ခနဲပဲတဲ့”

“အဲဒီတော့”

“ဒါပေမဲ့ ဖွတ်က အပြေးသန်ပေမယ့် မေ့တတ်တဲ့အကျင့်ရှိတယ်”

“ဘယ်လို မေ့တတ်တဲ့အကျင့် ဟုတ်လား”





“အင်း ပြေးနေရင်းနဲ့ သူ ဘာကြောင့် ပြေးနေလဲဆိုတာ မေ့ မေ့သွားသတဲ့”

“အဲ”

“ဟုတ်တယ်၊ သူ ဘာကြောင့်ပြေးနေမှန်း မေ့သွားတော့ ပြေးနေတဲ့ ခြေလှမ်းကို ချက်ချင်းရပ်လိုက်ရော”

“အင်း အဲဒီတော့ ဘာ ဘာဖြစ်သွားလဲ”

“သူ ရပ်လိုက်တော့ ဖွတ်ဖမ်းတဲ့သူလက်ထဲ ကွိခနဲ မိသွားကရော”

“ဟယ်”

ရုံရုံ့ထံမှ အာမေဋိတ်သံလေးထွက်သွား၏။ ခေတ်တံခါးက ရုံရုံ ရယ်မောလိုက်မယ်လို့ထင်တာ။

ခုတော့ အံ့ဩသံလေးဖြင့် ငြိမ်နေလျှင် –

“ရုံရုံ မရယ်ရဘူးလား။ အပြေးမြန်တဲ့ ဖွတ်က မေ့တတ်တဲ့ စရိုက်ရှိတော့ ဖွတ်ဖမ်းတဲ့သူလက်ထဲ ရောက်သွားတာလေ”

“ဟွန်း ရယ်စရာလည်းမဟုတ်ဘူး တံခါးရဲ့။ တွေးစရာ ကောင်းတယ်၊ ဟုတ်တယ်၊ ရုံရုံ တွေးနေမိတယ်”

“ရုံရုံရယ် တွေးမနေပါနဲ့။ ရုံရုံ စိတ်ရှုပ်နေတယ်ဆိုလို့ ခေတ်က ရယ်ရအောင်ပြောပြတာပါ”

“တစ်မျိုးပဲနော်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့"

"ဪ ခေတ်က ရယ်အောင်ပြောတာ ရုံရုံက တွေးစရာ ဇာတ်လမ်းလေးရသလို တွေးနေရလို့လေ"

"ကဲပါ တွေးမယ်ဆိုလည်း ဆက်တွေးလေ ရုံရုံရဲ့"

"ဟုတ် ကျေးဇူးပဲ တံခါး"

"မလိုပါဘူး။ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ တံခါး"

"အင်း ရုံရုံ ဘယ်လောက်ထိ တွေးဖြစ်လဲ။ အဲဒါလေးတော့ ခေတ်ကို ပြန်ပြောဖို့ မမေ့ပါနဲ့လို့"

"ဟုတ် ရုံရုံ ပြောပြမယ်လေ။ ခေတ်က နားထောင်ဖို့ စိတ်ဝင်စားတယ်ဆိုရင်ပေါ့"

"စိတ်ဝင်စားတာပေါ့။ ရုံရုံနဲ့ ပတ်သက်ရင် ခေတ် အစစ အရာရာ စိတ်ဝင်စားတယ်။ ဒါပဲနော်၊ ပြောပြရမယ်"

"အိုကေ"

"အိုကေဆိုရင် လောလောဆယ် ရုံရုံ စိတ်ရှုပ်ပြေပြီလား"

"နည်းနည်းတော့ ပြေလာသလိုပဲ"

"Good night ရုံရုံ"

"Good night"

ရုံရုံ နှုတ်ဆက်ရင်း လက်ကိုင်ဖုန်းလေးကို ခေါင်းအုံးဘေး





ချကာ အတွေးပွားနေမိသည်။

ဟုတ်တယ်လေ။

အတွေးမပွားလို့မှ မရတာ။

ရုံရုံ့အတွေးကို ရှုပ်စေတာက အကြောင်းမဲ့မဟုတ်သလို အတွေးပွားနေတာကလည်း အကြောင်းမဲ့မှ မဟုတ်တာ။

အဲဒါ ဘာကြောင့်လဲ။

ပြောပါ မင်္ဂလာ... 

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"မပြောရင် ဖောက်သည်ပျက်သွားမှာပေါ့"

"ဟင်"

ရံရံက မက်ကီကို မျက်လုံးအဝိုင်းသားနဲ့ မော့ကြည့်သည်က မယုံနိုင်စွာ။ မက်ကီကီက ပြည့်ဆူနေသော နှုတ်ခမ်းလွှာလေးကို လုလုလေး တွန့်ပြ၍ –

"ဟုတ်တယ်လေ ရံရံ"

"ဘယ် ဘယ်လို ဟုတ်တာလဲ မက်ကီ ဟင်"

မက်ကီက ဆိုဖာကြီးပေါ် ခန္ဓာကိုယ်ကို ပစ်ချသလို ထိုင်ချရင်း ဆက်ပြောသည်။





"ရံပဲ စဉ်းစားကြည့်လေ။ မက်ကီတို့ ဒီလုပ်ငန်းသစ်လုပ်တာ ကြာလှပြီ။ ဘယ်အမျိုးသားကမှ မက်ကီကို တောင်းဆိုတာမျိုး မရှိခဲ့ဘူး။ အယ်ဘမ်စာအုပ်ထဲက သူတွေကိုပဲ တောင်းဆိုတာ။ ဒီနေ့ကမှ မက်ကီ ဓာတ်ပုံကြီးမြင်ပြီး တောင်းဆိုတာမျိုးဆိုတော့ မက်ကီ ငြင်းလိုက်ရင်"

"ဘုရားရေ"

ရံရံ ကမန်းကတန်း သူမပါးစပ်ကို သူမ လက်ဖဝါးနဲ့ ဖိပိတ်လိုက်သည်က အသံထွက်မသွားအောင်။

မက်ကီက ကိုယ်နေဟန်လေး ပြင်ထိုင်ရင်း –

"မက်ကီက ဘယ် customer ကိုမှ လက်လွှတ်မခံနိုင်ဘူး။ ပြီးတော့ မက်ကီကလည်း ဒီလိုကိစ္စမျိုး စိတ်ဝင်စားတယ်"

"ဟင်"

ရံရံ မယုံနိုင်ပါ။ တကယ်မယုံပါ။ ရံရံ တစ်ယောက်တည်း ရံရံ ခေါင်းရမ်းမိသွားသည်။

မက်ကီက ရံရံ အမူအရာတွေကိုမမြင်။ သူမအာရုံထဲမှာ ထိုကိစ္စကိုပဲ အတွေးရောက်နေသည် မဟုတ်လား။

ရင်ထဲ ဖြစ်တည်နေတဲ့အတိုင်း ပြောနေခြင်းဖြစ်သည်။

"ပွင့်ပွင့်လင်းလင်းပြောရရင် မက်ကီက အိမ်ထောင်ရေးကို စိတ်မဝင်စားဘူး။ စိတ်အာရုံ တွယ်ငြိစေတဲ့ရသမျိုးကိုသာ ခံစားချင်တာယ်။ ဒါကြောင့်ပါ။ ပြီးတော့"



www.burmeseclassic.com

www.burmeseclassic.com



မကိုက ပြောဆိုရင်း စကားလုံးလေးကို ဆွဲဆန့်ထားလိုက်သည်။

"ပြီးတော့ ဘာဖြစ်လဲဟင်"

"မကိုက အပြောင်းအလဲလေး ဖြစ်ချင်လို့"

"ဟင်"

"ဘာလဲ အံ့ဩသွားလား"

ရုံရုံ ခေါင်းတဆတ်ဆတ်ညိတ်မိလျှင် မကိုက သဘောတကျ ရယ်မောလေသည်။ ထို့နောက် ရယ်ရှိန်ပြီး –

"ကေရာဇ်က မကိုကို နည်းနည်းခါချင်တယ်လေ"

"ဘာဖြစ်လို့"

"ဒီလိုပဲပေါ့"

ဘုရား ဘုရား။

ရုံရုံ့ရင်ထဲမှာ အကြိမ်ပေါင်းများစွာ ဘုရားတလိုက်ရသည်။ တကယ်ပါ။ ကေရာဇ်ဆိုတာ လက်ရှိ နာမည်ကျော်နေတဲ့ မော်ဒန်ဘွိုင်။

မိတ်ကပ်ဖန်တီးရှင် မာမီတစ်ဦးနဲ့ ချိတ်ဆက်ပြီး မကိုရဲ့ ဗျူတီပါလာကိုရောက်လာခြင်း။ ကေရာဇ်အဝင်အထွက်များတာ မကိုနဲ့ ဆက်ဆံရေး ဖြောင့်ဖြူးတာတော့ ရုံရုံ သိသည်။

တစ်နေ့ –

ကေရာဇ် နှာခေါင်းနားရှိ ဆားဝက်ခြံတွေကို မကိုကိုယ်တိုင်





စက်ကလေးနဲ့ စုပ်ထုတ်ပေးနေလျှင် ကေရာဇ်က မကိုရဲ့ပေါင်တံကို ဖျစ်ညှပ်ကိုင်လိုက်တာကို ရုံရုံ ဖျတ်ခနဲ မြင်လိုက်သည်။

ထိုကတည်းက ကေရာဇ်ကို ရုံရုံ မကြည်။

မကိုကိုလည်း အံ့ဩရသည်။ မကိုက ကေရာဇ်ရဲ့အပြုအမူကို မကျေမနပ် မဖြစ်တဲ့အပြင် ကျေနပ်အားရဟန်လေးနဲ့။ ကေရာဇ်ရဲ့ နှာခေါင်းလေးကို ချစ်စနိုး ဆွဲလှုပ်လိုက်သေးသည်။

ကျွတ်။

မကိုဆီမှာ ရုံရုံ အလုပ်ဝင်တာ တစ်နှစ်တင်းတင်းပြည့်တော့မယ်။

ဒီလိုအပြုအမူမျိုး ဒီတစ်ခါပဲ ကြုံဖူးသေးသည်။ အဲဒီနောက်ပိုင်း ကေရာဇ်နဲ့ အသွားအလာများတာတော့ ရုံသိသည်။

ကေရာဇ်ရှိုးပွဲအတွက် ရှော့ပင်ထွက်တဲ့အခါ မကိုက ဘန်ကောက်အထိပါစမြဲ။ အဲလိုကိစ္စတွေကြောင့်လို့ မထင်။

ရုံသိတာက မကိုနဲ့ကေရာဇ်က ဘဝလက်တွဲဖော်အဖြစ် ရည်ရွယ်ထားလို့ ခုလိုတွဲနေခြင်းဟု လေးလေးနက်နက် တွေးခဲ့သည်။

ခုတော့ ...

ဘုရားရေ။

မကိုက ထိုလူကြီးကို မကိုကိုယ်တိုင် ဖုန်းဆက်အချိန်းအချက် လုပ်ကာ ထိုလူနဲ့မကို နှစ်ယောက်သားတွေ့ဆုံကြသည်က မကိုရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင် နားနေခန်းမှာ။

ရုံကိုတော့ -

"ညည့်သည်နဲ့မကိအတွက် စားစရာ သောက်စရာစီစဉ်ပေးစမ်းပါ ရုံရုံ"

"ဟုတ် ဟုတ်ကဲ့ မကိ"

ရုံက မကိရဲ့ဝန်ထမ်းမို့ မငြင်းသာပါ။

မကိ စီစဉ်ခိုင်းတဲ့အတိုင်း အသီးအနှံ၊ မုန့်နဲ့ အချိုရည်များကို ဗန်းကြီးထဲထည့်ပြီး နားနေခန်းထဲ သွားပို့ပါသည်။

"ဟင်"

နားနေခန်းမှာလည်းမရှိ။

ဘယ်ရောက်သွားပါလိမ့်။

ရုံရုံ မျက်လုံးလေးဝေ့၍ကြည့်တော့။

ဘုရားရေ။

မကိအိပ်ခန်းက ရွှေရောင်လိုက်ကာစလေး လှုပ်ရမ်းနေသဖြင့် အတွင်းဘက်မြင်ကွင်းကို လှစ်ခနဲ မြင်တွေ့ရ၏။

ဘုရားရေ။ မမြင်အပ်တဲ့မြင်ကွင်း။

ရုံရုံမျက်လုံးကို စုံမှိတ်လိုက်မိသည်။

မျက်လုံးကို စုံမှိတ်ပေမယ့် ရုံရုံ မျက်ဝန်းမှာ မြင်ယောင်နေဆဲ

✿ ✿ ✿



## အခန်း (၁၀)

"ဒယ်ဒီ"

"ဟိုင်း ဘေဘီ။ ဒယ်ဒီ့ရုံးခန်းအထိ ဘေဘီရောက်လာတာ အကြောင်းထူးရှိရမယ်။ လာ လာ ဘေဘီ"

ဦးဝေလုခေါင်က သမီးဖြစ်သူကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုလိုက်သည်။ ပန်ပန်က ပတ်ဝန်းကျင်မှ ကြားထားတဲ့ ဒယ်ဒီသတင်းကြောင့် စိတ်မကြည်သလို မျက်နှာလည်းမကြည်လင်ပါ။

ရုံးခန်းထဲ ကမ္မလူးထိုး လှမ်းဝင်၍

"ဒယ်ဒီ့ကို မေးစရာရှိလို့"

"အိုကေ၊ မေးလေ ဘေဘီ။ ထိုင်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မထိုင်တော့ဘူး။ ဘေဘီသိချင်တာကိုမေးမယ်။ ဒယ်ဒီဖြေရမယ်"

"ဘာများလဲ ဘေဘီ"

"ဒယ်ဒီ ဒေါ်အိအိမွန်နဲ့ တွဲနေတယ်ဆို"

ဦးဝေလှခေါင် ဘုရားတရမလို ဖြစ်လေသည်။

"သမီးကို ဘယ်သူပြောလဲ"

"အို အများကြီးပဲ ပြောကြတယ်။ မယုံရင် တံခါးကို မေးကြည့်"

"ဟာ"

ခေတ်တံခါး ရုံးခန်းအဝမှာ အေးအေးဆေးဆေးရပ်နေခြင်း။ ခုတော့ ထိုပြဿနာထဲ သူ့ကိုဆွဲထည့်နေတဲ့ ပန်ပန်။

တံခါး ဟာခနဲဖြစ်သွား၏။

ဦးဝေလှခေါင်က ခေတ်တံခါးကို ဖျတ်ခနဲမေးလေပြီ။ သူက သားအဖကြား ကြားညှပ်နေသူမို့ နှစ်ဦးနှစ်ဖက် ပြေလည်နိုင်မယ့် စကားလုံးကို ရွေးနေရတာမို့ ချက်ချင်းအသံမထွက်နိုင်။

"တံခါးပြောလိုက်လေ"

ပန်ပန်က သူ့အနားလာပြီး တွန်းအားပေးပြန်သည်။ ဦးဝေလှခေါင်ကလည်း ခေတ်တံခါး ဘာပြောမလဲပဲ သိချင်နေသူမို့။

"ပြောပါ မောင်တံခါး။ ဘာတွေကြားလာလို့လဲ"





"ဟို ဒီလိုပါ အန်ကယ်။ အန်ကယ်နဲ့ နိုင်ငံခြား Export တွဲလုပ်မယ့် ဒေါ်အိအိမွန်က သိပ်ကို အရည်အချင်းရှိပြီး စီးပွားရေး လာဘ် မြင်သတဲ့"

"ဟင်"

တံခါးစကားနောက်မှာ ပန်ပန် အံ့ဩရ၏။

ဦးဝေလှခေါင်က မျက်နှာချည်း ဝင်းပသွားသည်။

"ဟုတ်တယ် ဘေဘီ။ ဒေါ်အိအိမွန်က တကယ့်အရည်အချင်းရှိတဲ့ အမျိုးသမီး။ ဒေါ်အိအိမွန်နဲ့ ဒယ်ဒီ"

"ဟွန်း မဟုတ်ဘူး။ အလုပ်ကိစ္စပြောနေတာ မဟုတ်ဘူး။ တံခါး ရှင် ဘာတွေပြောနေတာလဲ။ ဒေါ်အိအိမွန်နဲ့ဒယ်ဒီ ဟိုချိန်း ဒီချိန်း လုပ်တဲ့ကိစ္စလေ။ သူများတွေပြောနေတာ ရှင်ကြားတယ် မဟုတ်လား"

"ဩော် အဲဒါလား။ ဒီလိုအန်ကယ်ရေ။ အလုပ်ကိစ္စနဲ့ ဟိုတယ်မှာ ညစာအတူစားတာတို့ ဘာတို့ပါ"

"အဲဒါ ဘာဖြစ်လဲ ဘေဘီရယ်။ အလုပ်ကိစ္စနဲ့ ဒီလိုပဲ ဒယ်ဒီတို့ ချိန်းဆိုနေကျလေ"

"ဟင့်အင်း ဟင့်အင်း။ မရဘူး အဲလို မချိန်းရဘူး"

"ရော် ခက်ပါလား ဘေဘီရာ"

ဦးဝေလှခေါင် စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။ သမီး



www.burmeseclassic.com

www.burmeseclassic.com



လုပ်သူက ဆူဆဲပွက်ဆဲ။

"မခက်ပါဘူး ဒယ်ဒီ။ ဒေါ်အိအိမွန်နဲ့ နောက်တစ်ခါ မချိန်း ပါနဲ့"

အမိန့်ပေးသလိုပြောနေတဲ့ သမီး။

ဦးဝေလှခေါင် စိတ်ရှုပ်စွာ ခေါင်းတစ်ချက်ရမ်းလိုက်၏။ ခေတ် တံခါးက သားအဖနှစ်ယောက်ကြား ဗျာများသလို ဖြစ်ရကာ –

"ပန်ပန်ရယ်၊ အန်ကယ့်အလုပ်ကိစ္စတွေကို နားလည်ပေးစမ်း ပါကွာ"

"အလုပ်ကိစ္စအကြောင်းပြပြီး တွဲနေတာ တံခါးရဲ့"

"ဘာကြောင့်ပဲတွဲတွဲ၊ ပန့်ဒယ်ဒီအတွက် နစ်နာစရာမရှိပါဘူး ပန်ရဲ့။ ပြီးတော့ ဒေါ်အိအိမွန်က အပျိုကြီး။ ပန့်ကိုတောင် တွေ့တိုင်း သမီး သမီးနဲ့ ခေါ်သေးတာပဲ။ ခံစားတတ်ရင် ကျေနပ်စရာကြီး"

"ဟာ တံခါး၊ ရှင် ဘယ်လိုပြောလိုက်တာလဲ"

ဒယ်ဒီ့အပေါ်ရောက်နေတဲ့ ပန့်ရဲ့ဒေါသက တံခါးဘက်မြားဦး လှည့်သွား၏။ လက်တစ်ဖက် ခါးထောက်ရင်း ရန်တွေ့ချင်နေတဲ့ သမီး ဖြစ်သူကို ဦးဝေလှခေါင် စိုက်ကြည့်ရင်း ငြိမ်သက်နေရသည်။

သမီးကတော့ မငြိမ်။ တံခါးကို တဗျစ်တောက်တောက် ပြော၏။

"ဒီမှာ တံခါး။ ပန်က ဒယ်ဒီ့ကို ဘယ်သူနဲ့မှ မျှမချစ်နိုင်ဘူး။





ပန့်ဒယ်ဒီကို ပန်ပဲချစ်မယ်။ ဒေါ်အိအိမွန် ဘာချည်းပဲဖြစ်ဖြစ် စိတ်လည်း မဝင်စားဘူး ဒယ်ဒီ။ ဒေါ်အိအိမွန်နဲ့ မတွဲရဘူးနော်"

"အိုကေ"

ဦးဝေလှခေါင်က တည့်တည့်ကြည့်ပြီးပြောလာတဲ့သမီးဖြစ်သူနဲ့ စကားအချေအတင် မပြောလိုတော့ပါ။

ဒါကြောင့် ချက်ချင်း လက်ခံလိုက်ရသည်။

"တကယ်နော် ဒယ်ဒီ"

"တကယ်ပါ ဘေဘီ"

"တကယ်ပြောပြီး နောက်တစ်ကြိမ် တတွဲတွဲလုပ်ကြည့်၊ သာဘို့အကြောင်း သိရမယ်။ ဒါပဲ၊ လာ သွားမယ် တံခါး"

ပန်ပန်က ဖိုးဖိုးဇတ်ဇတ်ပြောပြီး လှည့်ထွက်သွား၏။

ဦးဝေလှခေါင်က အကြံတစ်ခုရသွားသည်မို့။

"နေဦး မောင်တံခါး"

ပန်ပန့်နောက်က လိုက်ထွက်သွားတဲ့တံခါးက အန်ကယ့် ဟန့် တားသံကြောင့် နောက်ပြန်လှည့်ရ၏။

"ပြောပါ အန်ကယ်"

"ကိစ္စလေးရှိလို့ မောင်တံခါးနေခဲ့"

"ဟင် ဘယ်လို"

သူက ခေါင်းညိတ်လိုက်ပေမယ့် မခံနိုင်စွာလှည့်လာသည်က



www.burmeseclassic.com

www.burmeseclassic.com



ပန်ပန်ရယ်။

"မောင်တံခါးကို ဒယ်ဒီ နိုင်းစရာရှိလို့"

"အို မရဘူးနော် ဒယ်ဒီ။ သမီး မျက်နှာဖုံးရိုက်ဖို့ သွားရတော့မှာ"

"သွားလေသမီးရဲ့၊ မောင်တံခါးက မျက်နှာဖုံးရိုက်ရမှာမှ မဟုတ် တာ"

"အာ ဒယ်ဒီ၊ မညစ်နဲ့ဟာ။ တံခါး မပါရင် ဘေဘီအတွက် အဆင်မပြေဘူးဆိုတာ ဒယ်ဒီသိသားနဲ့"

"အဲလိုပဲပေ့ါ ဘေဘီရယ်၊ အလုပ်ကိစ္စဆိုတာက ပတ်သက်ရာ ပတ်သက်ကြောင်းပါမှ အဆင်ပြေတာမျိုး"

"ဟင်"

ဒယ်ဒီ ဘာကိုဆိုလိုတာမှန်း ပန်ပန် လှစ်ခနဲသိသွား၏။ ခေတ်တံခါးက မသိမသာ ပခုံးလေးပင့်၍ ပြုံးမိသည်။

ဦးဝေလှခေါင်က ကျွန်ရွှေရရ ဆက်ပြော၏။

"ဟုတ်တယ် ဘေဘီလေး။ ဒယ်ဒီတို့ကိစ္စတွေလည်း ဒီလိုပဲ။ ဒေါ်အိအိမွန်နဲ့ ပတ်သက်ရင် ဒေါ်အိအိမွန်နဲ့ သွားရမယ်။ ချန်ထားလို့ မရဘူး။ ဒါကြောင့်ပါ"

"ဟွန်း ကျွတ်၊ ဒယ်ဒီဟာလေ၊ တော်ပြီ မပြောတော့ဘူး။ လာ တံခါး သွားမယ်"





ပုလဲပန်ပန် ပြောဖို့ဆိုဖို့ စကားလုံးရှာမတွေ့တော့ပါ။ ဒါကြောင့် တံခါးကိုခေါ်၍ ထွက်လာခဲ့တာကအရင်။

ထိုအခါ

ဦးဝေလှခေါင် အဓိပ္ပာယ်အပြည့်ဖြင့် ပြုံးလိုက်ရသည်။

အလုပ်ကိစ္စနဲ့ ပတ်သက်နေတဲ့ ဒေါ်အိအိမွန်ကို သမီးက ထိုမျှထိ မကြည်ဖြူဖြစ်နေတာဆိုတော့။

အကယ်၍ ...

သူ့မှာ ချစ်ဦးသူရှိကြောင်း။ ထိုချစ်ဦးသူကို ရှာဖွေပြီး ချစ်လိုက်ရင်။ အင်း ...

ဘယ်လိုနေမလဲ ဘေဘီရယ်။

ဦးဝေလှခေါင် တစ်ကိုယ်တည်းမေးမိလျှင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ဘယ်လို၊ မကိုက ဟုတ်လား ရုံရုံ"

တံခါး မယုံချင်စိတ်နဲ့ ထုတ်မေးလိုက်သည်။ ရုံရုံက ခေါင်းလေးညိတ်၍ –

"ဟုတ်တယ် ခေတ်ရယ်"

"သေချာရဲ့လား"

"ရုံကညာပါ့မလား ခေတ်ရဲ့"

"ဟုတ်သားပဲ"

ခေတ်တံခါး လေးလေးနက်နက် ခေါင်းလေးညိတ်မိသွားသည်။ရုံရုံက ဘယ်တုန်းကမှ စကားအပိုမပြောတတ်မှန်း သူသိသည်။





နောက်ပြီး မကိုက သူ့မလေးရဲ့ကျေးဇူးရှင်။

ကျေးဇူးရှင်ကို ထိခိုက်စေမယ့်စကားကို လုပ်ကြံပြောဖို့က ဘယ် လိုမှမဖြစ်နိုင်။

ရုံရုံ ပြောသလို တကယ်ပဲဆိုတော့။

သူလည်း ရင်မောစွာ သက်မချရရှာပြီ။

"ဆောရီးဟာ၊ ခေတ်က မယုံချင်စိတ်နဲ့ပါ။ အဲဒီတော့ ရုံရုံ ဘာဖြစ်ချင်လို့လဲ"

"အိုး ရုံ့စိတ်ထဲမှာ အဲဒီအလုပ်လုပ်နေရတာ လိပ်ပြာမသန့် သလိုပဲ ခံစားနေရတယ်"

ခေတ်တံခါး နားလည်ပါသည်။

ရုံရုံက ရိုးရိုးသားသား ဖြူဖြူစင်စင် အလုပ်လုပ်လိုသူ။ ခုလို အလုပ်မျိုးဆိုတော့လည်း တစ်မျိုးဖြစ်နိုင်ပါသည်။

"ရုံရုံ ဘာဖြစ်ချင်လဲ"

"ဘာဖြစ်ချင်လဲ ဟုတ်လား"

"ဟုတ်တယ်လေ၊ ရုံရုံ ဖြစ်ချင်တာရှိရင်ပြောလေ။ လောလောဆယ် ကိုယ် နားထောင်ပေးလို့ရတယ်"

"ဖြစ်ချင်တိုင်းလည်း ဖြစ်ခွင့်ရမှာမှ မဟုတ်တာ"

ရုံရုံက ပြောရင်း အအေးဘူးလေးဖွင့်၍ ပိုက်တံနဲ့ စုပ်သောက် မလိုပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်တံခါးက သူမလေးကို စိုက်ကြည့်နေရင်း မေးလိုက်သည်။

"ရုံရုံ ဘာဖြစ်ချင်လဲ အရင်ပြောကြည့်လေ"

ရုံရုံ အငေးသားဖြစ်သွားသည်။ ခေတ်ကိုပဲ မျက်တောင်မခတ်တမ်း ကြည့်၍ –

"ရုံရုံဖြစ်ချင်တာ ပြောရရင်"

"ပြောလေ ရုံရုံ"

ရုံရုံက ပြောစကားကို ဖြတ်လိုက်တာမို့ ခေတ်တံခါး ချက်ချင်း ကောက်မေး၏။

ရုံရုံက ပြောသင့် ပြောထိုက်လားလို့ စဉ်းစားနေရာမှ ခေါင်းလေးဆတ်၍ ခပ်တိုးတိုးပြောသည်။

"ရုံလေ မကီဆီက အလုပ်ထွက်ချင်တယ်"

ဘာကြောင့်ဆိုတာ သူ မမေးရက်တော့ပါ။ ရုံရုံ့မျက်ဝန်းထဲက အရိပ်တွေကို သူမြင်နေသည် မဟုတ်လား။

မကီနဲ့ထိုလူကြီး အချိန်းအချက်တွေက အကြိမ်ရေများလှပြီ။ ထိုသို့ အကြိမ်ရေများတာတွေရဲ့နောက်မှာ ထိုလူကြီးမျက်လုံးက ရုံရုံ့ဘက် တဝဲလည်လည်။

အဲဒါကိုပဲ မကီက ရုံရုံကို သွေးတိုးစမ်းလာသည်။

"ရုံရုံက အလုပ်ချည်းလုပ်နေရတာ စက်ရုပ်ဆန်တယ်လို့ မကီ





မြင်ရတယ်"

"ဘယ် ဘယ်လို စက်ရုပ်ဆန်တယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ စက်ရုပ်လိုပဲ။ ဘာခံစားမှု၊ ဘာအာရုံမှ မရောက်နိုင်ဘူး မဟုတ်လား"

"ဟင်"

"ဟုတ်တယ်၊ အဲဒီအတွက် မကီ ကိုယ်ချင်းစာပါတယ်။ ပြီးတော့ ရုံ့ကိုလည်း မကီလိုပဲ စွဲငြိဖွယ်အတွေ့လေးတွေနဲ့ ပျော်မွေ့စေချင်တယ်။ အဲဒီအတွက် မကီ အစီအစဉ်တစ်ခု လုပ်ပေးမယ်"

"ဘာ အစီအစဉ်၊ ဘာအစီအစဉ်လဲ မကီ"

"ဦးထိုက်က ရုံရုံနဲ့အတူ ချော်ဖီသာမှာ အပန်းသွားဖြေချင်လို့တဲ့ အဲဒါ"

ပတ္တမြားရုံရုံရဲ့မျက်နှာလေးက ချက်ချင်း နီမြန်းသွားတာက၊ ခံပြင်းဒေါသဖြစ်တဲ့စိတ်နဲ့။

မနှစ်မြို့ဖွယ်ဖြစ်သွားတဲ့ ရုံရုံအမူအရာကြောင့် မကီ ကိုယ်ရှိန်သတ်လိုက်ရင်း –

"ဟို အပန်းဖြေခရီးသွားမှာက မကီလည်းပါမယ် ရုံရုံ . . . ဟင့် ဟင့် ဟင့်"

"ဟင့်အင်း။ ရုံ မလိုက်ဘူး မကီ။ မကီတို့ဘာသာ သွားကြပါ။ မကီပြောစရာရှိတယ်ဆိုတာ အဲဒါ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲ ဟို"

"အဲဒါဆို ရုံရုံ ဗျူဟာပါလာဘက် ကူးလိုက်ဦးမယ်။ မကို ချိတ်ထားပေးတဲ့ ဖက်ရှင်မယ်ပျို့ပျို့ကို မိတ်ကပ်လိမ်းပေးရမယ်လေ။ နော် မကို"

ရုံရုံ အလုပ်ကိစ္စဘက် စကားလမ်းကြောင်းပြောင်းပြောဆိုကာ မကို ဘာမှပြန်မပြောရသေးခင် မကိုရှေ့မှ လစ်ထွက်ခဲ့သည်က ရင်ထဲ ဘယ်လိုမှ မကျေနပ်နိုင်တဲ့စိတ်ဖြင့်။

"ကျွတ် အဲဒီ မကိုက ဘာချည်းလဲကွာ"

ခေတ်တံခါး မကျေမနပ်ရေရွတ်လိုက်သည်။

"ဟုတ်တယ်၊ မကိုက ဘာမှန်း ရုံလည်းမသိတော့ဘူး"

"ဒါပေမဲ့ မကိုအနေနဲ့ ရုံ့ကိုတော့ ဦးသောင်းထိုက်ဘက် ပါအောင် မစည်းရုံးသင့်ဘူးလေ"

"စည်းရုံးသင့်တာ မသင့်တာကို မကိုက တွေးနေတာမဟုတ်ဘူး။ ဘယ်သူနဲ့ ဘယ်သူ့ကို ချိတ်ပေးလိုက်ရင် ဝင်ငွေ ဘယ်လောက်ရမလဲ မကိုက အဲဒါကိုပဲတွေးနေတာလေ။ ဒါကြောင့် ရုံရုံ့ကို စည်းရုံးနေတာလေ။ အဲဒါတွေကြောင့် မကိုဆီမှာ ရုံရုံ အလုပ်ဆက်လုပ်ဖို့ ဘယ်လိုမှ မလုံခြုံတော့ဘူးလို့ ခံစားနေရတယ်။ ဒါကြောင့် ခေတ်ကို ပြောပြတာ။ ရုံ ဘယ်လိုလုပ်ရမလဲဟင်"

ခေတ်တံခါး လေးလေးနက်နက် တွေးရလေပြီ။





လောလောဆယ်မှာ စိတ်မလုံမခြုံခံစားနေရတဲ့ ရုံရုံလေးကို ကိုယ်ချင်းစာပါသည်။ ဒါကြောင့် ရုံရုံ့လက်ဖဝါးလေးကို ဆွဲယူ၍ နွေးထွေးစွာ ဆုပ်ထားမိသည်။

ရုံရုံက အုံ့ဩသွားသလို ရင်ထဲမှာလည်း လှုပ်လှုပ်ရှားရှား ခံစားရလေသည်။

"ခေတ်"

"ပြောလေ ရုံရုံ"

'ရုံရုံ့ကို အလုပ်တစ်ခုလောက် ရှာပေးပါလား ဟင်"

သူ ခေါင်းတဆတ်ဆတ်ညိတ်၍ –

"စိတ်ချ၊ ရုံရုံအတွက် ကိုယ်ကြိုးစားပေးမယ်။ ပြီးတော့ ကိုယ့် အတွက်လည်း ကိုယ်ကြိုးစားရတော့မယ်။ ဟုတ်တယ်"

"ဘယ်လို"

ခေတ်တံခါးက ဆုပ်ကိုင်ထားတဲ့ ရုံရုံ့လက်ဖဝါးလေးကို ဖျစ်ဖျစ်ကလေးဆုပ်၍ –

"ရုံရုံအတွက် ကိုယ်ကြိုးစားရမယ်။ အဲလိုကြိုးစားဖို့က ခေတ် ကိုယ်တိုင်လည်း ပန်ပန်တို့အရိပ်အောက် ရောက်နေတယ် မဟုတ်လား"

"အင်း"

"ပန့်အရိပ်အောက်မှာ ခေတ်လည်းမနေချင်တော့ဘူး။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အတွက် ရှန်းထွက်နိုင်အောင် ကြိုးစားမယ်''

''အဲ အဲလိုဆိုရင် ပန့် စိတ်ဆိုးမှာပေါ့။ ပြီးတော့ ပန့်ဒယ်ဒီကို ခေတ် ခြေစုံကန်သလို ဖြစ်နေမှာပေါ့''

''မဂ်ီအရိပ်အောက်က ရုံရုံ ရှန်းထွက်ချင်တာက၊ မဂ်ီကို ခြေစုံကန်ချင်စိတ်နဲ့လား''

''ဟင့်အင်း''

ရုံရုံ ချက်ချင်းခေါင်းရမ်းလိုက်၏။ ခေတ်တံခါးက သဘောကျသလို ပြုံးကြည့်၍ –

''ခေတ်လည်း အန်ကယ့်ကို ခြေစုံကန်ထွက်တာမှ မဟုတ်တာ။ ပန့်နောက် တကောက်ကောက်လိုက်ပြီး ရှင်သန်နေရတာ လိပ်ပြာမသန့်လို့ပါ''

''အဲဒါဆို ခေတ်ဘက်က ခက်ခဲမှာပေါ့''

''အဲဒီ အခက်ခဲကိုပဲ ခေတ် ကျော်ဖြတ်ရမှာ''

ခေတ် ထိုသို့ပြောတော့ ရုံရုံ့ရင်ထဲမှာ ခွန်အားရှိသလို ခံစားရ၏။

''ရုံရုံလည်း လောလောဆယ် သတိနဲ့နေ''

''ဟုတ်''

''ရုံ့အတွက် တစ်နေရာရအောင် ခေတ်အရင်ဆုံးကြိုးစားပေးမယ်''





''ကျေးဇူးပဲခေတ်ရယ်။ တကယ်ကျေးဇူးတင်ပါတယ်''

နှစ်ယောက်သား ကြည်နူးစွာစိုက်ကြည့်ရင်း ပြုံးမိသွားသည်က တစ်စုံတစ်ရာရဲ့ စေစားမှုတွေပဲဖြစ်မယ်။

ဟုတ်လားဟင်။

✿ ✿ ✿

www.burmeseclassic.com

## အခန်း (၁၂)

"တောက်"

"ဟဲ့ အမလေး ငါပါ လွှင့်ထွက်တော့မယ် ညည်း တောက်ခတ်သံက မိုးကြိုးပစ်ချသလိုပဲ၊ တကတည်း"

စနိုးနုက ရင်ဘတ်လေးဖိရင်း ပြောရှာသည်။ ပန်ပန်က သည်းမခံနိုင်တဲ့စိတ်နဲ့ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း တောက်ခတ်နေမိတာ အကြိမ်ကြိမ်ရယ်။

"တောက် ဒါ ဖြစ်စရာလား"

စနိုးနုရိုက်ထားတဲ့ ဓာတ်ပုံလေးကိုကြည့်ရင်း ပန်ပန် မေးချပြီ သည်။ စနိုးနုက ဘယ့်နှယ်ရှိစဟု မျက်စပစ်ကြည့်၍ –





"အို ဖြစ်နေပြီလေ သူငယ်ချင်းရဲ့"

"ဟွန်း ဖြစ်လို့မရပေါင်။ နေဦး ခုချက်ချင်း ဖုန်းခေါ်လိုက်မယ်"

ပန်ပန်က တံခါးဖုန်းနံပါတ်ကို ချက်ချင်းနှိပ်၏။

လူကြီးမင်းခေါ်ဆိုသောဖုန်းမှာ ဆက်သွယ်မှုဧရိယာပြင်သို့ ရောက်ရှိနေပါသဖြင့်တဲ့။

တောက်။

ပန်ပန် တောက်ခတ်မိပြန်သည်။

"ဘာ ဧရိယာပြင်ပလဲ၊ တောက်"

ပန်ပန်က ပြောဆိုရင်းနဲ့ ဆက်ကာ ဆက်ကာ ခေါ်ဆိုနေသည်။ စနိုးနုက ဘာရယ်မဟုတ် ပြောပြမိတာ မှားပြီလားလို့ တွေးမိသေးသည်။

ဟုတ်တယ်လေ။

စနိုးက သူမကိုယ်သူမ ရေကန်ကြီးနောက်ခံထားပြီး ဆယ်ဖီ ရိုက်နေတာ။ စနိုးက ရေကန်ကြီးကို အသားပေးပြီး တစ်ပုံရိုက်လိုက်၏။ ထိုပုံမှာ စနိုးပုံမပါ။

ရေကန်ကြီးနားက ခုံတန်းမှာထိုင်နေတဲ့ စုံတွဲပုံတစ်ပုံ ပါသွားသည်။ ထိုပုံက ခပ်ဝါးဝါး။ ပထမတော့ ထိုစုံတွဲပုံကို စိတ်မဝင်စားလှပါ။

www.burmeseclassic.com



နောက်မှ ကြည့်နေရင်း တံခါးနဲ့ ပတ္တမြားရုံရုံဖြစ်နေမှန်း အက်ခနဲ့ သိလိုက်ရသည်။

ဒီတော့ စနိုးလည်း အံ့ဩကာ။

ဒီနှစ်ယောက်က တကယ်ပဲ စုံတွဲဖြစ်နေပြီလား။

စနိုးလည်း စိတ်ဝင်စားသွားသည်။ ဒါကြောင့် စုံတွဲရှိရာ ရေကန်ပေါင်ဘက် လျှောက်ခဲ့သည်။

ရုံနဲ့တံခါးက မျက်နှာချင်းဆိုင် ထိုင်နေရာမှထကာ တစ်ဖက်က ကော်ဖီဆိုင်လေးသို့ ဝင်သွားသည်။

စနိုး လိုက်ဝင်သွားဖို့ စိတ်ကူးပေးသည်။

ဟင့်အင်း။

ထိုစိတ်ကူးကို ချက်ချင်းဖျက်ကာ ပန်ပန့်ဆီ ခြေဦးလှည့်ခဲ့ခြင်း ဟုတ်တယ်လေ။

တံခါးက တွဲချင်းတွဲ ပန်ပန်နဲ့ ချစ်သူအဖြစ် တွဲသင့်တာ။

ခုတော့ ဘာမဟုတ်တဲ့ ဗျူတီပါလာက အလုပ်သမားလေးနဲ့ တွဲတာ။ အဲဒါကို စနိုးလည်း မနှစ်မြို့နိုင်ပါ။

ဖြစ်နိုင်ရင် တံခါးကို စနိုးလည်း တွဲလိုက်ချင်တာ။ တံခါးက စနိုးနဲ့ဆို မျက်နှာက သံတုံးတစ်တုံးလို တင်းမာနေတတ်သည်။

အဲဒါကြောင့် တံခါးနား စနိုး ချဉ်းကပ်ဖို့မလွယ်တာ။

နောက်ပြီး ပန်ပန်ရဲ့ပစ္စည်းဆိုတဲ့အသိကြောင့် ရှေ့မတိုး





ဖြစ်တာလည်း အကြောင်းတစ်ခု။

ခုတော့ –

ပန်ပန်လက်ထဲက ရုံရုံက ဆွဲစားနေတဲ့အဖြစ်။ ပန်ပန့်နည်းတူ စနိုးလည်း အဖြစ်မခံနိုင်ပါ။

"ဟဲ့ ပန် ဖုန်းခေါ်လို့မရရင် မခေါ်နဲ့"

"မခေါ်လို့ ရမလား"

"ရုံရုံနဲ့တွေ့ပြီး ရှင်းလိုက်တာက ပိုထိရောက်မယ်ဟ။ ရုံရုံက ပန်ပစ္စည်းကို ဆွဲလုတာလေ"

"အေး ဟုတ်တယ်"

ပန်ပန် ဖုန်းခေါ်သံကို ချက်ချင်းရပ်လိုက်ပြီး ရုံရုံဖုန်းကို ချက်ချင်းခေါ်၏။

လူကြီးမင်းခေါ်ဆိုသည့်ဖုန်းမှာ စက်ပိတ်ထားပါတယ်ရှင်။ ခေတ္တစောင့်ဆိုင်းပြီးမှ ပြန်လည်ခေါ်ဆိုပါရှင်တဲ့။

"တောက် နှစ်ယောက်စလုံး ဘယ်သဝေထိုးနေလဲမှ မသိတာ"

"အေးနော်၊ စဉ်းစားစရာပဲ ပန်ပန်ရဲ့"

စနိုးနှက မီးလောင်ရာလေပင့်စကားမျိုးပြောလျှင် ပန်ပန့်ပို၍ပင် မနေနိုင် မထိုင်နိုင် ဖြစ်သည်။

"ကျွတ် ဒါ ဘယ်လိုလုပ်ရမလဲ နှ"



www.burmeseclassic.com

www.burmeseclassic.com



"မကိကို မေးကြည့်လေ၊ ရုံရုံက မကိစကား မြေဝယ်မကျ နားထောင်တဲ့ ဝန်ထမ်းအလိမ္မာလေး မဟုတ်လား"

"အေး ဟုတ်ပြီ။ မကို ဖုန်းကိုခေါ်ရမယ်"

ပန်ပန်က ပြောလည်းပြောရင်း မကိဖုန်းကို ခေါ်လေသည်။ မကိဖုန်း ချက်ချင်းဝင်သွားသလို တစ်ဖက်ကလည်း ဖုန်းထူး၏။

"ဟယ်လို"

"ဟင်"

တစ်ဖက်မှ ဟယ်လိုထူးတာက မကိအသံမဟုတ်ပါ။ အမျိုးသားအသံ။ ဒါကြောင့် ပန်ပန် အံ့သြနေတာကို ဘေးချိတ်ပြီး လိုရာကို မေးရ၏။

"မကိနဲ့ ပြောချင်လို့ရှင့်"

"သြော် မကိလား"

"ဟုတ်"

"မကိ ရေချိုးခန်းဝင်နေလို့"

"ကျွတ် ဒီအချိန်ကြီး ရေချိုးနေရတယ်လို့"

ပန်ပန် ဆူဆူအောင့်အောင့်လေးပြောလိုက်လျှင် ထိုအမျိုးသားရယ်သံ ကြားလိုက်ရသည်။ ထိုရယ်သံက တစ်မျိုးချည်း။ နှာမိးတောက်သံလိုလို၊ ရမ္မက်ပျော်ဝင်နေတဲ့အသံလိုလို။ ဒါကြောင့် ပန်ပန် မနှစ်မြို့ဖြစ်ကာ။



"မကိ ရေချိုးခန်းက ထွက်ရင် တဆိတ်ပြောပေးစမ်းပါ ပန်ပန့်ကို ပြန်ခေါ်ပါ၊ အရေးကြီးလို့"

"ပြောလိုက်မယ်လေ"

"ဒါပဲ"

ပန်ပန် ယတိပြတ်ပြောပြီး ဖုန်းချလိုက်ရသည်။ ထို့အတွက် ရင်ထဲမှာ မငြိမ်နိုင်ပါ။

ခံစားချက်တွေက လှိုင်းတွေလို တဝုန်းဝုန်း ကြွလျက်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"နာမည်က ပတ္တမြားရုံရုံ ဟုတ်လား ... မောင်ခေတ်"

ဒေါ်ဖြူဖြူနှင်းက သူမလေးကို တစိမ့်စိမ့်ကြည့်ရင်းမေး၏။ ခေတ်တံခါးက ခေါင်းလေး အသာညိတ်၍ -

"ဟုတ်တယ် အန်တီဖြူ"

"အမယ် ... နာမည်လေးက ချစ်စရာလေး"

"လူရော ချစ်စရာမကောင်းဘူးလား ... အန်တီဖြူ"

ခေတ်တံခါးကပါ ဝင်ပြောတော့ ရုံရုံ မျက်စောင်းလေး ထိုးသည်။ ခေတ်က ပြုံးပြုံးလေးကြည့်နေလျှင် ဒေါ်ဖြူဖြူနှင်းက လူငယ်နှစ်ဦးကို ကြည့်ပြီး ရွှင်မြူးသွားလေသည်။





ထို့ပြင် သူမလေး လက်ဖဝါးကို ဖျစ်ဖျစ်လေးဆုပ်ကိုင်၍-

"ဟုတ်တယ်၊ တူမောင်ပြောသလို ချစ်ဖို့လည်း ကောင်းတယ်။ ကြည့်ပါဦး၊ အသားအရေလေးက ဝင်းနှစ်ကြည့်စင်နေတာ ကိုရီးယားမင်းသမီးတွေထက်တောင် အသားအရေလှတာမျိုး။ မျက်နှာလေးလည်း ကြည့်ဦး ဖူးဥနေတာများ မတို့ရက် မထိရက်စရာရယ်"

"အဲ"

ရုံရုံ မနေတတ်အောင်ဖြစ်လို့သွားသည်။

"တော်ပါတော့ အန်တီဖြူရယ်၊ ရုံရုံ မနေတတ် ဖြစ်နေဦးမယ်"

"ဟဲ့ တူမောင့်ဉစ္စာ လှလို့လှတယ် ပြောတာလေ"

"ဟာ"

ပြောကာမှ ပိုဆိုးနေသလားပဲ။ ရုံရုံ မျက်နှာလေးရဲမှည့်သွားသလို သူ့မျက်နှာလည်း ထားရခက်ခက်ဖြစ်သွားသည်။

ဒေါ်ဖြူဖြူနှင်းက သူမပြောစကား ဘယ်ရောက်သွားလဲဆိုတာကို သတိထားမိဟန်မတူ။ ပြောချင်တာကို ဆက်ပြောလေသည်။

"တကယ်ပြောတာပါ ရုံရုံလေးရယ်။ ဒီလောက်လှတဲ့ မိန်းကလေးကို တူမောင် ဘယ်လိုရှာတွေ့သွားမှန်း မသိဘူး။ တကယ်ရယ်"

"အန်တီဖြူ ချီးကျူးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ရုံရုံကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တကူးတက ရှာလို့တွေ့တာ မဟုတ်ပါဘူး။ ဒီလိုပဲ တွေ့တာပါ။ ဒါနဲ့ အန်တီဖြူ"

"ပြောလေ တူမောင်"

"ကျွန်တော် စိတ်ချထားခဲ့ပါရစေ"

"အိုအေ ထားခဲ့စမ်းပါအေ။ အန်တီဖြူ တာဝန်ယူပါတယ်"

"ကျေးဇူးတင်တယ် အန်တီဖြူ။ ကျွန်တော်လည်း မကြာမကြာ လာခဲ့ပါ့မယ်"

"တူမောင်ကိုလည်း အန်တီဖြူ ကျေးဇူးတင်ရပါတယ်။ အန်တီဖြူလည်း တစ်ယောက်တည်းဖြစ်နေတာ။ တူမောင်အစ်မနဲ့ ညီမ အိမ်ထောင်ကျပြီးကတည်းကလေ။ ဒင်းတို့တစ်တွေ အိမ်ထောင်ကျပြီး လင့်အိမ်လိုက်နေကြတာ ပျော်သလားမမေးနဲ့ တစ်လတစ်ခါတောင် မအေအိမ် လာဖော်မရဘူး။ ခု အန်တီဖြူ အဖော်လိုချင်နေတဲ့အချိန်မှာ တူမောင်က ဒီသမီးချောချောလေးကို လာထားလေတော့ အန်တီဖြူအတွက် တအားပဲ တူမောင်ရဲ့။ ဒါကြောင့် ကျေးဇူးတင်ရတာ တူမောင်ရဲ့"

ဒေါ်ဖြူဖြူနှင်းက ပတ္တမြားရုံရုံလေးကို ရင်းနှီးစွာ ဖက်ထားရင်း အားရဝမ်းသာပြောရှာသည်။

ဒီလိုဆိုတော့လည်း ခေတ်တံခါးအတွက် ရုံရုံကို ပို၍ စိတ်ချလက်ချဖြစ်ရလေသည်။ ဒါ့ပြင် ရုံရုံကလည်း ပိုပြီး သဘောတကျ





ဖြစ်ရလေသည်။

"ကျေးဇူးအများကြီးတင်ရပါတယ် အန်တီဖြူရယ်"

"အို မလိုပါဘူး သမီးရယ် ... ဟင့် ဟင့် ဟင့်"

ဒေါ်နှင်းနှင်းဖြူ လှိုက်လှိုက်လှဲလှဲ ပြောလျှင် ခေတ်တံခါး တကယ်ကျေနပ်သွားသည်။

ရုံရုံကလည်း လက်အုပ်ကလေးချီလျက်သားနဲ့ ကြည်နူးပီတိဖြစ်လျှင် တံခါး ပို၍ပင် အန်တီဖြူကို ယုံကြည်ရလေသည်။

မေမေရှိစဉ်က အန်တီဖြူက ပြည့်စုံသူပီပီ မာနရှိခဲ့သည်။ မေမေနဲ့ အန်တီဖြူက အထက်အောက်ဖြစ်ပေမယ့် အန်တီဖြူက အစ်မဖြစ်တဲ့ မေမေ့ကို ဩဇာပေးလွန်းသည်။ ခုတော့ မာနရိပ်မမြင်ရတော့ဘဲ မေတ္တာရိပ်တွေ မြင်နေရသည် မဟုတ်လား။

ဘာပဲဖြစ်ဖြစ် မေမေ့ညီမ အန်တီဖြူက ခုချိန်မှာ သူ့အတွက် ကယ်တင်ရှင်ဖြစ်သည်။

တံခါးမှာလည်း အကူအညီတောင်းစရာ ဆွေမျိုးသားချင်း မရှိလို့ အန်တီဖြူ့ကိုပဲ အားကိုးပြီး ရုံရုံကို မကီအရိပ်အောက်က ခေါ်ထုတ်ခဲ့ရတာလေ။

အန်တီဖြူသာ လက်မခံရင် ဒုက္ခ။

ခုတော့လည်း အိုကေဆိုတော့။

"ဒါနဲ့ အန်တီဖြူ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ တူမောင်"

"ဖေဖေ့သတင်း ဘာကြားသေးလဲ"

"ဟင်"

ဒေါ်ဖြူဖြူနှင်း မျက်လုံးလေးပြူးရလေသည်။ ဟုတ်သား ခုမှ သတိရသလို ဖြစ်လာသည်။

"ကြည့်စမ်း အန်တီဖြူလည်း မေ့တတ်လိုက်တာ"

"ဘာဖြစ်လို့လဲ အန်တီဖြူ"

"ဟဲ့ အဲဒါပေါ့။ တူမောင်မေးကာမှ တူမောင့်ဖေဖေအကြောင်း အမှတ်ရလာတယ်"

"ဖေဖေ"

"ဟုတ်တယ် တူမောင်ရေ။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က တူမောင့်ဖေဖေ ရောက်လာပါရော ဟဲ့"

"ဟင် ဒါ ဒါဆို ဖေဖေ အခု ဘယ်မှာလဲ"

ဒေါ်ဖြူဖြူနှင်းနဲ့ ခေတ်တံခါးပြောနေတာတွေကို ရံရံ မျက်လုံးအဝိုင်းသားနှင့် နားထောင်နေရသည်။

"အဲဒါပေါ့။ မျိုးဦးဘယ်မှာနေလဲ။ နေဦး အဲဒီတုန်းက တူမောင် ဘယ်မှာရှိနေမှန်း အန်တီဖြူလည်းမသိဘူး။ တူမောင်ကလည်း အန်တီဖြူတို့ကို အဆက်အသွယ်မလုပ်တော့ ဘယ်လိုမှ မဆက်သွယ်နိုင်ဘူး။ တူမောင့်ဖေဖေက လိပ်စာကတ်တစ်ခုတော့ ပေးသွားပါတယ်။





ဘယ်ရောက်လို့ ရောက်နေမှန်း မသိတော့ဘူး"

"ဘယ်လောက်ကြာပြီလဲ အန်တီဖြူ"

"နှစ်နှစ်သုံးနှစ် ကြာပြီကွဲ့။ အဲဒီကတည်းက တူမောင့်ဖေဖေလည်း ပေါ်မလာတော့ဘူး။ အခု တူမောင်က ပေါ်လာတယ်။ အင်း ...ဘဝ ဘဝ"

ဒေါ်ဖြူဖြူနှင်းက သံဝေဂလေသံဖြင့် ရေရွတ်ရင်း သက်ပြင်းရှည်ကြီးချ၏။ ခေတ်တံခါးက ဖေဖေဆက်သွယ်လာတယ်ဆိုတဲ့ အသိနဲ့ အားတက်သွား၏။

"ဒါဆို ဖေဖေ ရန်ကုန်ပြန်ရောက်ခဲ့တယ်၊ အဲလိုလား"

"အို လာပ့ါတူမောင်ရယ်။ တူမောင့်မေမေ ဆုံးသွားတာဆိုတော့ မျိုးဦး အတော်စိတ်ထိခိုက်သွားတယ်။ ပြီးတော့ တူမောင်နဲ့လည်း ဆက်သွယ်မရတော့ စိတ်ဓာတ်လည်းကျပေါ့ကွယ်။ အဲလိုဖြစ်တာ သူ့ကြောင့် ဆိုပြီးလည်း မျိုးဦးက ယူကျုံးမရဖြစ်နေတာ တူမောင်ရယ်"

"ဘာပဲဖြစ်ဖြစ် ဖေဖေဆက်သွယ်လာတာဆိုတော့ ဖေဖေ့ကို ကျေးဇူးတင်ရမယ်။ ဖေဖေပေးထားတဲ့ လိပ်စာကတ်လေးရှာကြည့်ပါဦး အန်တီဖြူ"

"အေးပါ၊ နှစ်ကလည်း ကြာပြီဆိုတော့"

"အန်တီဖြူ သတိလုပ်ကြည့်လေ။ ရံရံလည်း ဝိုင်းကူရှာပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသားပဲ သမီးရယ်။ ဘယ်ကြားထည့်မိသလဲ မသိဘူး ဆိုတော့ ရှိရှိသမျှ ဗီရိုတွေ၊ သေတ္တာတွေ မွှေနှောက်ရှာဖွေရတော့ မပေါ့"

"တီ တီ တီ"

အန်တီဖြူ စကားဆုံးအောင် နားထောင်နေတုံး ဘောင်းဘီ အိတ်ထဲ ထိုးထည့်ထားတဲ့ လက်ကိုင်ဖုန်းလေး မြည်လာသည်။

ထိုအခါ ခေတ်တခါး လက်ကိုင်ဖုန်းလေးထုတ်ကြည့်လိုက်၏။ ခေါ်ဆိုနေတာက အန်ကယ်ဦးဝေလုခေါင် ဖြစ်နေတာမို့ ချက်ချင်းပဲ ဖုန်းထူးရင်း ပြောလိုက်၏။

"ဟယ်လို အန်ကယ် ကျွန်တော် လာခဲ့ပါ့မယ်။ ဒါပဲနော်"

အန်ကယ်ကိုပြောပြီး ချက်ချင်းပဲ သူ ဖုန်းပိတ်ကာ။

"အန်တီဖြူ"

"ပြော တူမောင်"

"ကျွန်တော့်ကို အန်ကယ်ခေါ်နေလို့ သွားလိုက်ဦးမယ်"

"အေးပါ"

"ရုံရုံ ကိုယ်သွားမယ်"

"ဟုတ်"

တံခါး လှည့်ထွက်သွားလျှင် ရုံရုံ ရင်ခွင်မှာ တစ်ခုခု ယူဆောင်သွားသလို ခံစားရလေသည်။





အန်တီဖြူက ရုံ့လက်ဖဝါးလေးကို ဆုပ်ကိုင်ရင်း နွေးထွေးစွာ ပြုံးပြ၏။

ရုံရုံ ပြန်ပြုံးပြမိပေမယ့် ခွန်အားမပါသလိုဖြစ်ကာ ခေတ်တံခါးရေ။

ရုံ့ဆီ မြန်မြန်ပြန်လာပါကွယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

ရုံရုံ့ဘဝဖြစ်စဉ်က ကဗျာမဆန်လှပါ။

ရုံရုံ သိတတ်စကတည်းက ရုံရုံ့ဘဝမှာ မေမေနဲ့ နှစ်ယောက်တည်းပါ။ ရုံရုံ့သူငယ်ချင်းတွေမှာ အဖေ၊ ညီအစ်ကိုမောင်နှမနဲ့ ဆွေမျိုးများ ရှိကြပေမယ့်။

မေမေကလွဲပြီး ရုံရုံမှာ ဘယ်ဆွေမျိုး မောင်နှမရှိတယ်လို့ မကြားဖူးပါ။ မေမေလည်း မပြောဖူးပါ။

မြို့နဲ့အလှမ်းဝေးလှတဲ့ ရပ်ကွက်ငယ်လေးမှာနေရတဲ့ မေမေနဲ့ ရုံရုံ့ဘဝချို့ချို့တဲ့တဲ့ပါ။ မေမေက ကွမ်းသီးဒိုင်တစ်ခုက ကွမ်းသီးညှပ်တဲ့ အလုပ်သမား။





မေမေရဲ့ကွမ်းသီးညှပ်ခလေးနဲ့ ရုံရုံတို့သားအမိ အသက်ဆက်ရသည်။ ရုံရုံ ဆယ်တန်းနှစ်မှာ မေမေက အညောင်းမိတဲ့ရောဂါရပြီး အလုပ်နိုင်မကိုင်နိုင် ဖြစ်လာသည်။

ထိုအခါ ရုံရုံ ကျောင်းထွက်ပြီး မေမေ့နေရာမှာ ဝင်လုပ်ရသည်။ ရုံရုံက ထိုစဉ်က ကွမ်းသီးမညှပ်တတ်တော့ လက်ကို ကွမ်းညှပ်ထိတာလည်း ခံရသေးသည်။ ကွမ်းသီးညှပ်တာ လက်မသွက်လို့လည်း ဝင်ငွေက နည်းလှသည်။

ဒီလိုနဲ့ သားအမိနှစ်ယောက် ချို့ချို့ငဲ့ငဲ့နေလာရာ။

တစ်နေ့။

ထိုနေ့ကပေါ့။

ရုံရုံတို့အိမ်နားက ရုံရုံ့သူငယ်ချင်းမတွေက မြို့တက်ပြီး အလုပ်လုပ်ဖို့ စီစဉ်ကြသည်။

ထိုအစီအစဉ်ကို ရုံရုံလည်း စိတ်ဝင်စားပါသည်။

ဝင်ငွေများများရတဲ့အလုပ်ဆိုလျှင် ရုံရုံ လုပ်ချင်သည်။ ဘာဖြစ်လို့လဲဆိုတော့ မေမေ့ကို ထိထိရောက်ရောက် ဆေးကုဖို့လိုအပ်တယ် မဟုတ်လား။

မြို့မှာ အလုပ်ရှာပေးမယ်ဆိုတဲ့ ဒေါ်ထွေးမမဆိုတဲ့ အမျိုးသမီးကြီးတစ်ဦးနဲ့ သူငယ်ချင်းမတွေ ချိတ်ဆက်မိ၏။

ဒီလိုနဲ့ ရုံရုံလည်း မြို့တက်အလုပ်လုပ်ဖို့ မေမေ့ကို ပူဆာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ မေမေက မျက်ရည်လေးတကျကျနဲ့ တားရှာသည်။

သူငယ်ချင်း ဝေမာ၊ အိမ်၊ တုံတုံတို့ရဲ့အမေတွေက မေမေ့ကို ဝိုင်းဝန်းဖြောင်းဖျပြီး ရုံရုံကို အိမ်တို့နဲ့အတူ မြို့တက် အလုပ်လုပ်ခွင့်ပေးဖို့ စည်းရုံးကြသည်။

အလုပ်ရှာပေးမယ့် ထိုအမျိုးသမီးကြီးက ရုံရုံတို့ရဲ့မိဘတွေကို သုံးလစာ ငွေကြိုပေးမယ်။

ကြိုငွေနဲ့ မေမေက စားသောက်နေ။ နောက်တော့ လစာတွေ ရုံရုံတို့ ပြန်ပို့ပေးမယ်။ မေမေ အေးအေးဆေးဆေး ထိုင်စားပြီး ဆေးကုရုံပေါ့။

ဒီလိုနဲ့ပဲ တစ်ဦးတည်းသောသမီးလေးဖြစ်တဲ့ ရုံရုံကို မေမေက မထည့်ချင်ထည့်ချင်နဲ့ ထည့်လိုက်ခြင်း။

အိမ်တို့မိဘတွေလည်း သုံးလစာ ကြိုရလို့ ကျေနပ်နေကြသည်။ ရုံရုံတို့သူငယ်ချင်းမအားလုံးပေါင်း ခြောက်ယောက်တိတိ။

အလုပ်ရှာပေးတဲ့ အမျိုးသမီးဒေါ်ထွေးမမနဲ့ ရုံရုံတို့ အရပ်ထဲက ထွက်တော့ မေမေ့ခမျာ ငိုနေတာတအားပဲ။

အကယ်၍ ကွမ်းသီးညှပ်တဲ့ဝင်ငွေက ရုံရုံတို့မိသားစု စားသောက်လောက်တဲ့အတိုင်းအတာဆိုရင် ရုံရုံလည်း မေမေ့ကို ထားရစ်ခဲ့ပြီး ဘယ်မှာမှ အလုပ်လုပ်ဖို့ သတ္တိမွေးနိုင်မှာမဟုတ်ဘူး။

စားမလောက်တဲ့ဝင်ငွေနဲ့ မေမေ့ကို ဆေးကုနိုင်ရေးအတွက်





မေမေ့ကိုထားခဲ့ရတာ ရုံရုံလည်း စိတ်မချမ်းသာပါ။

မေမေ မမြင်အောင် ရင်ထဲမှာ ကြိတ်ငိုရင်း ကျောခိုင်းခဲ့ရတဲ့ အဖြစ်။

မေမေရယ်။

မေမေ့ကို ဆေးကောင်းဝါးကောင်း ကျွေးခွင့်ရချင်လို့ သမီး စွန့်စားတာပါ။

✿

ဒေါ်ထွေးမမက ရုံရုံတို့ခြောက်ယောက်ကို ရန်ကုန်မြို့ ဆင်ခြေဖုံးရပ်ကွက်က တန်းလျားအိမ်ခန်းတစ်ခုမှာ နေစေသည်။

ထိုတန်းလျားရဲ့ဘေးခန်းမှာလည်း ရုံရုံအရွယ်မိန်းကလေးလေးတွေ ရှိနေသည်။

လောလောဆယ်မှာ ရုံရုံတို့ကို ဒေါ်ထွေးမမက ကောင်းကောင်းမွန်မွန် ကျွေးမွေးထားသည့်မှာ ကျေးဇူးကြီးလှပေသည်။

"ဟိုဘက်ခန်းက ကောင်မတွေကို နေရာချပြီးရင် ညည်းတို့အလှည့်ပဲ၊ ဘာမှစိတ်မပူကြနဲ့"

"ဟုတ်ကဲ့"

ရုံရုံတို့ ခြောက်ယောက်က ဒေါ်ထွေးမမပြောသည့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကဲ့ လိုက်ရသည်။

တစ်ဖက်ခန်းမှာရှိနေတဲ့ မိန်းကလေးခုနစ်ယောက်ကို ဒေါ်ထွေးမမက နှစ်ယောက်တစ်တွဲ အပြင်ခေါ်ထုတ်သွား၏။

ဒီလိုနဲ့ နှစ်ယောက်စီလျော့ကာ နောက်ဆုံးတစ်ယောက်သာ ကျန်သည်။ ထိုတစ်ယောက်ကို ညဘက်ကြီး ဖိမ်ခံကားတစ်စီးပေါ် တင်ပေး လိုက်တာလေ။ ရုံရုံက အိပ်မပျော်လို့ ပြတင်းပေါက်နားရပ်ပြီး မေမေ ဘယ်လိုနေမလဲ။ ဘာလဲ တွေးရင်း ငေးစဉ့် မြင်တွေ့သွားသည်။

ဇိမ်ခံကားပေါ်မှာ ထိုမိန်းကလေးတစ်ယောက်တည်း။

ကားထဲမှာ ယောကျ်ားသုံးယောက်ပါနေတာ မြင်လိုက်ရတော့ ရုံရုံ စိတ်ထဲတစ်မျိုး ဖြစ်သွားသည်။

ဒေါ်ထွေးမမက ဘာအလုပ်အပ်ပေးမှာလဲ။

ထိုသို့တွေးရင်း ဒေါ်ထွေးမမရဲ့ အရိပ်အကဲကို ရုံရုံ စောင့်ကြည့်နေမိသည်။

✿

"ပန်းနု၊ အိမနဲ့ ငြိမ်းငြိမ်း အန်တီထွေးနဲ့လိုက်ခဲ့ကြ။ ဈေးဝယ်သွားကြမယ်"

ရုံရုံတို့ခြောက်ယောက်ထဲက အိမတို့သုံးယောက်ကို ခေါ်ထုတ်





သွားသည်။

ဝေမာ၊ တုံတုံနဲ့ ရုံရုံတို့သုံးယောက်သာ ကျန်ခဲ့သည်။

"အေးနေ့ အန်တီထွေးက တုံတုံတို့ကို ချန်ထားတာ မတရားဘူး။ ခေါ်သွားရင် ဘာဖြစ်မှာမို့လို့လဲ"

တုံတုံ မကျေမချမ်းပြော၏။ ဝေမာကလည်း ထောက်ခံသည်။

"ဟုတ်သားပဲ၊ ခေါ်သွားရင် အကောင်းသားဟယ်။ ဒီအခန်းထဲနေရတာ ပျင်းလှပြီ"

"ပျင်းတာတော့ ပျင်းပါတယ်။ ဒါပေမဲ့ အန်တီထွေးက ဘာအလုပ်ပေးမလဲ။ အဲဒါကို မေးကြည့်ရင် မကောင်းဘူးလား"

ရုံရုံပြောလျှင် တုံတုံတို့နှစ်ယောက် ခေါင်းလေးညိတ်ရှာသည်။

"ဟုတ်တယ်၊ ဘယ်လိုအလုပ်မျိုးလဲဆိုတာ သိဖို့လိုတယ်ဟ"

"အန်တီထွေးလာရင် မေးကြည့်ရအောင်လား"

"မေးရမှာပေါ့။ ပြီးတော့ ရုံရုံတို့သူငယ်ချင်းခြောက်ယောက်လုံး တစ်နေရာတည်းမှာ အလုပ်အတူလုပ်ရဖို့ ပိုအရေးကြီးတယ်"

"ဟုတ်တယ်၊ သေချာမေးကြစို့ဟဲ့"

ဒီလိုနဲ့ ရုံရုံတို့သုံးယောက် ဒေါ်ထွေးမမကို အလုပ်ကိစ္စ သေချာမေးဖို့ ပြင်ဆင်ထားသည်။

ထိုစဉ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ပန်းနုတို့သုံးယောက်ကို ဈေးဝယ်ထွက်ဖို့ ခေါ်သွားတဲ့ ဒေါ်ထွေးမမက သုံးရက်ကြာမှ ပြန်ပေါ်လာသည်။

"ညည်းတို့ စိတ်မပူပါနဲ့အေ။ စက်ရုံမှာ အလုပ်လိုက်ရှာပြီး တစ်ပါတည်း သွင်းပေးခဲ့တယ်။ ညည်းတို့အတွက်ပါ အလုပ်ရှာလာတယ်။ ဒီရက်ပိုင်းအတွင်း ရပါမယ်"

"ဘယ်မှာရမှာလဲ အန်တီထွေး"

ရံရံ ဖျတ်ခနဲမေးလိုက်တော့ ဒေါ်ထွေးမမ ရံရံ့ကို အတန်ကြာ စိုက်ကြည့်၏။ ပြီးမှ မျက်နှာချိုချိုလေးဖြင့် –

"ပန်းနုတို့စက်ရုံနားမှာ ဖိနပ်စက်ရုံရှိတယ်။ ဖိနပ်စက်ရုံမှာ





ဆိုရင် ညည်းတို့သဘောကျမလား"

"ဟုတ်"

"ဟုတ်ကဲ့ ကျပါတယ်"

ဝေမာနဲ့တုံတုံ သဘောကျစွာဖြေ၏။ ရံရံလည်း ခေါင်းလေး ညိတ်မိသည်။

ဒီလိုနဲ့ နောက်တစ်နေ့မှာ။

"နှစ်ယောက်ပဲလိုတာလား။ ဟုတ်ပြီ အဲဒါဆို နှစ်ယောက်ပဲ အရင်လာပို့မယ်။ ဒါပဲနော်"

ဒေါ်ထွေးမမ ဖုန်းစကားပြောပြီးသည်နှင့် တုံတုံနဲ့ဝေမာကို ခေါ်ထုတ်သွား၏။ ထိုအခါ ရံရံ တစ်ယောက်တည်း ကျန်ခဲ့သည်။

အန်တီထွေး ပြန်ရောက်လာတော့ ရံရံ့ကို ပြောသည်။

"တုံတုံတို့စက်ရုံမှာပဲ အလုပ်ရဖို့ ပြောထားတယ်။ တစ်ပတ်လောက် စောင့်ပါတဲ့။ အလုပ်သမတစ်ယောက် ထွက်ဖို့ရှိလို့တဲ့။ ရံရံလေး ဘာမှအားမငယ်နဲ့။ အန်တီထွေးက ရံရံ့ကို အိမ်တို့ထက် ကောင်းတဲ့ အလုပ်နေရာမှာ ထားပေးမယ်။ ဝင်ငွေလည်း ပိုရစေရမယ် သိလား"

ရံရံကို ချိုချိုလေးပြောလာသည့် အန်တီထွေး။ ရံရံ ခေါင်းလေးညိတ်လိုက်ပေမယ့် သတိတော့ထားနေရသည်။

ရံရံက အိမ်တို့နဲ့ ဖုန်းဆက်မယ်ပြောတော့ အန်တီထွေးက



www.burmeseclassic.com

www.burmeseclassic.com



ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့ ငြင်းနေသည်မဟုတ်လား။

ဒါကြောင့် ရုံရုံ သတိကြီးနေရခြင်း။

ဒီလိုနဲ့။

တစ်ည။

✿

"ဦးကိုကြီးသာ ကတိတည်ပါစေ။ ထွေးမမဆိုတာ ပြောတဲ့အတိုင်း ဖြစ်အောင်လုပ်ပေးတာရှင့် ... ဟင့် ဟင့် ဟင့်။ ဦးကိုကြီးအတွက် ရှာထားတဲ့ ဒီမိန်းကလေးက ရှယ်ထက်ရှယ်ရှင့်။ ဒေါင်းမလေးလို ကြွကြွလေး။ ဦးကိုကြီး မြင်တာနဲ့ အာရုံကျရုံမက တစ်သက်လုံး ဒါလေးနဲ့ စံစားချင်စိတ် ဖြစ်သွားစေရမယ် ... ဟင့် ဟင့် ဟင့်။ ထွေးမမတို့က ပိုင်မှရိုက်တာ။ စိတ်ချ။ ဦးကိုကြီး အိပ်ခန်းထဲအရောက်လာထည့်ပေးမယ်။ စောင့်နေရှင့်။ နောက်တစ်နာရီ ရောက်လိမ့်မယ်။ အင် ... ဒါပဲနော်"

အားရပါးရပြောနေတဲ့ အန်တီထွေးအသံစူးစူးကြောင့် အိပ်မောကျနေတဲ့ ရုံရုံ ဖျတ်ခနဲ နိုးသွား၏။

အန်တီထွေးစကားတွေနားထောင်နေရင်းနဲ့ ရုံရုံ ကြောက်စိတ်ဝင်လာသလို ဒေါသလည်း ထွက်၏။





ဦးကိုကြီးနာမည်။

ပြီးတော့ အိပ်ခန်းထဲအရောက်လာထည့်ပေးမယ်ဆိုတဲ့စကားနဲ့ ဒီမိန်းကလေးက ရှယ်ထက်ရှယ်၊ ဒေါင်းမလေးလို ကြွကြွလေးဆိုတဲ့ စကားလုံးတွေက ဘယ်လိုမှ ရိုးရိုးသားသား မဖြစ်နိုင်ပါ။

သေချာတာက ရုံရုံကို အန်တီထွေးက ဦးကိုကြီးဆိုသူကို ဘာညာကိစ္စအတွက် ရောင်းစားတော့မယ်ဆိုတာ အလိုလို ရိပ်မိသွားသည်။

ရုံရုံ ဘယ်လိုလုပ်ရမလဲ မေမေရယ်။ ဖြစ်နိုင်ရင် ညတွင်းချင်း မေမေရှိရာဆီ ပြေးသွားလိုက်ချင်တယ်။

ခုတော့။

✿

"သမီးလေးရုံရုံ ထ ထ"

ဘုရားရေ။

ရုံရုံကို ချိုချိုရွှင်ရွှင်လေသံနဲ့ လာနှိုးနေတဲ့ အန်တီထွေး။

ရုံရုံ ကြောက်စိတ်နဲ့ ဒေါသစိတ်တွေပေါင်းစုပြီး လှုပ်လှုပ်ရှားရှားဖြစ်ကာ ပေါက်ခနဲ ထထိုင်မိသည်။

ဒေါ်ထွေးမမက ပြုံးပြုံးချည်း စိုက်ကြည့်ပြီး -



www.burmeseclassic.com

www.burmeseclassic.com



"ထပြီလား၊ လိမ္မာလိုက်တာ ရုံရုံရယ်။ သွား သွား မျက်နှာသစ်ပြီး လုလုပပ ပြင်ဆင်။ ပြီးတော့ အန်တီထွေးဝယ်ထားပေးတဲ့ ဝတ်စုံအသစ်လေး လဲဝတ်လိုက် ဟုတ်ပြီလား။ မြန်မြန်လေးလုပ်။ အန်တီထွေးတို့ ကားဂိတ်ဆင်းဖို့ အချိန်နီးနေပြီကွယ်"

အန်တီထွေးပြောလို့မဆုံးခင် ရုံရုံ ထထွက်ခဲ့သည်လျှင် ဒေါ်ထွေးမမ သဘောကျသွားသည်။ ဒီမိန်းကလေးက သူမအတွက် ငွေသိန်းဆယ်ချီမက ရမှာလေ။

ဦးကိုကြီးနဲ့ စကားသေချာပြီးသား။

ဦးကိုကြီးက လူတစ်မျိုး။ မိန်းကလေးအသစ်တစ်ယောက် ရပြီဆိုရင် သူများတွေလို တစ်ကြိမ်ခေါ်ရုံနဲ့မပြီး။ လချီမက အကြာကြီး ခေါ်သုံးလေ့ရှိသည်။ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကြားမှာတော့ တစ်ကိုယ်တည်း လူပျိုကြီး ဂုဏ်ကြီးနေသည်။

သို့သော်လည်း သူ၏ ကြီးမားသောခြံကျယ်နဲ့ တိုက်၊ လုံခြုံသောတိုက်ထဲမှာ တပည့်တစ်ဦးနဲ့အတူနေတာ။ ထိုသို့သော မိန်းကလေးများကို ပုန်းလျှိုးကွယ်လျှိုးနဲ့ ခေါ်သွင်းကာ စည်းစိမ်ခံနေသူ။

ရှင်းတို့က ပိရိတာမို့ ဘယ်သူမှ မရိပ်မိနိုင်ပေ။

ဦးကိုကြီးက သူခေါ်ထားတဲ့ မိန်းကလေးကို ငြီးငွေ့လာရင် တစ်ယောက်ပြောင်း၏။ ပြောင်းတိုင်းလည်း ဒေါ်ထွေးမမပဲ မိန်းကလေးတွေ ရှာပေးရသည် မဟုတ်လား။





ဒီတစ်ခါ ရှာပေးဖို့ ဦးကိုကြီး တောင်းဆိုတာက အပျိုစင်နုနုရွရွကလေး။ ဒါ့ပြင် ကိုယ်နေဟန်က ကြွလန်းနေရမည်။ တစ်နည်းအားဖြင့် ဒေါင်းပျိုမလေးလို ဖြစ်ရမည်တဲ့။

အိုကေပေါ့။

ဒီတစ်ခေါက် သူမ စုဆောင်းထားတဲ့ ဆယ့်သုံးယောက်ထဲမှာ ရုံရုံလေးက ဦးကိုကြီးလိုချင်တဲ့ပုံစံနဲ့ အံကိုက်ရယ်။

သူမ ဖုန်းနဲ့ရိုက်ပို့လိုက်တဲ့ ရုံရုံ့ပုံလေးကို မြင်လိုက်ကတည်းက ဦးကိုကြီး ရူးစိထနေတာလေ။

ဒါကြောင့် ဈေးနှုန်းကို အဆမတန် သူမ တောင်းလိုက်ခြင်း။

ဒင်းကလည်း ဒီမိန်းကလေးနဲ့ အနည်းဆုံးခြောက်လလောက် စံစားပါရစေဆိုတော့ ဒေါ်ထွေးမမ ခေါင်းညိတ်သဘောတူကာ သူမ တောင်းဆိုသမျှ ဆယ်တစ်သိန်းပေးမတဲ့။

လောလောဆယ် စရန်ငွေ တစ်သိန်းရထားပြီးပြီ။

ရုံရုံလေးကို ဦးကိုကြီးတိုက်ထဲ သွင်းပေးလိုက်တာနဲ့ ဆယ်သိန်းပက်ခနဲ ရမှာလေ။

ဒေါ်ထွေးမမ တွေးရင်း ပြုံးမဆုံး။ ကြည်နူးမဆုံး ဖြစ်နေသည်။

ထိုစဉ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"အန်တီထွေးရေ လာပါဦး။ ဒီမှာ ဆပ်ပြာတုံး ရေကန်ထဲ ကျသွားလို့"

ရုံရုံပြောသံကြောင့် ဒေါ်ထွေးမမ ကြည်နူးပြုံးပျော်နေရာမှ ချက်ချင်းပဲ ရေချိုးခန်းနား ရောက်လာသည်။

"အန်တီထွေး ဆယ်ပေးပါလား။ ရုံရုံ ဘယ်လိုမှ ဆယ်လို့မရ ဖြစ်နေလို့"

ရုံရုံပြောရင်း အုတ်ကန်နားကဖယ်၍ ရေချိုးခန်းအပြင်ဘက် ထွက်ပေးလိုက်သည်။ ဒေါ်ထွေးမမက ရုံရုံပြောတဲ့အတိုင်း ဆပ်ပြာတုံး ဆယ်ပေးဖို့ ရေချိုးခန်းထဲဝင်၏။





ထိုအခါ -

ရုံရုံက သူမအတွေးအတိုင်း ရေချိုးခန်းတံခါးကို ဂျိမ်းခနဲ ဆောင့်ပိတ်လိုက်၏။

"ဟဲ့ ရုံရုံ ဘာလို့ တံခါးပိတ်လိုက်တာလဲ။ ဖွင့်စမ်းပါအေ"

အန်တီထွေးပြောလို့မဆုံးခင် ရုံရုံ တံခါးချက်ချပြီး လှစ်ခနဲ ထွက်ခဲ့သည်။ ညကြီးမင်းကြီးဖြစ်ပေမယ့် ရုံရုံစိတ်က ရဲနေသည်။ လောလောဆယ် ဒီအခန်းတွဲမှာနေတဲ့သူတွေကို အကူအညီတောင်းဖို့ စိတ်ကူးရ၏။

ဒီခြောက်ခန်းတွဲ တိုက်တန်းလျားကို အန်တီထွေးက ဒီလိုင်းမှာပဲ သုံးခန်းဆက်တိုက်ငှားပြီး ရုံရုံတို့ကို ထားတာလေ။

ဟိုဘက်သုံးခန်းက လူရှိတာ ရုံရုံ သိနေသည်။ ထောင့်ဆုံး အခန်းက တိုက်ခန်းတွဲပိုင်တဲ့ ဒေါ်မွန်မွန့်အခန်း။

ရုံရုံ တံခါးထုပြီး ဒေါ်မွန်မွန်ကို အကျိုးအကြောင်းပြောပြပြီး အကူအညီတောင်း၏။

ဒေါ်မွန်မွန်ကလည်း ဒေါ်ထွေးမမ ကောင်မလေးတွေခေါ် လာပြီး ထားတာကို သံသယဖြစ်နေသည် မဟုတ်လား။

ဒီတော့ ချက်ချင်းပဲ လူကြီးတွေခေါ်ပြီး ရေချိုးခန်းတံခါးပိတ်ပြီး လှောင်ထားတဲ့ ဒေါ်ထွေးမမကို လက်ပူးလက်ကြပ် ဖမ်းဆီးစစ်ဆေး လျှင် လူပွဲစားမကြီးဖြစ်မှန်း ပေါ်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ အိမတို့ကို ပြန်ကယ်ထုတ်နိုင်ခဲ့သည်။

ရုံရုံတို့ရှေ့က ခေါ်ထုတ်သွားတဲ့ ထိုမိန်းကလေးနှစ်ယောက်က နယ်စပ်ဘက်ရောက်သွားပြီတဲ့။

ရုံရုံ အတွေးကောင်းလို့ လူပွဲစားလက်ထဲကနေ သူငယ်ချင်းတွေပါ လွတ်မြောက်ခွင့်ရတာလေ။

ဒါနဲ့ ရုံရုံတို့ ရွာပြန်ဖို့စီစဉ်ကာ ရွာကို ဖုန်းဆက်အသိပေး၏။ ထိုအခါ အိမအမေက –

"ရုံရုံလေးရေ ရုံရုံအမေရဲ့အမျိုးတွေ ရောက်လာပြီး ရုံရုံ့အမေကို ဆေးကုဖို့ ခေါ်သွားကြတယ်" တဲ့။

"ဟင် ဒါ ဒါဆို မေမေ ရွာမှမရှိဘူးပေါ့"

"မရှိဘူး"

"ဒါဆို ရုံရုံအမေရဲ့အမျိုးတွေ ဘယ်မှာနေလဲ။ ရုံရုံ လိုက်သွားချင်လို့ပါ ဒေါ်ဒေါ်"

"အဲဒါလည်း ပြောမသွားဘူး။ ရုံရုံအမေကို ရောဂါကုပေးပြီး ပြန်ပို့ပေးမယ်လို့ ပြောတာပဲ။ ရုံရုံအမေကလည်း ရောဂါကောင်းရင် ရွာပြန်လာမယ်တဲ့။ အဲဒီတုန်းက ရုံရုံတို့ဆီ ဖုန်းလည်းဆက်လို့မရတာနဲ့ အကြောင်းကြားလို့ မရဖြစ်နေတာလေ"

"ကျွတ်"

ရုံရုံ ရင်မှာ အားငယ်ခြင်းနဲ့အတူ မျှော်လင့်ချက်တွေ ကင်းမဲ့





သွားသည်။ ရွာပြန်ရင်လည်း မေမေကမရှိ။ မေမေမရှိတော့ ရင်ထဲမှာ ဗိုလစ်ဟာကာ ရွာပြန်ဖို့ ခွန်အားမဲ့သွားသည်။

အိမတို့အားလုံး ရွာပြန်တော့ ရုံရုံက မပြန်ဖြစ်တော့ပါ။ ဒေါ်မွန်မွန့်ကို အကူအညီတောင်းလျှင် ဒေါ်မွန်မွန်ကလည်း လက်ခံတာမို့ ရုံရုံ ကျန်ရစ်ခဲ့သည်။

အိမတို့ကိုတော့ သေချာမှာလိုက်သည်။

"မေမေ ရွာပြန်ရောက်ရင် ဒါမှမဟုတ် အဆက်အသွယ်လုပ်သာရင် ဒေါ်ဒေါ်မွန့်ဖုန်းကို ဆက်ပေးပါနော်"

"စိတ်ချပါ သူငယ်ချင်းရယ်"

ဒီလိုနဲ့ပဲ ရုံရုံက ဒေါ်မွန်မွန်နဲ့ နေကာ။

အလုပ်လုပ်ချင်နေတဲ့ ရုံရုံ့ကို ဒေါ်မွန်မွန်က အလုပ်လိုက်ရှာပေး၏။ နောက်ဆုံးတော့ မကီရဲ့အလှပြင်ဆိုင်မှာ အလုပ်ရသည်လေ။

မကီကလည်း တစ်ယောက်တည်းမို့ သူမနဲ့အတူ နေစေသည်။ ဒေါ်မွန်မွန်ကလည်း မိန်းမချင်းမို့ စိတ်ချ၏။

ဒါပေမဲ့ …

ရုံရုံကိုတော့ ဒေါ်မွန်မွန် သေချာသတိပေးခဲ့သည်။

"သတိနဲ့နေပါကွယ်။ ဘယ်သူ့ကိုမှ အယုံမလွန်စေနဲ့။ အရေးအကြောင်းရှိရင် ဒေါ်မွန့်ဆီသာပြေးလာခဲ့၊ ဟုတ်ပြီလား။ ရွာကသတင်းရှင်လည်း ဒေါ်မွန်လာပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ပဲ ရုံရုံ မကိဆီမှာ လုံခြုံစွာနေခဲ့ရသည်။

အစပိုင်းတော့ မကိက ရိုးသားစင်ကြယ်လှသည်။ မကိထင်သလို ဇျူဝီပါလာက အောင်မြင်မှုမရလာတဲ့နောက်ပိုင်းမှာ မကိရဲ့ပင်ကိုစရိုက်တွေ ပြောင်းလဲလာကာ။

ထိုအပြောင်းအလဲကို ရုံရုံ မနှစ်သက်တာမို့ ရှောင်ထွက်ဖို့ ကြိုးစားလိုသည်။ တံခါးကလည်း ကူညီပေးပြီမို့ ခုလို လုံခြုံတဲ့နေရာသို့ ရုံရုံ ရောက်ခဲ့ခြင်းဖြစ်သည်။

ဒေါ်မွန့်ဆီမသွားတာက မကိ ပြန်လိုက်ခေါ်မှာစိုးလို့။ လောလောဆယ် ရုံရုံ့ဘဝလုံခြုံရေးနဲ့ သိက္ခာရှိရှိ နေနိုင်ရေးသာ အရေးကြီးတယ် မဟုတ်လား။

✿ ✿ ✿

## အခန်း (၁၅)

"မောင်ခေတ်ကို အန်ကယ် လေးစားပါတယ်"

"ဘာဖြစ်လို့လဲ အန်ကယ်"

"အားကိုးရာမဲ့နေတဲ့ မိန်းကလေးတစ်ယောက်ကို သိက္ခာရှိရှိနဲ့ လုံလုံခြုံခြုံ နေထိုင်ခွင့်ရအောင် စီစဉ်ပေးလို့ကွ"

"ကျေးဇူးတင်ပါတယ် အန်ကယ်။ ရုံရုံ့ပင်ကိုယ်စိတ်ထားကို ဘ ရိုးသားစင်ကြယ်နေတာကိုး။ ဒါကြောင့် ကျွန်တော်လည်း အန်တီဆီ ခေါ်သွားမိတာ။ အန်တီဖြူကလည်း လှိုက်လှိုက်လှဲလှဲ လက်ခံလို့ တော်သွားတာ။ နောက်ဆို မလွယ်ဘူး အန်ကယ်"

"ဘာပဲဖြစ်ဖြစ် မောင်ခေတ်ရဲ့လုပ်ဆောင်ချက်ကို အန်ကယ်



www.burmeseclassic.com

www.burmeseclassic.com



ချိုးကျူးပါတယ်''

"ထပ်ဆင့်ကျေးဇူးတင်ပါတယ် အန်ကယ်။ ဒါပေမဲ့ တစ်ခု တော့ တောင်းဆိုချင်တယ်''

"ဘာများလဲ မောင်ခေတ်''

ဦးဝေလှခေါင်က သောက်လက်စကော်ဖီခွက်ကို ဆက်မသောက်ဖြစ်သေးဘဲ မောင်ခေတ် ဘာတောင်းဆိုမလဲဆိုတာ စိတ်ဝင်စားစွာ မေး၏။

ခေတ်တံခါးက အနည်းငယ် မျက်နှာလွှဲ၍ –

"အခုလိုတောင်းဆိုရတာ အားတော့နာတယ် အန်ကယ်''

"အားမနာပါနဲ့ ပြောကွာ''

ခေတ်တံခါး ခေါင်းလေးတဆတ်ဆတ်ညိတ်၏။ ထို့နောက် သူ့ရှေ့ချထားသော မသောက်ရသေးသည့်ကော်ဖီခွက်ကို စိုက်ကြည့်၍ ပြော၏။

"ကျွန်တော် ပန်ပန့်နောက် တကောက်ကောက်လိုက်နေရတဲ့ အလုပ်မျိုး မလုပ်ချင်တော့ဘူး''

"ဟေး''

ဦးဝေလှခေါင် မျက်လုံးပြူးထွက်သွားသည်အထိ အံ့ဩသွားသည်။ ခေတ်တံခါး ထိုအလုပ်ကို ပျော်မွေ့လို့လုပ်နေတာ မဟုတ်မှန်း အစကတည်းက ဦးဝေလှခေါင် အကဲခတ်နေမိသည်။





သို့သော် ခုလိုတောင်းဆိုလိမ့်မယ်လို့ မမျှော်လင့်ပါ။

"ဟုတ်တယ် အန်ကယ်။ အန်ကယ့်ရဲ့ စီးပွားရေးလုပ်ငန်းဆိုင်ရာ အလုပ်တွေခိုင်းတယ်ဆိုရင် ကျွန်တော်လုပ်ပေးဖို့ ဝန်မလေးဘူး''

ဦးဝေလှခေါင် သက်မရှည်ချည်း ချပြန်သည်။

ခေတ်တံခါးကို စမြင်ကတည်းက သူ သဘောကျခဲ့သည်။ သူ့သူငယ်ချင်း ယုံကြည်ရတဲ့တပည့်မို့ သူလည်း ယုံယုံကြည်ကြည်နဲ့ ခေါ်ယူလာပြီး သမီးနောက်ထည့်လိုက်တာ အကြောင်းမဲ့မှ မဟုတ်ပါ။

စာရိတ္တအခြေခံကောင်းရှိတဲ့ သူငယ်ကို သမီးလေးနဲ့ နီးစပ်ခွင့် ပေးချင်တယ်။ တစ်နည်းပြောရရင် သမီးနဲ့ သင့်တော်မယ့် လူငယ်ဖြစ်တယ်လို့၊ သူ ယူဆသည်။ ထို့ကြောင့် ဘာမှနောက်ခံမရှိတဲ့ ခေတ်တံခါးကို သမက်အဖြစ် သူ့စိတ်ထဲက ရည်ရွယ်ပြီးဖြစ်သည်။

ခုတော့ –

"မောင်ခေတ် စဉ်းစားပါဦးကွ''

"ကျွန်တော် စဉ်းစားပြီးမှ ပြောတာပါ အန်ကယ်။ ပန်ပန့်ကို ကျွန်တော့်ညီမလေးလို ခင်တွယ်ပါတယ်။ ဒါပေမဲ့ . . . အဲလို အနောက် တကောက်ကောက် လိုက်နေရတာက ကျွန်တော်လုပ်ချင်တဲ့အလုပ်မျိုး မဟုတ်ဘူး။ အကယ်၍ ကျွန်တော့်အတွက် အန်ကယ်မှာ ပေးစရာ အလုပ် မရှိဘူးဆိုရင်လည်း ကျွန်တော့်ကို ဒီအလုပ်က ထွက်ခွင့်ပေးပါ''

"ဟာ မောင်ခေတ်''



www.burmeseclassic.com

www.burmeseclassic.com



ဦးဝေလုခေါင် မယုံနိုင်အောင် ဖြစ်ရ၏။

"ကျွန်တော် ပွင့်ပွင့်လင်းလင်း တောင်းဆိုတာပါ အန်ကယ်"

"နေ နေ အန်ကယ် စဉ်းစားဦးမယ်"

ဦးဝေလုခေါင် ပျာပျာသလဲ ဟန့်တားရင်း စကားစကို ဖြတ်တောက်ဖို့ ကြိုးစားကာ လက်ဖက်ရည်စားပွဲရှေ့ ထိုင်နေရာမှ ထလေသည်။

ခေတ်တံခါးလည်း ထိုင်ရာမှထ၍ –

"ကျွန်တော်က အန်ကယ်ဦးမင်းမောင်ဆီမှာ စက်ရုံလုပ်ငန်းကြီးပဲ တောက်ရှောက်လုပ်လာတာပါ။ ဒါကြောင့်မို့ စက်ရုံလုပ်ငန်းမျိုးတွေနဲ့ပဲ အကျွမ်းတဝင် ဖြစ်နေလို့ပါ အန်ကယ်"

"ကျုတ် အန်ကယ်တော့ ဟိုမိန်းကလေးကြောင့်လို့ပဲ ထင်တယ်ကွာ"

ခေတ်တံခါး ဘာမှမပြောတော့ပါ။ ဘယ်သူ့ကြောင့်ထင်ထင်လေ။ ထင်ခွင့်ရှိတယ် မဟုတ်လား။

"အန်ကယ် စဉ်းစားပြီးမှပြောမယ်။ ဒါပဲကွာ အန်ကယ်ကုမ္ပဏီ သွားတော့မယ်"

ဦးဝေလုခေါင်က စကားစကို ဖြတ်ဖြတ်၍ ထွက်သွားလေပြီ။ ထိုအခါ ခေတ်တံခါးက ဘာမှပြန်ပြောခွင့် မသာတော့ပါ။ လက်ဖက်ရည်ဝိုင်းမှာပဲ စိတ်ပျက်လက်ပျက် ပြန်ပြီး ထိုင်ချလိုက်သည်။





သူနဲ့အန်ကယ့်ပြောစကားကို စောင့်ကြည့်ရင်း ပန်ပန့်အတွက် မနက်စာပြင်ဆင်နေတဲ့ အန်တီကြီးက –

"မောင်ခေတ်ရယ် လောလောလတ်လတ်ချည်း တောင်းဆိုတော့ အန်တီကြီးလည်း ခွင့်မပြုချင်ဘူးကွယ်"

"ကျွန်တော်က"

"အန်တီကြီး နားလည်ပါတယ်။ ပန်ပန်လေးကိုလည်း သနားတယ်။ ခများက မိခင်မဲ့လေးမဟုတ်လား။ ဝါသနာပါတာကလည်း အနုပညာအလုပ်။ အဲဒီအလုပ်ကလည်း ဘာမှအာမခံချက်ရှိတာ မဟုတ်ဘူး။ တားပြန်ရင်လည်း ပန်ပန်လေး စိတ်ထိခိုက်လိမ့်မယ်။ တားရက်လို့ လုပ်ခွင့်ပေးလိုက်တာလည်း မောင်ခေတ်ကို ယုံကြည်လို့"

"ကျွန်တော်လည်း ပန်ပန့်ကို ညီမရင်းလို သဘောထားပါတယ် အန်တီကြီး။ ဒါပေမဲ့ ကျွန်တော် တကောက်ကောက်လိုက်နေရတော့ ပန်ပန်က သူ့ကိုယ်သူ ယုံကြည်မှုအားနည်းသွားမယ့်သဘောရှိတယ်။ နောက်ပြီး ပန်ပန့်ကို စိတ်ဝင်စားနေတဲ့ တခြားလူငယ်တွေလည်း ရှိတယ်။ ကျွန်တော်ရှိနေတော့ အဟန့်အတားကြီးလို ဖြစ်နေတယ်။ ဒါကြောင့်လည်း ပါပါတယ် အန်တီကြီး"

"အလိုလေး ပန်ပန်လေးကို တခြားကောင်လေးတွေ ချဉ်းကပ်လို့ရအောင် ဟုတ်လား မောင်ခေတ်"

"ဒါက ဒီလိုရှိတယ် အန်တီကြီး။ ပန်ပန်လည်း လွတ်လပ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



လူငယ်ပီပီ စိတ်ကြိုက်လေ့လာခွင့်နဲ့ ရွေးချယ်ခွင့်ရှိတယ်လေ"

"မဟုတ်တာပဲကွယ်။ အန်တီကြီးတော့ မောင်ခေတ်ကို အံ့ဩတယ်။ ကဲ ကဲ လက်ဖက်ရည်သောက်ဦး။ မုန့်လည်း စားဦး။ ပန်ပန်လေး နိုးပြီလားမသိဘူး အန်တီကြီး သွားကြည့်ဦးမယ်"

ဒေါ်ဝေလှချို ပြောဆိုရင်း ထွက်သွားသည်က ဘယ်လိုမှ လက်မခံနိုင်စွာ။

ဟင့်အင်း။

မဖြစ်နိုင်တာကွယ်။

✿ ✿ ✿

## အခန်း (၁၈)

"တောက် တံခါး"

ပန်ပန့်ဒေါသလေး ပျို့တက်လာသလို ပျို့တက်လာတဲ့ဒေါသနဲ့ စိခေါ်လိုက်သည်။

ခေတ်တံခါး ငုံကြည့်လို့မဆုံးခင် ပန်ပန်က တံခါးလက်မောင်းကို ဆတ်ခနဲ ဆွဲပြီးသားဖြစ်သည်။

"ကျွတ် ပန်ပန်"

"ဘာသဘောလဲ ရှင်က"

မျက်နှာချင်းဆိုင်မိသည်နှင့် ပန်ပန် တုံးတိမေး၏။

ခေတ်တံခါးက ဆုပ်ကိုင်ခံထားရတဲ့ သူ့လက်မောင်းပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



ပန်ပန့်လက်ကို ဖယ်ချ၏။

"ပြောလေ တံခါး"

ပန်ပန်က ဖယ်ချမခံဘဲ ဖွတ်မေး၏။

"ဘာကိုလဲ"

တံခါး စိတ်ပျက်စွာမေးလျှင် –

"ဘာရမလဲ ရှင်နဲ့ရုံရုံ"

သူ ခေါင်းတစ်ချက်ရမ်းလိုက်သည်။

"ဘာလဲ ငြင်းမလို့လား။ မနေ့က တစ်နေ့လုံး ရှင်နဲ့ရုံရုံ ပျောက်နေတာလေ။ မကိုနဲ့ပန်ပန် ခေါင်းမီးတောက်မတတ် လိုက်ရှာနေတာ ဘယ်မှာမှ မတွေ့ရဘူး။ ဖုန်းလည်း ဆက်လို့မရဘူး။ အဲဒါတွေကို ရှင် ဘယ်လိုဖြေရှင်းမလဲ ... ခေတ်တံခါး"

ခေတ်တံခါးက ပန်ပန့်မေးသံမဆုံးခင် သူ့လက်မောင်းပေါ်က ဆုပ်ကိုင်ထားဆဲဖြစ်တဲ့ ပန်ပန့်လက်ကို အတင်းဖယ်ချ၍ ပန်ပန်နဲ့ အလှမ်းကွာရာဆီ လျှောက်ထွက်ခဲ့သည်။

ထိုအပြုအမူကြောင့် ပန်ပန် ဒေါသဒေါ့ခုန် ခံပြင်းသွားပြီး–

"တံခါး"

"နေစမ်းပါဦး ... ကိုယ်နဲ့ရုံရုံ တစ်နေ့လုံးအတူရှိနေတယ်ဆိုရအောင် ပန်ပန် ဘာနဲ့သက်သေပြမလဲ"

"ဟင်"





"ပြောလေ ပန်ပန်"

ပုလဲပန်ပန် ခြေလှမ်းလေးတန့်သွားက ဘာပြောရမှန်းမသိအောင် ထူပူသွားသည်။

"ဒါ ဒါဆို တစ်နေ့လုံးမကဘူး အခုချိန်ထိ ရုံရုံပျောက်နေတာ တံခါးနဲ့ မပတ်သက်ဘူး။ အဲလိုလား တံခါး။ ဟုတ်လားဟင်"

"ရုံရုံ ပျောက်နေသလား"

ခေတ်တံခါး မသိချင်ယောင်ဆောင်ပြီး မေးလိုက်သည်။ ပန်ပန်က အားတက်သရောဖြစ်ကာ –

"ဟုတ်တယ်၊ ရုံရုံ ပျောက်နေတယ်။ မကို လိုက်ရှာတာ နေပြီတဲ့။ ပန်ပန် အရင်ကနေခဲ့တဲ့ အခန်းမှာလည်း သွားရှာပြီးပြီ။ အဲဒီအခန်းက ဒေါ်မွန်ပြောတာ ရုံရုံ ရောက်မလာဘူးတဲ့။ ခုထိလည်း ရုံရုံကို မတွေ့သေးဘူး"

"အဲဒါ ကိုယ်နဲ့ ဘာဆိုင်လဲ"

"မသိဘူးလေ၊ တစ်နေ့လုံး ရုံရုံနဲ့အတူရှိနေပြီး ရုံရုံကို တစ်နေရာရာမှာ ဝှက်ထားတယ်လို့ ပန်ပန် ထင်နေတာ။ ဒါဆို ရှင် တကယ် မဟုတ်ဘူးပေါ့။ ရုံရုံ ပျောက်နေတာ တကယ်မသိဘူး။ အဲလိုလား"

သူ ခေါင်းလေးညိတ်ကာ တစ်ယောက်ထိုင်ဆိုဖာမှာ ဝင်ထိုင်လိုက်သည်။ ပန်ပန်ကလည်း သူ့ဘေးက ဆိုဖာပေါ် သုတ်ခနဲ ဝင်ထိုင်ရင်း မေး၏။



www.burmeseclassic.com

www.burmeseclassic.com



ရုံရုံ ဘယ်မှာရှိနေလဲဆိုတာ မကိကိသာမက ပန်ပန်လည်း မသိသင့်ဘူးလို့ ခေတ်တံခါး ယူဆသည်။

ဒါကြောင့် . . . ချက်ချင်း ခေါင်းလေးဆတ်၏။

ထိုအခါ . . .

ပန်ပန် အားတက်သရော ဖြစ်သွားပြီး

"ဒါဆို တံခါးက ဘယ်ရောက်နေလဲ။ ဘာလို့ဖုန်းခေါ်မရတာလဲ"

"ဖုန်းက ရေစိုသွားလို့ ခေါ်လို့မရဖြစ်နေတာ၊ မနေ့က တစ်နေ့ပျောက်နေတာက ကိုယ့်ဖေဖေ သတင်းစုံစမ်းနေလို့"

"ဟယ် . . . ဒါဆို တကယ်ပေါ့"

"ဟုတ်"

"ဟယ် . . . ဝမ်းသာလိုက်တာ။ ပန်ပန်ကလေ မကိကိပြောသလို ရုံရုံနဲ့လို့ထင်နေတာ။ တော်သေးတာပေါ့။ ဒါနဲ့ တံခါး ဖေဖေ့သတင်း ဘာထူးသေးလဲ"

"မထူးခြားပါဘူး"

"ထူးခြားရင် ပြောလေ။ ပန်ပန်လည်း တံခါးဖေဖေနဲ့ တွေ့ချင်ရချင်တာ။ ဒါနဲ့ တံခါး . . . တံခါးက ပန်ပန့်ကိုယ်ရံတော် မလုပ်ချင်တော့ဘူးဆို ဟုတ်လား။ အန်တီကြီးပြောတာ"

"တခြားအလုပ်လုပ်ချင်လို့ပါ ပန်ပန်"





"အဲဒါဆိုလည်း ရတယ်လေ။ ပန်ပန်လည်း ဒယ်ဒီ့ကို ပြောပေးမယ်။ ကုမ္ပဏီမှာ တံခါးကို အလုပ်ပေးဖို့။ ပြီးတော့ ပန်ပန်လည်း ဒယ်ဒီ့ကုမ္ပဏီမှာ အလုပ်ပြန်ဝင်မယ်။ မော်ဒန်အလုပ်ကို ရပ်လိုက်မယ်လေ"

"ရပ်မယ်"

"အင်း"

"ဟွန်း ပန်ပန်ပဲပြောတုန်းက ဗီဒီယိုရိုက်ဖို့ ကမ်းလှမ်းတဲ့သူရှိတယ်။ မင်းသမီးလုပ်မယ်လို့ပြောပြီးတော့"

"ဟုတ်တယ်၊ ထုတ်လုပ်သူ ဦးကိုကြီးက ပန့်ကို စင်တင်ပေးမှာ။ ဒါပေမဲ့ တံခါးက ပန်ပန့်နောက် မလိုက်တော့ဘူးဆိုတော့ ပန်ပန်လည်း မင်းသမီး မလုပ်တော့ဘူး တံခါးရဲ့။ တံခါးနဲ့အတူတူ ပန်လည်း ဒယ်ဒီ့ကုမ္ပဏီမှာ အလုပ်ဝင်မယ်လို့ ဆုံးဖြတ်တာ။ တံခါး ကျေနပ်တယ်မဟုတ်လား၊ လာ ပန်ပန့်နဲ့တံခါး ဒယ်ဒီ့ရုံးခန်းသွားရအောင်။ ခုပဲသွားမယ် . . . ထ ထ"

ပုလဲပန်ပန် ပြောရင်းဆိုရင်း သူ့ကိုလည်း အတင်းဆွဲ၍တံခါး ပေကပ်ထိုင်နေရင်း . . .

"နေဦးမှ သွားရအောင်လား ပန်ဖန့်"

"ဘာဖြစ်လို့လဲ တံခါးရဲ့"

"ပန့်ဒယ်ဒီက ဒီမနက် နိုင်ငံခြားက လုပ်ငန်းရှင်တွေနဲ့ တွေ့ဖို့



www.burmeseclassic.com

www.burmeseclassic.com



ချိန်းထားပြီးသား။ ခုချိန် ရုံးခန်းမှာ ရှိမှာမဟုတ်ဘူး"

"အိုကေ၊ အဲဒါဆိုလည်း နေ့လယ်မှ သွားမယ်။ ခုလောလော ဆယ် ပန်တို့အားနေတာ မကိဆီသွားရအောင် တံခါး"

"ကျွတ်"

တံခါး စိတ်မပါလှပါ။ သို့သော်လည်း ငြင်းဆန်၍မရစွာ ပါရ သည်က ပန်ပန် ဆွဲခေါ်သွားတဲ့အတိုင်းလေ။

မလိုက်ဘူး ငြင်းပြန်ရင်လည်း ခက်ဦးမယ်။

လောလောဆယ် ရုံရုံကိစ္စ၊ ပန်ပန်မသိဖို့ အရေးကြီးတော ကြောင့်လဲ။ အထိုက်အလျောက် လိုက်လျောပြီး လိုက်ပါခဲ့ရတာ။

ဒါတွေကို ပန်ပန် နားလည်တတ်ရင် သိပ်ကောင်းမှာကွာ။

✿ ✿ ✿

## အခန်း (၁၃)

"ကိုထိုက်ရယ် ကိကိကို နားပူနားဆာ သိပ်မလုပ်ပါနဲ့"

"နားပူနားဆာလုပ်တာမဟုတ်ဘူး ကိကိ။ ကိုယ်က ပြောတဲ့ အတိုင်း ဖြစ်မလာသေးလို့ ကိကိကို သတိပေးနေတာ"

"ကိလည်း ရှာနေတာပဲ ကိုထိုက်ရယ်။ ရုံရုံ ဘယ်သူ့အားကိုးနဲ့ ဘယ်ထွက်သွားမှန်း စုံစမ်းလို့မရသေးလို့ပါ။ ရုံရုံသတင်းရတာနဲ့ ချော့ မော့ခေါ်လာပြီး ကိုထိုက်လက်ထဲ ထည့်ပေးမယ် စိတ်ချ"

"ကောင်းပြီ ကိုယ်စောင့်ကြည့်နေမယ် ကိကိ၊ ဒါပဲ"

"ကျွတ်"

ကိုကောင်းထိုက် စိတ်ပျက်လက်ပျက် ဖုန်းချသွားသံလို



www.burmeseclassic.com

www.burmeseclassic.com



ကိကိက စိတ်ပျက်ခြင်းထက် ပိုပါသည်။

တောက် ဒီကောင်မလေး။

တော်တော်ခေါင်းနောက်အောင် လုပ်လွန်းတယ်။ တွေ့ပါလေ့စေ။ တစ်ချက်လောက်တော့ ပေါင်တွင်းကြော ဆွဲလိမ်ရလိမ့်မယ်။

တကတည်း

ကောင်းကျိုးမပေးတဲ့ဟာမလေး။

ဒင်းသာရှိနေရင် ဒီလောက်ကြာ ပွဲပြီးပြီ။

ကိုကောင်းထိုက်က ကိကိကို မျက်စိကျပေမယ့် လိုချင်စိတ်အပြည့်နဲ့ တွယ်မက်နေတာက ရုံရုံကို။

ငွေသုံးလိုင်တဲ့ကိုကောင်းထိုက်က ဘော့စ်ဖြစ်မှန်း ကိကိရိပ်မိသည်။ ဒါကြောင့် အပိုင်တွယ်ဖို့လည်း စိတ်ကူးသေးသည်။

သို့သော်

ကောင်းထိုက်က အလည်အပါး။

ကိုနဲ့ဖယားငြိထားတာက ရုံရုံဆီခြေဦးလှည့်မယ်ဆိုတဲ့ စိတ်ကူးနဲ့။ ထိုအခါ ကိကိကလည်း သူမကို မတွယ်မက်တဲ့ ကောင်းထိုက်ကို အပိုင်မလိုချင်ပါ။

လောလောဆယ် ကိကိဆန္ဒလေးပြည့်ဖို့နဲ့ ကောင်းထိုက်ဆီက ငွေကို ရသမျှ သဲ့ယူနေခြင်း။

ဒင်းက ရုံရုံကိုချိန်နေပေမဲ့ ကိကိ သဲ့သမျှ ပေးကမ်းရင်း





စေတနာ ပိုပြနေသည်။ ကိကိလိုချင် နေတဲ့မြေညီတိုက်ခန်းသစ်ကို ဝယ်ပေးမယ်ဆိုပြီး ကိကိနာမည်နဲ့ စရန်တောင်သတ်ထားသေးသည် မဟုတ်လား။

ဒါကြောင့် ရုံရုံကိုလည်း တစ်ဖက်က သွေးတိုးစမ်းရသေးသည်။ ရုံရုံက ကိကိထင်သလို ပါမလာ။

ဒါကြောင့် အချိန်ယူရမယ်လို့ ကြံကာရှိသေးတယ်။ ဒင်းက ထွက်ပြေးသွားတယ်။ ဒင်းထွက်ပြေးတာ အရေးမကြီးပါ။

အရေးကြီးနေတာက ကောင်းထိုက် နားပူနားဆာလုပ်နေသေး။ ဒင်းကို မျက်နှာလွှဲခဲပစ် လုပ်လို့မရမှန်း ကိကိ ရိပ်မိသည်။

ဒါကြောင့် ရုံရုံကိုလည်း တစ်ဖက်ကရှာ၊ ကောင်းထိုက်ကိုလည်း လေပျော့လေးနဲ့ နူးနေရသည်။

ရုံရုံ။

ညည်းကိုတွေ့လို့ကတော့ ဒီတစ်ခေါက် အချိန်မဆွဲတော့ဘူး။

ဒင်းလေးကို ကိကိအိပ်ခန်းထဲ ထည့်ပိတ်ပြီး ကောင်းထိုက်နဲ့ သွတ်ပေးလိုက်မယ်။

အဲဒီတော့ –

ဟင့် ဟင့် ဟင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

''ဟင်''

ဦးဝေလုခေါင် အသက်ရှူဖို့မေ့သွားသလား အောက်မေ့ရ

ထိုမိန်းကလေးကို ထက်အောက်စုန်ဆန် စစ်ဆေးကြည့်ရှုမိသွားသည်

ကြည့်စမ်း။

အသားအရေကအစ ကိုယ်နေဟန်အလယ် အရပ်အမော

အဆုံး။ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်က သူချစ်ခွင့်ပန်ခဲ့တဲ့မိန်းကလေ

မိတ္တူပွားထားသလို ဆင်တူနေသည့် မိန်းကလေး။

ထိုမိန်းကလေးဘေးမှာက ခေတ်တံခါ။

နှစ်ယောက်သား လက်တွဲပြီး လူကူးမြင်းကျားမှ ဖြတ်ေ





သွားတဲ့ မြင်ကွင်းက ရိုပ်ခနဲပေမယ့် ဦးဝေလုခေါင် မျက်ဝန်းအိမ်မှာ သံမှိုနှက်ထားသလို စွဲစွဲငြိငြိ ဖြစ်နေသည်။

ဒါပြင် ...

ရင်ထဲမှာလည်း လှုပ်လှုပ်ရှားရှား ခုန်ကာ။

သူ ချစ်ခွင့်ပန်ခဲ့ဖူးတဲ့ ထိုမိန်းကလေးနာမည်ကို ရေရွတ်မိသွားသည်။

''နွယ်လေး''

သူ့ရင်ထဲမှာ တနုံ့နုံ့နဲ့ ကိန်းအောင်းနေတဲ့ချစ်သူ။ ချစ်သူရဲ့ ကိုယ်ပွားရုပ်လေးကို မြင်လိုက်ရသလိုပင်။

လောကမှာ လူတူရှိပေမယ့် ဒီလောက်ထိ တူနိုင်ရုံမကတဲ့ လူမျိုး ရှိမတဲ့လား။ ဘုရား ဘုရား။

ဒီမိန်းကလေးဟာ သူ့အတိတ်ကို တူးဆွပေးမယ့် ပုံရိပ်တစ်ခု လား။

သူ့ရင်ထဲမှာတော့ တစ်ခုခုဖြစ်နိုင်သည်ဟု ဦးဝေလုခေါင် ယူဆနေမိသည်။ ထို့ကြောင့် သူ့ဒရိုင်ဘာကို သူပြောလိုက်သည်။

ထိုနှစ်ယောက်နောက် ကားနဲ့လိုက်ဖို့။

သို့သော်လည်း လမ်းကြောကပိတ်နေတာမို့ မျက်ခြေပြတ် သွားလျှင် ဦးဝေလုခေါင်နှလုံးသားမှာ ဂလိုင်ပေါက်လို လိုက်ခနဲ ဟာ ဆင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နွယ်လေးရယ်။

နွယ်လေး ဘယ်မှာလဲ။

နွယ်လေးကို ခုချိန်ထိအောင် မျှော်နေဆဲပါကွယ်။

✿ ✿ ✿

## အခန်း (၂၃)

"ဝမ်းသာလိုက်တာ အရမ်းပဲ ဒေါ်ဒေါ်မွန်ရယ်"

ရုံရုံ ဝမ်းသာသံလေးက တလှိုက်လှိုက်ခါနေသလို အမူအရာလေးကလည်း ချစ်စဖွယ်ကောင်းနေပါသည်။

ဒေါ်မွန့်လက်ဖဝါးလေးကို အားပါပါ ဆုပ်ကိုင်ရင်း အားရဝမ်းသာ ဖြစ်နေတဲ့ ရုံရုံကိုယ်နေဟန်ကို ခေတ်တခါး မြတ်နိုးစွာ စိုက်ကြည့်မိသွားသည်။

"ဒေါ်မွန်လည်း ဝမ်းသာပါတယ် ရုံရုံလေးရယ်။ ရုံရုံ့မေမေဆီ ရုံရုံ လိုက်သွားမှာလား။ ရုံရုံ့မေမေကို ရုံရုံဆီ ခေါ်လိုက်မှာလား"

"အို ရုံရုံ လိုက်သွားမှာပေါ့ ဒေါ်မွန်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို လိပ်စာသေချာမှတ်သွားဦး"

"စိတ်ချပါ ဒေါ်မွန်ရဲ့"

"အေးပါကွယ်၊ အခုလို ရုံရုံ့မေမေနဲ့ အဆက်အသွယ်ပြန်ရတာ ရုံရုံလေးအတွက် ခွန်အားပဲပေါ့"

"ဟုတ်ပါ့ ဒေါ်ဒေါ်မွန်ရယ်။ အဲဒီအတွက် ဒေါ်ဒေါ်မွန့်ကိုလည်း ဘယ်လိုကျေးဇူးတင်ရမှန်းမသိတော့ဘူး"

"မလိုပါဘူး ရုံရုံရယ်။ ရုံရုံ စိတ်ထားလေး ဖြူစင်နေတဲ့အတွက် ဒေါ်မွန် ကူညီလို့ရတာပေါ့။ ဒီကြားထဲ မင်္ဂလာမေးတော့ ဒေါ်မွန် ငြင်းလိုက်သေးတယ်"

"အဲဒီအတွက် ပိုပြီးကျေးဇူးတင်ရပါတယ် တကယ်"

"ဒေါ်မွန်လည်း မင်္ဂလာသတင်းတွေ နည်းနည်းပါးပါး ကြားထားလို့ပါ။ ရုံရုံ ပျောက်နေတယ်လာပြောတော့ နည်းနည်းစိုးရိမ်သွားတယ်"

"ရုံရုံက စိတ်ပူလို့ တံခါးကို အကူအညီတောင်းလိုက်တာ။ တံခါးကလည်း ကူညီတာနဲ့ ဒေါ်မွန့်ဆီ ချက်ချင်းမရောက်ဖြစ်ဘူး"

"မရောက်ဖြစ်တာ အကြောင်းကောင်းရယ်။ ရုံရုံလေး ဒေါ်မွန်ဆီ ရောက်နေတုန်း မင်္ဂလာရောက်လာတာနဲ့ တိုက်ဆိုင်နေရင် ခက်နေမယ် မဟုတ်လား"

"ဟုတ်တယ် ဒေါ်ဒေါ်မွန်ရဲ့"

ခေတ်တံခါး ဝင်ပြောသလို ဒေါ်ဒေါ်မွန် လေးလေးနက်နက်





ခေါင်းလေးညိတ်၏။

"ဟုတ်တာပေါ့ မောင်တံခါးရဲ့။ မောင်တံခါးအစီအစဉ်က ပိုတောင်ကောင်းသေးတယ်။ ရုံရုံအတွက် လုံခြုံသလို မင်္ဂလာတို့လိုက်ရှာဖို့ ထမ်းစပြတ်သွားတယ်လေ။ ဒါနဲ့ ရုံရုံ့မေမေဆီ ရုံရုံသွားရင် မောင်တံခါး လိုက်သွားမှာလား"

"အဲ"

ဒေါ်ဒေါ်မွန်မေးတော့ ရုံရုံနဲ့တံခါး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ဖြစ်သည်က အဓိပ္ပာယ်များစွာပါဝင်နေသည်။

ဒေါ်မွန်မွန်က သဘောကျစွာ ခေါင်းလေးဆတ်၍ –

"ကဲ သွားလာဖို့ကိစ္စ အချိန်ဆွဲမနေနဲ့။ တိုင်ပင်ကြပေါ့ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ဒေါ်ဒေါ်မွန်"

ရုံရုံတို့နှစ်ယောက်လုံး ပြိုင်တူခေါင်းညိတ်ကာ –

"ကျွန်တော်တို့ကို ခွင့်ပြုဦး ဒေါ်ဒေါ်မွန်"

ခေတ်တံခါးတောင်းဆိုလျှင် ဒေါ်မွန်မွန် ကျေကျေနပ်နပ် ခေါင်း လေးညိတ်၏။

"ကောင်းပါပြီကွယ်။ နောက်အချိန်ရရင်လည်း ဒေါ်ဒေါ်မွန့်ဆီ လာလည်ကြဦး"

"စိတ်ချပါ ဒေါ်ဒေါ်မွန်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွယ်၊ မောင်တံခါးရှိနေတော့ ရုံရုံလေးကို ဒေါ်မွန် ဝိုပြီးစိတ်ချပါတယ်။ ကဲ ကဲ သွားကြတော့။ ဒီအချိန် လိုင်းကားတွေ နည်းနည်းချောင်တယ်။ တော်ကြာ ရုံးဆင်းချိန်ရောက်သွားရင် မလွယ်ဘူး"

"ဟုတ်ကဲ့ပါ ကျေးဇူးတင်ပါတယ်"

"သွားပါဦးမယ်"

နှစ်ယောက်သား ဒေါ်ဒေါ်မွန်ကို နှုတ်ဆက်၍ ထထွက်သွားလေသည်။ ထိုအခါ …

ဒေါ်မွန်မွန် အမြင်တဆုံးငေးကြည့်ရင်း ကြည်နူးစွာ ကျန်ရစ်ကာ။

ရုံရုံနဲ့ပတ်သက်ပြီး တံခါးကိုလည်း တူသား၊ သံယောဇဉ် တွယ်ငင်မိသလားပဲ။

✿ ✿ ✿

## အခန်း (၂၂)

"ရုံ"

နာမည်တစ်လုံးတည်ကို အဖျားစွတ်ခေါ်လိုက်တဲ့ တံခါးခေါ်သံက ဆောင်းလေသုတ်ခနဲ ဝှေ့ဝဲသလို အေးစိမ့်ကာ ကြက်သီးမွေးညင်းလေး ထောင်ထသွားသည်အထိ လှိုက်ခနဲ့ ရုံရုံ ခံစားလိုက်ရ၏။

ထို့ကြောင့်

ရုံရုံ မျက်လွှာလေးပင့်ကာ –

"ပြောလေ တံခါး"

ရုံရုံ မေးသံလေးလည်း တိုးတိမ်လျက်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးက တောက်ရှန်းသောမျက်ဝန်းနှင့် စိုက်ကြည့်ပြီး –

"ရုံ့မေမေဆီ ကိုယ်ပါ လိုက်ချင်တယ်"

"ဟင်"

ရုံ့ရင်ခွင်မှာ တလုပ်လုပ် လှုပ်လှဲ့သွား၏။

"ဘာ ဘာဖြစ်လို့လဲဟင်"

"ရုံ့တစ်ယောက်တည်း လွှတ်လိုက်ရမှာ စိတ်မချလို့"

"အို ဘာစိတ်မချစရာရှိလဲ။ ဟိုမှာ မေမေရော မေမေ့အမျိုးတွေရော ရှိတာလေ"

"ဟင့်အင်း စိတ်မချတာက စိတ်မချတာပဲ"

ပြောရင်း တံခါးက ရုံရုံ့လက်ဖဝါးနှစ်ဖက်ကို ဆွဲယူလေပြီး ဖျစ်ဖျစ်လေး ဆုပ်ကိုင်ထား၏။

ထိုအခါ ...

ရုံရုံရင်မှာ နွေးထွေးလှိုက်ဖိုကာ မျက်နှာနုနုလေးက ပန်းနုရောင် စိုအိသွား၏။

"တံခါး"

ရုံရုံ စိတ်လှုပ်ရှားစွာခေါ်ရင်း တံခါးရဲ့ စူးနစ်နေတဲ့ အကြည့်ကို ရှောင်လွှဲဖို့ကြိုးစားမိသည်။

"ပြောလေ ရုံ"

"ဟင့်အင်း"





"ဘယ်လို"

"ဟို ရုံနဲ့အတူ မေမေတို့ဆီ မလိုက်ပါနဲ့လား"

"ဘာဖြစ်လို့"

"သူများတွေ တစ်မျိုးထင်ကုန်မယ်"

"ထင်ကုန်မယ်"

"ဟုတ်တယ်"

ရုံရုံမျက်နှာရဲရဲလေးနဲ့ ခေါင်းညိတ်လိုက်သည်။ ထိုအခါ ခေတ်တံခါး ကြည်နူးစွာ ပြုံး၍ –

"ဘယ်လိုထင်မှာလဲ"

"အို သိဘူး"

ရုံရုံက မလုံမလဲပြောရင်း ဆုပ်ကိုင်ခံထားရတဲ့ လက်ဖဝါးလေးကို ရုန်း၏။

တံခါးက မလွှတ်သေးပါ။ ကြည်နူးစိတ်ဖြင့် ခပ်ဖိဖိလေး ဆုပ်ထားလျက်။

"မသိလို့ရမလား ရုံရဲ့"

"အို ဟင့်အင်း။ ရုံ တစ်ယောက်တည်းသွားမယ်"

"ဘုရားပြီးတော့ ငြမ်းဖျက်တာမျိုးလား ရုံ"

"အဲ အဲလိုမဟုတ်ဘူး တံခါးရယ်။ မဟုတ်ဘူး။ ရုံကို အမျိုးတွေမေးရင် ဖြေရခက်မယ်။ ပြီးတော့ ... အမျိုးတွေနဲ့က ရုံ့ခုမှတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



မှာလေ။ သူတို့စိတ်သဘောထားတွေ ဘယ်လိုရှိမှန်းလည်း မသိဘူး။ ပြီးတော့ . . . မေမေ့ကိုလည်း သူတို့ ဆေးကုပေးထားကြတယ်လေ။ မေမေကလည်း ဘာညာမေးလာရင် ရံရံကြုံရတဲ့အခြေအနေကို မပြောပြရဲဘူး။ မေမေ ပိုပြီးစိတ်ပူမှာ တံခါးရဲ့။ နော် အဲဒါကြောင့်ပါ။ ဘုရားပြီး ငြိမ်းဖျက် မဟုတ်ရပါဘူး။ ရံ့ကို နားလည်ပေးပါနော် . . . နော် တံခါး''

သူ့လက်ဖဝါးလေးကို ဆုပ်ကိုင်လှုပ်ခါရင်း တတွတ်တွတ် ပြောနေတဲ့ ရံ့ကို ခေတ်တံခါး ရွှန်းတောက်တဲ့မျက်ဝန်းနဲ့ စိုက်ကြည့်နေလိုက်သည်။

ထိုအကြည့်ကို ရံရံ ဒီတစ်ခါ မရှောင်လွှဲတော့ပါ။ အကြည့်ချင်းဆုံသွားလျှင် နှစ်ဦးသား ရင်ထဲမှခံစားချက်တို့ ဖွဲ့စည်းပေါင်းဆုံသွားသလို ခံစားရလေသည်။

''နော် တံခါး။ ရံရံပြောတာ လက်ခံနိုင်တယ် မဟုတ်လား။ ရံရံလေ တံခါးကို ဘယ်တော့မှ ငြိမ်းဖျက်တဲ့သဘောမျိုးနဲ့ ဖျက်ပစ်နိုင်မှာ မဟုတ်ဘူး။ တံခါးကြောင့်သာ ရံ့ဘဝ လုံခြုံရတာလေ။ အဲဒီအတွက်''

ရံရံ ပြောစကားလေး မဆုံးလိုက်ပါ။

ခေတ်တံခါးက နှင်းဆီဖူးလေးနှယ် စွဲငြိဖွယ်ကောင်းသော ရံရံ နှုတ်ခမ်းလွှာလေးကို လက်ညှိုးလေးထောင်၍ ဖိပိတ်သည်။

ထို့နောက် ခေါင်းကိုလည်း အသာခါ၍ –





''မောင်စိုးရိမ်တာက''

''ဟင် မောင်''

ရံရံ့ရင်ထဲမှာ တိုးတိုးလေး ရွတ်မိသည်။

မောင်တဲ့။

ခေတ်တံခါးက နှလုံးသားမှာ ကမ္ပည်းတင်ထားတဲ့ နာမ်စားကို အသုံးပြု၍ သတိလက်လွတ် ပြောဆိုနေမိသည်။

''ဟုတ်တယ်၊ မောင်စိုးရိမ်တာ ရံရံ့အမျိုးတွေနဲ့ ရံရံ့မေမေက ရံရံကို မောင်တို့ဆီ ပြန်လာခွင့်မပေးရင်''

''မ မဟုတ်တာ''

''မောင်စိုးရိမ်နေတာ အဲဒါ၊ ဒါကြောင့်''

''ဟင့်အင်း ရံရံ့ကို ဘယ်သူမှတားလို့မရဘူး။ မောင် စိတ်မပူပါနဲ့''

သူ ပြုံးပြုံးလေး ခေါင်းညိတ်လိုက်သည်က ရံရံ့နှလုံးသားကို မြင်တွေ့သွားလို့ ဖြစ်သည်။

ရံရံကလည်း မောင်တဲ့။

''အဟမ်းဟမ်း ဟဲ့ ဟိုနှစ်ယောက် ဘယ်မှာလဲ။ ရံရံလေး တူမောင်''

ဒေါ်ဖြူဖြူနှင်းက ထိုလူငယ်နှစ်ယောက် ခွဲခွာခါနီးမှာ ပူးကပ်ကပ်ဖြစ်သွားတာကို အရှိန်ရပ်သွားစေဖို့ အချက်ပေးသလို ပြောဆိုရင်း



www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းထဲ ဝင်ခဲ့သည်။

အန်တီဖြူရောက်လာပြီမို့ နှစ်ဦးသား ကမန်းကတန်း ကိုယ်ရှိန် လေးခွာကာ ပြုံင်တူပြောမိသွားသည်။

"ရှိပါတယ် အန်တီဖြူရဲ့"

"ရှိတယ်ဆို ပြီးရော။ ကားဂိတ်ဆင်းဖို့ အချိန်နီးနေပြီ။ သမီး ရုံရုံ ပြင်ဆင်ချေတော့"

"ဟုတ်ကဲ့ အန်တီဖြူ"

ရုံရုံ ခေါင်းလေးညိတ်ကာ ထိုင်ရာမှထတော့ တံခါးက အန်တီ ဖြူ မမြင်အောင် ရုံရုံ့လက်တစ်ဖက်ကိုဆွဲ၍ မျက်စိတစ်ဖက် မှိတ်ပြ လိုက်သည်။

သဘောကတော့ ရင်ထဲမှ ခံစားချက်များကို ချိန်ဆက်ပြသည့် ဟန်မျိုး။

ရုံရုံကလည်း ပြုံး၍ ခေါင်းလေးဆတ်၏။

ပြီးမှ ...

မောင်ဆွဲထားတဲ့ ရုံ့လက်ကလေးကို ဆွဲယူလျှင် မောင်က အလိုက်သင့် လွှတ်ပေး၏။

ထိုအခါ ...

နှစ်ဦးသားမျက်ဝန်းမှ ရွှန်းတောက်၍ အပြုံးတို့ ချိုအီသွားလေ အင်း။

မိန်းကလေးတအုပ်တိုက်



ဒီတစ်ခါတော့ ဒေါ်ဖြူဖြူနှင်း မမြင်ချင်ယောင်ဆောင်ပေး လိုက်ရသည်။

ခံစားချက်ကိုယ်စီရှိနှင့်နေတဲ့ လူငယ်တွေမဟုတ်လား။ ချစ်စိတ်က ယိုဖိတ်လာတော့လည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ဟုတ်ရဲ့လား မောင်လေးရယ်"

"ဟုတ်တယ် မမ။ ကျွန်တော့်ရင်ထဲမှာ တစ်ခုခု ခံစားလို့ရနေတယ် မမ။ မောင်ခေတ်နဲ့တွဲလျက် တွေ့ရတဲ့ ရုံရုံဟာ နွယ်လေးနဲ့ ရုပ်ရည်ချွတ်စွပ်တူနေတာပဲ မမရယ်"

"အိုအေ လူတူတာဖြစ်ပါလိမ့်မယ်"

"ဘာပဲဖြစ်ဖြစ်၊ နွယ့်ကို ကျွန်တော် ပြန်ရှာချင်တယ်"

"ဟဲ့"

ဒေါ်ဝေလှချို အထိတ်တလန့် အော်ပစ်လိုက်သည်က ဟန့်တားသည့်နှယ်။ ဦးဝေလှခေါင်က အစ်မဖြစ်သူနား အသေ့ကလေး





သွားး၏။ ထို့နောက် အစ်မဖြစ်သူရဲ့ လက်ဖဝါးပြည့်ပြည့်ကို ဆွဲယူဆုပ်ကိုင်၍ ဆက်ပြောသည်။

"မမရယ် အစကတည်းက ကျွန်တော့်ရင်ထဲမှာ ဘာရှိလဲဆိုတာ မမ သိပါတယ်။ နွယ်လေးနဲ့ ချွတ်စွပ်တူနေတဲ့ မိန်းကလေးကို မြင်လိုက်ရတော့ ကျွန်တော် ဘယ်လိုမှ အောင့်အည်းမနေနိုင်တော့ဘူး မမ"

"ဒါ ဒါဆို မင်းက"

"ကျွန်တော် မောင်ခေတ်ကို စုံစမ်းနိုင်းထားပြီးပြီ"

"ဘုရားရေ"

ဒေါ်ဝေလှချို ရင်ဘတ် တကယ်ဖိရလေပြီ။

"မောင်လေးရယ် အသက်ကြီးကာမှ ကလေးကလား ဇာတ်သိမ်းတွေ မဖန်တီးချင်ပါနဲ့တော့"

"ဒါ ဖန်တီးနေတာ မဟုတ်ဘူး။ တကယ်ဖြစ်ခဲ့တာလေ။ အဲဒီအဖြစ်အားလုံး မမကို ကျွန်တော် ပြောပြီးသားပါ။ မမက"

"တော်စမ်း"

မောင်ဖြစ်သူရဲ့ စကားမဆုံးခင် ဒေါ်ဝေလှချို ပိတ်ပြောကာ သူမ လက်ဖဝါးကိုဆုပ်ကိုင်ထားတဲ့ မောင်လေးကို တွန်းဖယ်လိုက်၏။

ဦးဝေလှခေါင်က မမရှေ့ တိုးလာသည်။

"မမ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ ဒီကိစ္စ ဆက်မပြောနဲ့တော့။ ပန်ပန်လေး သိရင် ပြဿနာဆိုးလိမ့်မယ် မောင်လေး။ ပြီးခဲ့တဲ့ဇာတ်လမ်းက ပြီးခဲ့တဲ့အတိုင်း ထားခဲ့လိုက်တော့။ လောလောဆယ် ပန်ပန်လေး စိတ်ချမ်းချမ်းသာ သာနဲ့ အေးအေးချမ်းချမ်း ရှိဖို့ပဲအရေးကြီးတယ်။ ဒီကိစ္စ ဒီအချိန်ကစပြီး စကားမဟနဲ့တော့။ ကဲ သွား သွား"

ဒေါ်ဝေလှချို ပြောဆိုရင်း မောင်ဖြစ်သူကိုတွန်းပစ်သလို သူမ ကိုယ်တိုင်လည်း မောင်ဖြစ်သူနဲ့ မျက်နှာချင်းဆိုင်ပြီး ထိုကိစ္စတွေ မြန် လှန်ပြောကြဖို့ သတ္တိမရှိပါ။

ကျွတ်။

မြှုပ်ထားတဲ့ဇာတ်လမ်းက ဆွေးမြည့်ပျောက်ဆုံးမသွားဘဲနဲ့ ဘယ်က ဘယ်လို သဲလွန်စ ပေါ်ထွက်လာရတာလဲ။

တောက်။

အဲဒါ မောင်ခေတ်ကြောင့်ပဲဖြစ်မယ်။

နေဦး မောင်ခေတ်ကို နှုတ်ပိတ်ဦးမှ။

ဒေါ်ဝေလှချို ချက်ချင်း သူမအခန်းထဲ တန်းဝင်ကာ မောင် လေး လာလို့မရအောင် တံခါးကို ချက်ချပိတ်လိုက်၏။

ပြီးမှ။

✿ ✿ ✿



## အခန်း (၂၄)

"တောက်"

"ဝုန်း"

"ဒုန်း"

"ဟဲ့ သမီးလေးပန်ပန်"

"ဒုန်း"

"ချွမ်း"

"သမီးပန်ပန် အန်တီကြီးခေါ်နေတယ်လေ။ တံခါးဖွင့်စမ်းပါ ဘူမကြီးရယ်"

ဒေါ်ဝေလှချို စိုးရိမ်တကြီး တံခါးထုနေပေမယ့် အခန်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



သောင်းကျန်းနေတဲ့ ပန်ပန်လေးက ထူးလည်းမထူး။

အခန်းထဲ ဝုန်းဒိုင်းကြဲနေတော့သည်။

ဒီလိုသောင်းကျန်းနေတာ အကြောင်းမဲ့မဟုတ်ဘူး။ အန်တီကြီးဟု ပန်ပန်ရင်ထဲမှာ အော်ဟစ်ပြောဆိုရင်း မြင်မြင်သမျှကိုဆွဲလွှဲ၍ ပစ်ပေါက်နေမိသည်။

"တောက် တံခါး။ ပြီးတော့ ရံရံ၊ ဒါတင်မက ဒယ်ဒီ။ ဒါတွေ အားလုံးရဲ့တရားခံက ရံရံ"

ဒင်းကြောင့် ပန်ပန် ရည်ရွယ်တာတွေ တစ်ခုပြီးတစ်ခု လက်လှမ်းမမီနိုင်အောင် ဖြစ်ရတော့မယ်။

ထိုအသိက ပန်ပန်စိတ်အလိုတွေ မပေါက်ကွဲဘဲ မနေနိုင်တော့ပါ။

တံခါးက ရံရံ့ကို ဝှက်ထားတာ ဘာကြောင့်လဲ။ ပန်ပန့်ကိုတော့ ရံရံပျောက်တဲ့ကိစ္စ မသိဘူးဟု၊ တံခါး ဘူးကွယ်တာလေ။

ခုတော့ ရံရံ့ကို ရံရံ့အမေဆီသို့ လွှတ်လိုက်၏။

ဒါတင်မက ရံရံဟာ ဒယ်ဒီ့ရဲ့ငယ်ရည်းစားနဲ့ ချိတ်စပ်တူနေလို့ ဒယ်ဒီ တစ်စခန်းထပြန်သည်။ အန်တီကြီးက အသည်းအသန် ဟန့်တားသော်လည်း အတိတ်ကဇာတ်လမ်းက ဘဲကလေး ရေပြင်မှာပေါ်သလို ပေါ်လာသည်။

ဒယ်ဒီက နွယ်လေးဆိုတဲ့ မိန်းကလေးနဲ့ ချစ်သူဖြစ်ခဲ့သတဲ့။





ဒယ်ဒီ့မိဘနဲ့ ဒယ်ဒီအစ်မအန်တီကြီးက ဒယ်ဒီရည်းစားရနေတာကို ဘယ်လိုမှ လက်မခံနိုင်ဖြစ်၏။

ဆယ်တန်းပဲအောင်ရသေးသည် ရည်းစားရနေသလားဆိုတဲ့ ဒေါသနှင့် ဒယ်ဒီ့မေမေ ရောဂါတိုးကာ –

အင်္ဂလန်မှာ ဘွားဘွားကို ဆေးကုသွားရင်း ဟိုမှာပဲ ဒယ်ဒီကို ကျောင်းတက်စေခြင်းဖြင့် ဒယ်ဒီ့ရည်းစားနဲ့ အဆက်ပြတ်အောင် ဘိုးဘိုးတို့ စီစဉ်လိုက်လေသည်။

ဒါတင်မက ...

ဘိုးဘိုးက အင်္ဂလန်မှာ ကျောင်းတက်နေတဲ့ ပန်ပန့်မာမီနဲ့ မိဘချင်းသဘောမျှပြီး ဒယ်ဒီ့ကို ချိတ်ဆက်ပေးခဲ့သည်။

ဒယ်ဒီက ခေါင်းတခါခါနဲ့ မာမီ့ကိုငြင်း၏။

အန်တီကြီးကလည်း ဒယ်ဒီ့အကြောင်း စုံစမ်းလာတဲ့ ဒယ်ဒီ့ချစ်သူကို ဘူးခါငြင်းလွှတ်ကာ အင်္ဂလန်ကို တစ်ပါတည်းပြောင်းနေရင်း ဇာတ်လမ်းဖြတ်လိုက်တာ။

ဒယ်ဒီကလည်း အင်္ဂလန်မှာပဲမို့ ထိုရည်းစားနဲ့ အချိန်းအဆက် လုပ်ဖို့ မလွယ်ဖြစ်ကာ အန်တီကြီးကလည်း ဘာညာကြားဝင် ကလန်ကန် ထိုးတာနဲ့ နွယ်လေးနဲ့ လုံးဝအဆက်အသွယ်ပြတ်ကာ ...

ဒယ်ဒီ့မေမေရဲ့ ချော့မော့ဖျောင်းဖျမှုတွေနောက်မှာ ဒယ်ဒီဟာ မာမီ့ကို လက်ခံခဲ့သည်။ သို့သော်လည်း မာမီ့ကို ဒယ်ဒီ တယုတယ



www.burmeseclassic.com

www.burmeseclassic.com



ချစ်တာမျိုး မရှိခဲ့ပါ။

ရောဂါသည်ဘွားဘွား စိတ်ချမ်းသာရေးအတွက် မာမီနဲ့ အလိုက်အထိုက် စကားပြောပေးမယ့် လင်ခန်းမယားခန်း ပတ်သက်ဆက်နွှယ်ခဲ့ခြင်း မရှိခြင်းက မာမီ့စိတ်ကို နာကျင်စေခဲ့သည်။

မာမီ့ရဲ့နာကျင်စိတ်က ဒယ်ဒီ့ကိုချစ်တဲ့ မာမီအချစ်စိတ်ဆိုလည်း ဟုတ်နေသည်။ ဒယ်ဒီ့ကို ချစ်တဲ့စိတ်နဲ့ပဲ မာမီဟာ အန်တီကြီး အကြံဉာဏ်ပေးတဲ့အတိုင်း ဒယ်ဒီ့အားနည်းချက်ကို ရှာခဲ့သည်။

ဒယ်ဒီက အရာရာစိတ်ပူတတ်သည်။ အထူးသဖြင့် ဒယ်ဒီ့ကြောင့် ဘွားဘွားတစ်ခုခုဖြစ်သွားမလားဆိုတဲ့အသိနဲ့ ဘွားဘွားစိတ်သမျှ နာခံပြီး မာမီ့ကို လက်ခံခဲ့ခြင်းမဟုတ်လား။

ဒါကြောင့် မာမီကလည်း ဒယ်ဒီစိတ်ပူပန်အောင် အစာအငတ်ခံ၍ ဆန္ဒပြ၏။ နလုံးအားနည်းရောဂါ အခံရှိတဲ့ မာမီဟာ အစာအငတ်ခံတာတွေရဲ့နောက်မှာ တကယ်ပဲ ကျန်းမာရေးချို့တဲ့လာသည်။

ထိုအခါ ...

ဒယ်ဒီ့စိတ်က မနေသာ။ မာမီကို စိုးရိမ်ပူပန်မှုတွေနဲ့ ဝရုတစိုက် စောင့်ရှောက်ရင်း မာမီ့အကြံအစည်အတိုင်း ထမြောက်ခဲ့သည်။

ဒီလိုနဲ့ ပန်ပန်ကို မွေးလာတာ။

မာမီ့ကို အချစ်စိတ်သက်ဝင်တာမျိုးနဲ့ ပေါင်းသင်းခဲ့တာ





မဟုတ်ပေမယ့် ပန်ပန့်ကိုတော့ ဒယ်ဒီက ချစ်ရှာသည်။

ဒီလိုနဲ့ ပန်ပန် ဆယ်နှစ်အရွယ်မှာ ဘိုးဘိုး၊ ဘွားဘွားနဲ့ မာမီတို့ သုံးယောက်စလုံး ကားအက်စီးဒင့်ဖြစ်ပြီး တစ်ပြိုင်နက် ဆုံးပါးရှာသည်။ ထိုအခါ ဒယ်ဒီဟာ အန်တီကြီးနဲ့ ပန်ပန့်ကိုခေါ်ပြီး အင်္ဂလန်က အပြီးပြန်လာခဲ့ခြင်းဖြစ်သည်။

ထိုကတည်းက ဒယ်ဒီရယ်၊ အန်တီကြီးရယ်၊ ပန်ပန်ရယ်။ သုံးဦး တစ်မိသားစု နေထိုင်လာခြင်း။

တည်ငြိမ်အေးချမ်းနေတဲ့ ပန်ပန်နဲ့ဒယ်ဒီကြားကို ဘယ်အရိပ်က ခုချိန်မှာ ဝင်နှောက်နေပြီလဲ။

ဒယ်ဒီက ရည်းစားဦးကို ရှာပုံတော်ဖွင့်နေသည်။

ခေတ်က ရုံရုံကို ကွယ်ဝှက်ထားခြင်းဖြင့် ပန်ပန့်ကို ဘေးဖယ်ထုတ်ဖို့ ကြိုးစား၏။

တောက် ရုံရုံ။

ရှင့်ကြောင့် ပန်ပန်က ခေတ်နဲ့ လွဲရမယ်ဆိုရင်၊ ဟင့်အင်း ... လုံးဝအလွဲမခံနိုင်ပါ။ ပန်ပန်ရည်ရွယ်ထားတဲ့သူနဲ့ လွဲရရင် ပန်ပန့်ဘဝ ရှိင်းကုန်မှာပေါ့။

ပန်ပန်ဟာ မာမီ့သမီးပါ။

ဒယ်ဒီ့ကို ရအောင် မာမီမရအရ ကြိုးစားခဲ့သလို ခေတ်ကိုလည်း မရရအောင် ပန်ပန် ကြိုးစားပြမယ်။



www.burmeseclassic.com

www.burmeseclassic.com



မယုံရင် စောင့်ကြည့်လိုက် ရုံရုံ။

"ဒုန်း"

ရုပ်ထဲမှာ အံကြိတ်ပြောရင်း ပန်ပန်က စားပွဲခုံကို တွန်းချပြစ်သည်။

"သမီးပန်ပန် ... အန်တီကြီးကို တံခါးဖွင့်ပေးပါကွယ်။ သမီးဖြစ်နေတာတွေကို အန်တီကြီးကိုပြောပြပါကွယ်။ သမီး"

ဒေါ်ဝေလှချို ရင်မှာ မီးတောက်မတတ် ပြောဆိုလျှင်။

✿ ✿ ✿

## အခန်း (၂၅)

"မကီတော့ ဘယ်ထွက်ပြေးရမှန်း မသိတော့ပါဘူးကွယ်"

"ဘာဖြစ်လို့"

"ရုံရုံကို ရှာမတွေ့သေးလို့ပါ"

"ဒါများ"

ပန်ပန့်မျက်နှာလေးကို အကြံကြီးစွာ ဝင့်ထားလိုက်သည်။ မကီက ထိုင်နေရာမှ ရုတ်ခြည်းထကာ ဟိုလျှောက် ဒီလျှောက်နဲ့ ဗျာများလို့ နေသည်။

"အကြံဉာဏ်လေးပေးပါဦး ပန်ပန်ရယ်"

"အင်း ... စိတ်မပူပါနဲ့ မကီရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အို ပူတာမှ ပူတာ၊ တအားပူတာ ပန်ပန်ရဲ့။ ရံရံ့ကို ဘယ်လိုမှ အလွတ်ခံလို့မရဘူး။ ရံရံ လွတ်သွားရင် ကိုထိုက်က မကိကို ပြဿနာရှာမှာ မကိကြောက်နေတယ် ပန်ပန်ရယ်"

"မလွတ်စေရပါဘူး မကိရယ်။ ပန်ပန် ကူညီပါ့မယ်"

"တ တကယ်လား ပန်ပန်ရယ်"

"ဟင့် ပန်ပန် ဘယ်တုန်းက ပြောတဲ့အတိုင်း မလုပ်တာ ရှိခဲ့ဖူးလို့လဲ"

"အိုအေ၊ ကျေးဇူးတင်လိုက်တာ ပန်ပန်ရယ်။ အခု ရံရံ ဘယ်မှာရှိနေလဲ"

"မကိ စိတ်အေးအေးထားစမ်းပါ။ စိတ်ကိုလည်း ငြိမ်အောင် ထား။ ပန်ပန် ပြောပြမယ်"

ပန်ပန်ပြောလျှင် မကိက ပန်ပန်နဲ့ ဘေးချင်းကပ်ဆိုဖာမှာ ဝင်ထိုင်၏။ ပန်ပန့်လက်ဖဝါးလေးကိုလည်း အားကိုးခြင်းကြီးစွာ ဆုပ်ကိုင်၍ –

"ပြောပါ ပန်ပန်။ မကိ စိတ်အေးအေးထားပြီး နားထောင်ပါ့မယ်"

"အင်း"

ပန်ပန်က မျက်နှာဟန်မူယာလေးကို ကျေနပ်အားရ ပင့်လှုပ်၍ မကိကို စိုက်စိုက်လေးကြည့်၏။





မကိက ပန်ပန့်ကို အလွန်အကျွံ အားကိုးနေမှန်းသိသာနေတာမို့ ...

"ပြောရမယ်ဆိုရင် ရံရံက ပန်ပန်ပြဿနာ့ နှရမယ့် အနေအထားပါ မကိရဲ့"

"ဘယ်လိုနေရမှာလဲ၊ မကိ နားလည်အောင် ပြောစမ်းပါ ပန်ပန်လေးရယ်"

"မကိ နားလည်အောင်ပြောရရင် ရံရံဟာ ပန်ပန်လက်ခုပ်ထဲမှာ"

"ဟင် တကယ်"

"တကယ်ပါ မကိရဲ့။ မကိက ရံရံ့ကို အသည်းအသန် အလိုရှိနေတာ ဦးကောင်းထိုက်အတွက် မဟုတ်လား"

"ဟုတ်တယ်လေ"

"အေး ဦးကောင်းထိုက်လိုပဲ ရံရံ့ကို လိုချင်နေတဲ့ ပုဂ္ဂိုလ်ကြီး တစ်ဦး ရှိသေးတယ်"

"ဘယ်သူလဲ ပန်ပန်ရယ်။ မကိ ရင်တွေပူလာပြီ"

"အဟင့် ဘယ်သူရှိရမလဲ။ ပန်ပန့်ကို မင်းသမီးဖြစ်အောင် ဗီဒီယိုကား ရိုက်ပေးမယ်ဆိုတဲ့ ဟိုငနဲကြီးလေ"

"ဦးကိုကြီးပေါ့"

မကိအသံချည်း အုန်းခနဲ ခုန်ထွက်သွား၏။ ပန်ပန်က ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



လေးအသာညိတ်၍ –

"ဟုတ်တယ်"

"ဘုရားရေ"

မကိ ရင်ဘတ်ကိုဖိရင်း ဗျာများသွားလေသည်။

"ဟုတ်တယ် မကိရဲ့၊ ဦးကိုကြီးဖုန်းထဲမှာ ရုံရုံပုံလေးရှိနေတာ ကြာလှပြီ"

"ဟင်"

စနိုးနုနဲ့ ဒေဝီစိုးစိုးတို့နှစ်ယောက် အလုပ်ပြင်ခန်းဘက်မှ မကိနဲ့ ပန်ပန်တို့ရှိနေတဲ့ ဧည့်ခန်းဘက် ကူးလာရင်း ပြိုင်တူလိုလိုပြော၏။

"ဒါ ဒါဆို ကိုထိုက်အတွက် ပြိုင်ဘက်ရှိနေတယ်ပေါ့၊ ဟုတ်လားကွ။ မကိကို သေချာပြောစမ်းပါ စနိုးရယ်"

"စနိုးနု ပခုံးလေးစုံပင့်ကာ ဆိုဖာလွတ်ပေါ် ကြွကြွမတ်မတ်လေး ထိုင်ချ၏။ ဒေဝီစိုးစိုးကလည်း ဘေးချင်းကပ်ဆိုဖာမှာ ဟန်ပါပါ ဝင်ထိုင်ကာ ပန်ပန့်ကို မျက်စပစ်ကြည့်၏။

ပန်ပန်က ခေါင်းလေးဆတ်၍ –

"အင်း ... ပြိုင်ဘက်၊ ပြိုင်ဘက်မှ အကြီးကြီး မကိရဲ့"

"ဘယ်လိုအကြီးကြီးလဲ ပန်ပန်ရယ်"

"ဦးကောင်းထိုက်နဲ့ဦးကိုကြီးက ကျောင်းတုန်းကတည်းက ပြိုင်ဘက်တွေ။ အထူးသဖြင့် ရည်းစားလုဖက်။ တစ်ယောက်ကြိုက်တဲ့ သူကို တစ်ယောက်ကလိုက်ပြီး အပြိုင်ပိုးတာမျိုး။ အဲလို အပြိုင်ပိုးကောင်းလို့ သူတို့ရည်ရွယ်ထားတဲ့ရည်းစားတွေ တခြားသူကိုရွေးသွားလို့ နှစ်ယောက်သား လူလွတ်ဘဝနဲ့ ပွေနေကြတာလေ"

"ဟယ်တော့ ပန်ပန် ဒါတွေ ဘယ်လိုသိလဲ"

"ပုလဲပန်ပန်ပါ မကိရယ်။ ဒီလောက်လေးသိဖို့ ဘာခက်သလဲ။ ဦးကိုကြီးက ပန်ပန့်ကို ရုပ်ရှင်မင်းသမီးဖြစ်အောင် မြှောက်စားချင်တာလေ။ ပန်ပန်ကလည်း ကြိုးစားပါမယ်နဲ့ ပြောဆိုရင်း ဇာတ်လမ်းနှိုက်ထုတ်လိုက်တာ။ အဲဒီတော့ ဦးကိုကြီးထုတ်ပြောတော့တာပေါ့။ အဲဒီကမှတစ်ဆင့် ရုံရုံကို လူပွဲစားဒေါ်ထွေးမမကတစ်ဆင့် တွေ့လိုက်ရတာ။ သူ့လက်ထဲရောက်ခါနီးမှ လက်မတင်လေး ရုံရုံ လွတ်သွားတာ။ ဒေါ်ထွေးမမ အဖမ်းခံရလို့လေ။ ဦးကိုကြီးက ရုံရုံကို စုံစမ်းသေးတယ်။ ရုံရုံက မကိဆီရောက်လာတော့ ဦးကိုကြီးကို မျက်ခြေပြတ်သွားတဲ့သဘော။ စနိုးနဲ့ဒေဝီစိုးစိုးက ဦးကိုကြီးဖုန်းထဲက ရုံရုံပုံလေးတွေ့လို့ မေးကာမှ အဲဒါတွေ ပေါ်တော့တာ"

"ဘုရား ဘုရား၊ အဲဒါဆိုတော့ ကိုထိုက်နဲ့ ဦးကိုကြီး ပွဲကြမ်းတော့မှာပေါ့။ အဲဒါ ဘယ်လိုလုပ်မလဲ ပန်ပန်ရယ်။ မကိကို စာနာပါအုံး။ မကိဘက်က ရပ်ပေးပါနော်"

ပန်ပန်က အားကိုးတကြီးဖြစ်နေရှာတဲ့ မကိကို ကြည့်ရင်း သဘောကျစွာ ရယ်မောမိ၏။







www.burmeseclassic.com

www.burmeseclassic.com



စနိုးနဲ့ ဒေဝီစိုးစိုး၊ ပန်ပန့်နည်းတူ ရယ်မောကာ –

"မကို စိတ်မပူပါနဲ့။ ပန်ပန်က အကြံကောင်းကောင်း ထုတ်တတ်ပါတယ်။ နော် သူငယ်ချင်း"

"ဟုတ်ပါ့"

"ကဲ ကဲပါ ပန်ပန်၊ မကိုဘဲကြီးအတွက် ရံရံ့ကို စီစဉ်ပေးစမ်းပါ။ အဲဒီအတွက် ပန်ပန်ဖြစ်ချင်တာတွေအားလုံး မကို လုပ်ပေးပါ့မယ် နော် ပန်ပန်"

"အဟင့် ဟင့် ... မကိုကလည်း စနိုးနဲ့ဒေဝီ စိတ်ဆိုးနေဦးမယ်"

"ဘာဖြစ်လို့"

"ဒင်းတို့နှစ်ယောက်က ဦးကိုကြီးနားအပိုင်ကပ်ပြီး မင်းသမီးဖြစ်အောင် မြှောက်စားခိုင်းဖို့ ကြိုးစားနေတာက ရံရံ့ကို ရရစေမယ်ဆိုတဲ့ မက်လုံးပေးမှုနဲ့"

"အလိုလေးဟယ်၊ ဘယ့်နှယ်ကွယ် အို မရဘူး"

"မကို စိတ်ကို ငြိမ်ငြိမ်ထားစမ်းပါ"

ပန်ပန်က လေပြေလေးနဲ့ ချော့မော့ပြောရှာသည်။ မကိုက သွေးဆူကာ စနိုးတို့နှစ်ယောက်ကို မကျေမချမ်းကြည့်၏။

ခုမှ မြွေမြွေချင်း ခြေမြင်နေကြပြီ မဟုတ်လား။

"ဒီကိစ္စက စနိုးတို့ ဘယ်လိုပဲ ကြိုးစား ကြိုးစား ပန်ပန့်





လက်ထဲမှာပါ မကိုရဲ့"

"ဟုတ်ပါပြီ၊ ဒါနဲ့ ပန့်ရဲ့တံခါးရော"

"အဲ"

ဒီလို အမေးခံရတော့ ပန်ပန့်ရင်မှာ ဒိုင်းခနဲ မှန်သွားကာ တနင့်နင့် ခံစားလိုက်ရသည်။ ဒါကြောင့် မျက်နှာမပျက်အောင် မာန်သွင်း၍ ထိန်းချုပ်လိုက်ပြီး –

"မကိုရယ် တံခါးက ပန်ပန့်တံခါးပါ၊ စိတ်ချ အားလုံးအဆင်ပြေအောင် ပန်ပန် ကုလားဖန်ထိုးတတ်ပါတယ်၊ လုံးဝစိတ်မပူနဲ့"

"ဟဲ့ သုံးပွင့်ဆိုင်ချည်းနော်။ မချောတစ်ယောက် မောင်သုံးယောက်ဇာတ်လမ်း ဖြစ်နေပြီ။ ပန်ပန် အကိုင်အတွယ်မတတ်ရင်"

"တော်စမ်းပါ မကိုရာ။ ပါးစပ်ပုတ်ပုတ်ချည်းနဲ့ လျှောက်မပြောနဲ့။ ပန်ပန် ဘယ်လိုလုပ်မလဲဆိုတာ စောင့်ကြည့်လိုက်"

"တီ တီ တီ"

ပန်ပန်ပြောလို့မဆုံးသေးချင် ပန်ပန့်ဖုန်းလေး မြည်လေသည်။ ဒါကြောင့် ပြောလက်စစကားတွေ တိခနဲပြတ်သွားကာ –

ပန်ပန်က လက်ကိုင်ဖုန်းလေးဖွင့်ကြည့်တော့ –

"အဟင့်"

ကြည်နူးစိတ်လေး ဆွတ်ပျံ့သွား၏။

"တံခါးခေါ်နေတယ်လေ။ ဒါပဲ ပန်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပန်ပန်က မြူးမြူးလေးနှုတ်ဆက်ရင်း ထထွက်သွားသည်က တံခါးနဲ့ ဖုန်းစကားပြောရင်းဖြစ်သည်။

"ဟင်း"

မင်္ဂလာ သက်ပြင်းရှည်ကြီးချသလို စနိုးတို့နှစ်ယောက်က ဘာမှမတတ်နိုင်စွာ ပခုံးလေးပင့်၏။

ရုံရုံကိစ္စက ပန်ပန့်လက်ထဲ ရောက်နေမှတော့။

✿ ✿ ✿

## အခန်း (၂၆)

ရှင်ကြည်နေတဲ့ မျက်နှာလေးက ချစ်စိတ်ကို နွေးစေသလားပဲ။

ဟုတ်တယ်လေ။ ကြည့်ပါဦးလား။ ရှင်ကြည်နေတဲ့ မျက်နှာလေး ဆွဲဆောင်မှုအပြည့် ရှိန်းစေသည်။

အထူးသဖြင့် နှုတ်ခမ်းအစုံ ဖူးကြွနေတာက သူ့စိတ်ကို ထကယ်မထိန်းနိုင်။ ဖုန်းစခရင်မှာ ပေါ်နေတဲ့ သူ့မပုံလေး။ အထူးသဖြင့် နှုတ်ခမ်းလေးကို အလွမ်းပြေ ဖိနမ်းဖြစ်၏။

"ရုံရယ် လွမ်းလှပြီကွာ"

စာတန်းလေးရိုက်ပြီး message ပို့လိုက်သည်အထိ သူ့ရင်ခုန်



www.burmeseclassic.com

www.burmeseclassic.com



သံတွေ လိုက်နွေးနေခဲ့သည်။

ဘာပဲဖြစ်ဖြစ် ရုံ့ဘဝဖြစ်စဉ်ကို သူနားလည်ပေးနိုင်ပါသည်။

ရုံ့မေမေဆီ ပြန်ရောက်သွားတဲ့ ရုံရုံက ဝမ်းသာကြည်နူးရ သလို ရုံတို့အမျိုးတွေကလည်း ရုံ့ကို မြင်တာနဲ့ တူမရင်းလေးအဖြစ် တကယ်ချစ်ကြမှန်း ရုံရုံပို့လိုက်တဲ့ ဓာတ်ပုံပေါင်းများစွာက သက်သေခံ သည် မဟုတ်လား။

လောလောဆယ် ရုံ ပြန်လာဖို့အခြေအနေမပေးတာက အမျိုး တွေ ခွင့်မပြုလို့တဲ့။ ဘာဖြစ်လို့လဲဆိုတော့ ရုံရုံ့မေမေကို စိတ်မချတာ ပါသလို ရုံရုံလေး သူစိမ်းများကြားမှာ အဆင်မပြေ ဖြစ်မှာသေချာတယ် ပေါ့။

နောက်ပြီး ရုံရုံ့အမေဟာ ရုံရုံ့အဖေနဲ့ ချစ်သူဘဝ လွန်ကာ ရုံရုံကို ကိုယ်ဝန်ရခဲ့သည်။

သို့သော် ရုံရုံ့အဖေဆိုသူက သတင်းအစအန မရဖြစ်ကာ နောက်ဆုံး ရုံရုံ့အမေဟာ မိဘနဲ့အမျိုးတွေရှိရာ ဇာတိမြို့ကို မပြန်ခဲ့ တော့ပါ။

ဇာတိမြို့ပြန်ရင်လည်း အရှက်က ဟိုးလေးတကြော်ကြွဲတော့ မှာလေ။

ရန်ကုန်မြို့ပေါ်က ဘွားလေးအိမ်မှာနေရင်း ဘွားလေးရဲ့ကုန် စိမ်းဒိုင်မှာ ဝိုင်းကူလုပ်နေရတဲ့ ရုံရုံ့အမေက အခုတော့ ဗိုက်တစ်လုံးနဲ့





ပြန်လာတယ်တော့ဆိုရင်။

ဟင့်အင်း ဒီအဖြစ်ကို ရုံရုံ့မေမေ ရင်မဆိုင်ဝံ့ပါ။

အခြေချင်းမမျှမှန်း သိသိကြီးနဲ့ အချစ်အတွက် မျက်စိကန်း သလို ဖြစ်ခဲ့လေတော့ ဘာတတ်နိုင်မလဲ။ ကိုယ့်အပစ်နဲ့ကိုယ် ရင်ဆိုင်ရုံ ပေါ့။

ဒါကြောင့် သူစိမ်းပတ်ဝန်းကျင်မှာ ဓာတ်မြှုပ်နေထိုင်ပြီး ရုံရုံ လေးကို မွေးဖွားကာ ဆင်းရဲဒုက္ခခံပြီး နေထိုင်ခဲ့တာ ရုံရုံ့တစ်သက် လေ။

ရုံရုံတို့အမျိုးတွေက ရုံရုံ့အမေ ပျောက်ချင်းလေ့ ပျောက်သွား တာ သေသလား ရှင်သလား မသိဖြစ်ကာ။

တစ်နေ့ အမျိုးတွေ ပဲခူးဘုရားဖူးသွားရင်း လမ်းမှာ ကားပျက် တော့ အနီးအနားရွာမှာ ခေတ္တနားကြခြင်း။ ထိုအခါ ရုံရုံ့မေမေကို ထိုရွာငယ်လေးမှနေအိမ်လေးမှာ အမှတ်မထင် တွေ့ရာမှ ရုံရုံ့မေမေကို ချက်ချင်းခေါ်သွားခြင်းဖြစ်သည်။

ခုတော့ …

အမျိုးတွေနဲ့ သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင် ဖြစ်နေပါ ပြီ။

ရုံခွင့်မပြုလို့သာ သူ လိုက်ပါခွင့်မရပေမယ့် ရုံက အမျိုးတွေနဲ့ ဆုံရတဲ့ဖြစ်စဉ်ကို တစ်လုံးမကျန် ဖုန်းနဲ့ပြောလိုက်၊ message ပို့လိုက်၊



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံတွေရိုက်ပြီး ပို့လိုက်နှင့် သူနဲ့အဆက်အသွယ်မပြတ် ဖြစ်နေခဲ့သည်။

သို့သော်လည်း …

အနေဝေးသွားရင် ရုံ့ဘက်က စိတ်တစ်မျိုးပြောင်းသွားမလား။ အဲဒါကိုတော့ သူ့ဘက်က အစိုးရိမ်ဆုံးဖြစ်သည်။

ဒါကြောင့်။

✿ ✿ ✿

## အခန်း (၂၅)

"တွေ့လား မမ၊ ဒါ နွယ်လေးမှ နွယ်လေး"

"ဘုရား ဘုရား"

ဒေါ်ဝေလှချို ဘုရားတရင်း ဆိုဖာပေါ် ဝုန်းခနဲကျသလို ထိုင်မိသွားသည်။

ဒီပုံတွေကို မောင်ခေတ်ဖုန်းထဲက သူကိုယ်တိုင် စိတ်လှုပ်ရှားစွာ ကူးယူခဲ့တဲ့ ဓာတ်ပုံတွေ။ သူ့ဖုန်းထဲမှ ပုံတွေကို မမကိုပြလိုက်လျှင် မမ ဘုရားတကော သူ့ကို မျက်လုံးအပြူးသားနဲ့ စိုက်စိုက်ကြည့်ရင်း အသက်ရှူဖို့ မေ့သွားသလို ဖြစ်၏။

"ကျွန်တော် နွယ့်ဆီလိုက်သွားမယ် မမ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့"

"မမ"

"နေ နေပါဦး မောင်လေးရယ်၊ နေပါဦး"

"မတားပါနဲ့ မမရယ်။ နှယ့်ကို ကျွန်တော် ဘယ်လောက်ချစ်လဲဆိုတာ မမ သိပါတယ်။ ပြီးတော့ ရုံရုံလေးဟာ"

"ဟင့်အင်း မပြောနဲ့"

"မမ"

ဒေါ်ဝေလှချို ထိုင်ရာမှ ဆတ်ခနဲထပြီး–

"ဟဲ့ တခြားလင်နဲ့ ရတာလည်း ဖြစ်နိုင်သေးတာပဲ မောင်လေး"

"မမရယ် ကျွန်တော့်ရင်ထဲမှာ အလိုလိုခံစားလို့ ရနေတယ်။ ရုံရုံလေးဟာ ကျွန်တော့်ရင်သွေးလေးပါ"

"ကျွတ် မဟုတ်သေးဘူးနော်။ ထင်တဲ့အတိုင်း ယူဆမနေနဲ့။ အသက်ကြီးလာပြီ၊ ရှက်ဖို့လည်း သတိရဦးဟဲ့။ ပြီးတော့ ပန်ပန်လေးကို ငဲ့ရမယ်"

"မမ"

"မမကို ဘာမှပြန်မပြောနဲ့။ တရားမဝင်တဲ့ကိစ္စက အရှက်ကွဲစရာချည်းပဲ။ အဲဒီအရှက်က မောင်လေးတစ်ယောက်တည်း ကွဲမှာမဟုတ်ဘူး၊ နားလည်ရဲ့လား။ ဖြစ်ပြီးတဲ့ကိစ္စ ဖြစ်ပြီးတဲ့အတိုင်း





ထားရမယ်"

"ကျွန်တော့်ကို အကျပ်မကိုင်ပါနဲ့ မမရယ်။ မမကြောင့်ပဲ ကျွန်တော်ချစ်တဲ့နှယ်လေးနဲ့ ဝေးရတာ။ မမကြောင့် ကျွန်တော်မချစ်တဲ့ မိန်းမနဲ့ ပေါင်းရတာ"

"တော်စမ်း။ မင်းကိုယ်မင်း ဆယ့်ခြောက်နှစ်သား ထင်မနေနဲ့။ ပါးစပ်ပိတ်။ ဟိုမှာ သမီးကားဝင်လာပြီ"

ဒေါ်ဝေလှချို ပြောဆိုရင်း မောင်ဖြစ်သူကို သူ့မရှေ့မှ တွန်းဖယ်လေသည်။ ထိုအခါ ဦးဝေလှခေါင် ကိုယ်ရှိန်မထိန်းနိုင်ဘဲ ယိုင်ကျသွားသည်က ဆိုဖာရှည်ကြီးပေါ်အရောက်။

"သမီးလေးပန်ပန် လာလာ"

ပေါ်တီကိုအောက်မှာ တူမကားလေး ထိုးရပ်လိုက်သဖြင့် ဒေါ်ဝေလှချို ကမန်းကတန်း ကြိုဆိုလိုက်၏။

ဦးဝေလှခေါင်က ကိုင်းကျနေတဲ့ကိုယ်ကို ပြန်မတ်ရင်း ခေါင်းရမ်းလိုက်သည်က ဘယ်လိုမှ လက်မခံစွာ။

"အန်တီကြီးက ဒီနေ့ ထူးနေသလိုပဲ"

"အို ထူးပါဘူး တူမလေးရယ်။ ပုံမှန်ပါပဲ၊ ဟင့် ဟင့် ဟင့် လာ လာ"

တူမချောကို ဒေါ်ဝေလှချို တယုယတဆွဲခေါ်ကာ ပန်ပန်ကလည်း မြူးမြူးလေးပင် အန်တီကြီးလက်မောင်းကိုတွယ်ရှဲ့ ဧည့်ခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသည်။

ဆိုဖာပေါ်မှာ စိတ်ပျက်လက်ပျက်ပုံစံနဲ့ ထိုင်နေတဲ့ ဒယ်ဒီကို မြင်လိုက်တော့ ပန်ပန့်မျက်ခုံးလေး ပင့်ကြွသွား၏။

“ဟွန်း ဒယ်ဒီ ဘာဖြစ်နေတာလဲ”

“ဘာမှမဖြစ်ဘူး သမီးရယ်”

“အို မဖြစ်ဘူးသာဆိုတယ်။ ဒယ်ဒီ့ပုံစံက အရင်လို မဟုတ်ဘူး။ တစ်ခုခု ခံစားနေရမှန်းသိသာတယ် ဒယ်ဒီရဲ့”

“ဟောတော့”

ပန်ပန်က ထိုသို့ပြောရင်း မောင်လေးအနား ဝင်ထိုင်လိုက်တော့ အန်တီကြီးက ဟောတော့နဲ့ ပါးစပ်ပေါက်လေး ဟသွား၏။

ဦးဝေလုခေါင်က ခေါင်းတရမ်းရမ်းနဲ့ ရှောင်လွှဲနေသည်။

ပန်ပန်က အကြောင်းစုံကိုသိထားသူမို့ မလုံမလဲဖြစ်နေတဲ့ ဒယ်ဒီ့ကို ပြုံးပြုံးလေး စိုက်ကြည့်၍ –

“ဒယ်ဒီရယ်၊ ဒယ်ဒီ ဘာဖြစ်နေလဲဆိုတာ ပန်ပန်သိပါတယ်”

“ဟဲ့ ဘာသိတာတုံး”

ဒေါ်ဝေလုချိုက စိတ်မလုံစွာမေး၏။ ဦးဝေလုခေါင်က အစ်မဖြစ်သူနဲ့သမီးကို တစ်လှည့်စီကြည့်၏။

မမက ထိတ်ထိတ်ပျာပျာ ဖြစ်နေသလောက် သမီးက ရွှင်ရွှင်မြူးမြူးလေးနှင့်။





“ဒယ်ဒီ”

“ပြော ပြောလေ သမီး”

“အဟင့် ဒယ်ဒီ့ရင်ထဲက ဇာတ်လမ်းဟောင်းကို ဒယ်ဒီ ပြန်ပြီး အသက်သွင်းချင်နေတယ် မဟုတ်လား”

“ဟင်”

ပန်ပန်လေးမေးလျှင် မောင်နှမနှစ်ယောက်၏မျက်လုံးနှစ်စုံ လုံး ပြူးတက်သွား၏။

“ဟွန်း ဘာကိုမျက်လုံးပြူးနေရတာလဲ၊ ဒယ်ဒီရော အန်တီကြီးရော”

“အို ဟဲ့ ငါတို့က”

ဒေါ်ဝေလုချို ဘာတွေပြောနေလို့ပြောနေမှန်းမသိတော့ပါ။ ရှေ့ဆက်ဘာပြောရမှန်းလည်း ဝေခွဲမရဖြစ်ကာ တူမဖြစ်သူကို ဆွဲ၏။

“လာ လာ တူမလေး။ နေ့လယ်စာစားကြမယ်”

“ဟင့်အင်း အန်တီကြီး။ ဒယ်ဒီနဲ့အန်တီကြီး ဘာကိစ္စကြောင့် ဘယ်လိုဖြစ်နေလဲဆိုတာ ပန်ပန်သိတယ်။ ပန်ပန့်ကို ဘာမှ ဖုံးကွယ်ထားစရာမလိုဘူး။ ဒယ်ဒီ့အချစ် ဇာတ်လမ်းကို ဒယ်ဒီ ပြန်ဆက်ချင်တယ် မဟုတ်လား”

“ဟာ”

“ဟဲ့”



www.burmeseclassic.com

www.burmeseclassic.com



ဦးဝေလှခေါင် မျက်နှာချည်းရဲကာ ဟာခနဲဖြစ်၏။ ဒေါ်ဝေလှမျိုးက ထိတ်လန့်ဟန်နှင့် ဟဲ့ခနဲအသံထွက်၏။ ပန်ပန်က ပခုံးလေးပင့်ကာ သဘောကျစွာ ပြုံးလေပြီ။

"ပန်ပန် သိနေတာကြာပြီ ဒယ်ဒီရဲ့၊ ဒယ်ဒီက ဖွင့်မပြောသေးလို့ ပန်ပန် မြို့နေတာလေ။ ဒါကြောင့် ဒယ်ဒီ ဘာမှအားမငယ်နဲ့။ ဒယ်ဒီက ရုံရုံ့မေမေနဲ့ ပြန်ဆက်သွယ်ချင်တယ် မဟုတ်လား"

ဦးဝေလှခေါင်အလိုလို ခေါင်းညိတ်မိသွားသည်။ အန်တီကြီးက–

"သမီးပန်ပန်"

ဟု ဟန့်၏။ ပန်ပန်က ဒယ်ဒီအပါးမှထ၍ အန်တီနားသွားကာ အန်တီကြီးကို အသာဖက်၍ ချော့မော့သလိုပြောသည်။

"အန်တီကြီးရယ်၊ ဒယ်ဒီ့ခံစားချက်ကို မပိတ်ပင်ကောင်းဘူးလေ။ ခုချိန်မှာ ဒယ်ဒီဖြစ်ချင်တာကို ဖြစ်ခွင့်ပေးလို့ရတယ် အန်တီကြီးရဲ့"

"ဘာဖြစ်လို့"

"မာမီမှ မရှိတော့တာ"

"တူမကြီးရယ်"

ဒေါ်ဝေလှချိုရင်ထဲမှာ ထိရှကာ မျက်ရည်တို့ ဝဲသွားသည်။ ပန်ပန်က အန်တီကြီးခံစားချက်ကို နားလည်ပါသည်။





ထို့ကြောင့် –

"တကယ်ပြောတာပါ အန်တီကြီးရယ်။ မာမီရှိရင်တော့ မာမီ့သဘောလေ။ မာမီ ခွင့်မပြုလို့ရတယ်။ မာမီမရှိမှတော့ ဒယ်ဒီ့ကို ပန်ပန်တို့ ထိန်းချုပ်ထားရင် ဒယ်ဒီပိုပြီးခံစားရမှာပေါ့။ ဒယ်ဒီ ခံစားနေရတာ မြင်နေရင် အန်တီကြီးလည်း စိတ်ချမ်းသာမှာ မဟုတ်ဘူး။ ပျော်မှာမဟုတ်ဘူး။ အန်တီကြီးရဲ့"

"တူမလေးရယ် . . . ဟင့် ဟင့် ဟင့်၊ အန်တီကြီးက ပန်ပန်လေးကို သနားနေတာကွဲ့"

"အို ပန်ပန် ကလေးမဟုတ်တော့ဘူး အန်တီကြီးရဲ့။ အစစအရာရာကို နားလည်လက်ခံတတ်နေပါပြီ။ ဒယ်ဒီ့ကို ခွင့်ပြုလိုက်ပါနော် . . . အန်တီကြီး"

"ဘုရားရေ . . . ဒီကလေး ဒီလောက်ထိ နားလည်နေတာ အန်တီကြီး အံ့သြပါတယ်။ မောင်လေး မမက ခွင့်မပြုချင်တာက ဝုဏ်သိက္ခာသာမက ပတ်ဝန်းကျင်က ပြောဆိုလာမှာတွေ ရင်မဆိုင်ရဲလို့ပါကွယ်။ အခု သမီးလေးက နားလည်ပေးနိုင်မှတော့ မောင်လေးသဘောပေါ် . . . ဟင့် ဟင့် ဟင့်"

အန်တီကြီးက ဝမ်းနည်းဝမ်းသာနှင့် မျက်ရည်ကျ၏။ ပန်ပန်က အန်တီကြီးမျက်ရည်တွေကို သုတ်ပေး၏။

ပြီးတော့ ဒယ်ဒီ့ရှေ့ထိုင်ချ၍ –



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီ"

"ပြော ပြောပါသမီးရယ်"

"ပန်ပန့်အတွက် တံခါးကို လက်ဆောင်ပေးတဲ့အတွက် ဒယ်ဒီ့ခံစားချက်ကိုလည်း ပန်ပန်က ပြန်ပြီးလက်ဆောင်ပေးတဲ့ သဘောပါ။ ဒယ်ဒီကျေနပ်တယ် မဟုတ်လား"

ဦးဝေလှခေါင် ဝမ်းသာလွန်းလို့ မျက်ရည်လေးစို့ကာ သမီးကို ပွေ့ဖက်၍ ခေါင်းတဆတ်ဆတ်ညိတ်လိုက်မိသည်။

"သမီးကို ဒယ်ဒီ ကျေးဇူးအများကြီးတင်ပါတယ်ကွယ်"

"ရပါတယ် ဒယ်ဒီရဲ့။ ဒယ်ဒီက ရုံရုံတို့သားအမိဆီ လိုက်သွားမယ်ဆိုရင် ပန်ပန်လည်း လိုက်မယ် ဒယ်ဒီ"

"တ တကယ်လား သမီးရယ်"

"တကယ်ပေါ့ ဒယ်ဒီရဲ့။ ရုံရုံကို သမီးက ဒယ်ဒီ့ထက် အရင် မြင်ဖူးတွေ့ဖူးပြီး ရင်းရင်းနှီးနှီး ဆက်ဆံဖူးတာလေ။ ခုချိန်မှာ ရုံရုံက ဒယ်ဒီ့သမီးကြီး ဖြစ်နေပြီ မဟုတ်လား"

"အင်း"

"ဒယ်ဒီ့သမီးကြီးဆို၊ ပန်ပန့်ရဲ့အစ်မပေါ့ မဟုတ်ဘူးလား"

"ကျေးဇူးတင်လိုက်တာ သမီးရယ် တကယ်"

ဒယ်ဒီ အားရဝမ်းသာစိတ်နဲ့ လှိုက်လှိုက်လှဲလှဲပြောလျှင် ပန်ပန် မြူးမြူးလေး ပြုံးမိသွားသည်။

မိန်းကလေးစာအုပ်တိုက်



ထိုသို့ ပြုံးမိတာကလည်း အကြောင်းမဲ့ မဟုတ်ဘူးလေ။

"တူမလေးပန်ပန်ရယ်၊ တူမလေး သဘောထားကြီးလိုက်တာကွယ်။ အန်တီကြီးတော့ ပန်ပန်လေးကို ပိုပြီးချစ်ရပါတယ် ... ဟင့် ဟင့် ဟင့်"

အန်တီကြီးက လှိုက်လှိုက်လှဲလှဲပြောရင်း ငိုရှာသည်။ အကြောင်းရှိနေတဲ့ ပန်ပန်ကတော့ အားလုံးထက်ပို၍ ပျော်မြူးနေပြီလေ။

ဟင့် ဟင့် ဟင့်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ဖေဖေ"

"သား"

ဦးမျိုးဦးက သားဖြစ်သူကို အားရပါးရ ပွေ့ဖက်လိုက်သည်။ ကြည်နူးခြင်းတွေနဲ့အတူ ခေတ်တံခါးက ဖေဖေ့ကို အားအပြည်နဲ့ ပြန်ဖက်၍–

"ဖေဖေ့ကို ခုလို ပြန်တွေ့ရလို့ ဝမ်းသာပါတယ်"

"ဖေဖေ့အပေါ် စိတ်မဆိုးဘူးလား သားရယ်"

ဦးမျိုးဦး ရင်နင့်စွာ မေး၏။ ခေတ်တံခါး ချက်ချင်းပဲ ခေါင်းလေးရမ်းပြီး –





"စိတ်ဆိုးစရာမှမဟုတ်တာ ဖေဖေ"

"ဘာပဲဖြစ်ဖြစ် ဖေဖေ့ကြောင့် သားတို့သားအမိ ခံစားခဲ့ရတာတွေကို တွေးမိရင်း ခုချိန်တောင် ဖေဖေ စိတ်ထိခိုက်တယ်"

ဖက်ထားမိတဲ့ဖေဖေ့ကို တံခါးဖြေလွှတ်ရင်း ဖေဖေ့ကို ဆိုဖာပေါ် ထိုင်စေသည်။ ပြီးမှ ဖေဖေနဲ့ ဘေးချင်းကပ်ယှဉ်ထိုင်၍ –

"မေမေ ဖေဖေ့အပေါ် အတော်ကြီး မျှော်လင့်နေတာလေ"

ဦးမျိုးဦး ရင်မှာဆွေးမြည့်သွားသည်။ သားဖနှစ်ဦးကို ငေးကြည့်နေတဲ့ ဒေါ်ဖြူဖြူနှင်းက မျက်နှာချင်းဆိုင်ထိုင်ရင်း ဝင်ပြော၏။

"ဟုတ်တယ် ကိုမျိုးဦး။ မမက ကိုမျိုးဦး စိတ်ဆိုးပြီး ထွက်သွားကတည်းက တကျိတ်ကျိတ် ငိုနေတာလေ"

"ဒါတွေအားလုံးက ကိုယ့်ကြောင့်ပါကွာ"

ဦးမျိုးဦး သူ့အဖြစ်ကို သူ ရင်နင့်စွာ ဝန်ခံမိသည်။ ဟုတ်လည်း ဟုတ်နေသည်လေ။

သားရဲ့မေမေ ပန်းနုနှင်းက ရိုးရိုးစင်းစင်းနှင့် သူ့အပေါ် အမြဲတမ်း ကြင်နာစွာ လိုက်လျောတတ်သူဖြစ်သည်။

သူက အလုပ်လည်း မယ်မယ်ရရ မလုပ်ချင်။ လူပျိုဘဝတုန်းကလို သူငယ်ချင်းတွေနဲ့ပဲ ပျော်သလိုနေခဲ့ကာ မိသားစုအရေးကို ဂရုတစိုက်မရှိခဲ့။

ပန်းနုက အထည်ဆိုင်ငယ်လေးအားကိုးနဲ့ မိသားစုစားဝတ်



www.burmeseclassic.com

www.burmeseclassic.com



နေရေးကို ဖြေရှင်းနေချိန်မှာ သူက သောက်သောက်စားစား လူ မင်းသား ဖြစ်နေခဲ့သည်။

ဒီလိုနဲ့ သူ့စိတ်ကမငြိမ်။

သူငယ်ချင်းတွေ ပြည်ပထွက်တော့ သူလည်းလိုက်ထွက်ချင်သည်။ ထိုအခါက ပန်းနုက အပြင်းအထန် ကန့်ကွက်၏။

ပန်းနု ကန့်ကွက်တာကို သူ အမုန်းဆုံးဖြစ်ခဲ့သည်။ အစစ အရာရာ အလိုလိုက်ခဲ့တဲ့ မိန်းမက သူ့အပြင်ထွက်ပြီးစီးပွားရှာချင်တယ် လို့ ပြောတာကို ကန့်ကွက်တော့ သူ့စိတ်ပေါက်ကွဲကာ။

လင်မယားစကားများပြီး အိမ်ပေါ်မှဆင်းခဲ့သည်။ ထို့နောက် သူငယ်ချင်းတွေနဲ့ ထိုင်းသွားလိုက်၊ တရုတ်သွားလိုက်နဲ့ ပျော်သလိုနေ တာ။

စိတ်ဆိုးနေတဲ့ ဖနီးသည်ကို ပြန်ချော့ဖို့ထက် သူ့ဆန္ဒကို ကန့်ကွက်လေခြင်း။ ရန်ဖြစ်လေခြင်းဆိုတဲ့ စိတ်နဲ့ ပန်းနုအပေါ် နာကျည်း နေခဲ့သည်။

ထို့ကြောင့် နောက်ကြောင်းပြန်မလှည့်ဘဲနေခဲ့ကာ။

ဒီလိုနဲ့ နှစ်တွေကြာလာတော့ ဖနီးနဲ့သားကို သတိရလာသည်။ သတိရတယ်ဆိုရုံနဲ့ ပြေးသွားဖို့မလွယ်။ သူ့မှာက အာတစ်ပြားတစ်ချပ်မှ မရှိတဲ့အနေအထား။ ဒါကြောင့် သူ့လက်ထဲ စုဆောင်းမိမှ သွားမယ်ဆို့ စိတ်ကူးကာ အလုပ်တွေ ဖိလုပ်နေခဲ့သည်။





ဒီလိုနဲ့ မိသားစုနဲ့အဆက်ဖြတ်ပြီး နေလာတာ ဆယ်နှစ် မကပါ။

သူ့လက်ထဲ စုစုဆောင်းဆောင်းလေး ဆုပ်ထားမိကာမှ ဖနီးသည်ဆီ ပြန်လာသည်။ ထိုအခါ အလာကောင်းသော်လည်း အခါ နှောင်းကာ ...

ဖနီးသည်က ဆုံးပါးသွား၏။

သားက တစ်ဖက်နိုင်ငံကို ထွက်သွားပြီတဲ့။

သူ့လက်ထဲမှာ ငွေကြေး အထုပ်အထည် စုဆောင်းမိတဲ့အချိန် မှာ သူ့မိသားစုက သူနဲ့သေတကွဲ ရှင်တကွဲဖြစ်ကာ။

ထိုအခါ ...

သူ့အတွက်ကို သူ မုန်းတီးနေသလို နောင်တလည်း ရနေမိ သည်။ မိသားစုကင်းမဲ့နေတဲ့ဘဝက သူ့အတွက် အဓိပ္ပာယ်မဲ့နေသလို ခံစားနေသည်။ သားနဲ့လည်း ပြန်ဆုံချင်သည်။

ဒါကြောင့် ပန်းနုနဲ့ညီမရင်း ဖြူဖြူနှင်းကို သေိပ်စာကတ်လေး ပေးခဲ့ရင်း သူက သူလုပ်နေတဲ့ ကျောက်မျက်ပွဲစားအလုပ်နဲ့ ဟိုနိုင်ငံ ဒီနိုင်ငံကူးချည်သန်းချည် ဖြစ်နေခဲ့သည်။

ဖြူဖြူ ဖုန်းဆက်တဲ့အချိန်က သူက နော်ဝေးရောက်နေသည်။ ဒါနဲ့ပဲ အလုပ်ကိစ္စတွေကို ပစ်ခဲ့ကာ သားနဲ့တွေ့ဖို့ ချက်ချင်း သူ ပြန် လာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာတော့ သားက သူ့ကို စိမ်းကားနေမလား၊ နာကျင်နေမလား။ ထိုစိတ်နဲ့ ပူပန်ခဲ့ရတာ။ ခုတော့ သားက ဖအေကို စိတ်ဆိုးဘူးတဲ့။ စိတ်မဆိုးတာကလည်း မိခင်ဖြစ်သူ ပန်းနုကြောင့်တဲ့။

"သားဖေဖေကို သား စိတ်မဆိုးပါနဲ့ကွယ်။ သားဖေဖေရဲ့ဆန္ဒကို မေမေသာ ခွင့်ပြုလိုက်ရင် သားဖေဖေက သားနဲ့မေမေ့ ပစ်ထားမှာ မဟုတ်ဘူးလေ။ မေမေက ခွင့်မပြုလို့ မေမေ့ကို စိတ်ဆိုးပြီ သားဖေဖေဟာ မေမေနဲ့သားကို မဆက်သွယ်တာ။ မေမေ့ကြောင့်ပဲ သားရယ်၊ မေမေ့ကြောင့်ပါ"

မေမေက မသေခင်အချိန်ထိ ထိုသို့ တတွတ်တွတ် ပြောနေရှာသည် မဟုတ်လား။ မေမေ ကွယ်လွန်သွားပေမယ့် ဖေဖေ့အပေါ် မျှော်လင့်တကြီး ဖြစ်နေခဲ့တာ သူ့ အသိဆုံး။

အကယ်၍ မေမေသာ ခုချိန်ထိရှိနေသေးရင် သိပ်ပြီး ဝမ်းသာရှာမှာ။ ခုတော့ တွေးရင်း ဆွေးမြည့်ရကာ သားအဖနှစ်ယောက် မျက်ရည်တစို့စို့ ဖြစ်နေကြသည်။

ကြားထဲကနေ ဒေါ်ဖြူဖြူနှင်းကပဲ အခြေအနေကို ဝင်ထိန်းရ၏။

"ကဲပါလေ ... ဖြစ်ပြီးခဲ့တာတွေက ဖြစ်ပြီးခဲ့ပြီးမဟုတ်လား။ ကံ ကံ၏အကြောင်းလို့ပဲ မှတ်လိုက်တော့။ အခုလက်ရှိ ဒီသားရဲ့ ဒီအဖေ ချစ်ချစ်ခင်ခင် နေသွားလို့ရသားပဲကွယ်"





အန်တီဖြူ့စကားဆုံးလျှင် သားအဖနှစ်ယောက် မျက်ရည်တွေ သုတ်ရင်း ခေါင်းလေးတွေညိတ်၏။

သားဖြစ်သူက –

"ခုဆို မေမေဆုံးတာ ခြောက်နှစ်ရှိပြီ ဖေဖေ"

"အဲဒီအတွက် ဖေဖေ နောင်တရပါတယ်။ သားကိုလည်း တောင်းပန်တယ်။ တမလွန်ရောက်နေတဲ့ သားမေမေအတွက် ဖေဖေ ကောင်းမှုကုသိုလ်တွေ လုပ်ပေးချင်တယ်ကွာ"

"ကျေးဇူးတင်ပါတယ် ဖေဖေ"

"အဲဒီအတွက် ဖေဖေ့ကို သား ကူညီကွာ"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း မေမေ့အတွက် ကောင်းမှုကုသိုလ် လုပ်ပေးချင်စိတ်ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ အခြေအနေ မဲ့နေတော့"

"ကျုပ် သား အဲဒီအတွက် သား ဘာမှအားမငယ်နဲ့။ ဖေဖေ စီစဉ်မယ်။ ဒီနေ့ကစပြီး သားက အခြေမဲ့အနေမဲ့ မဟုတ်တော့ဘူး။ သားတို့သားအမိအတွက် ဖေဖေရှာခဲ့သမျှဟာ သားအတွက်ပဲ။ ဒါကြောင့် သားမေမေ တမလွန်ကနေ သာဓုခေါ်နိုင်အောင် အလှူကြီး ပေးမယ်ကွာ"

"ကျေးဇူးတင်ပါတယ် ဖေဖေ"

"အဲဒီအတွက် သားနဲ့အတူ ဖြူဖြူလည်း ကူညီပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ကိုမျိုးရယ်။ ဖြူဖြူလည်း မမပန်းနုအတွက် စိတ်ရင်းအပြည့်နဲ့ ကူညီမှာ"

"ကျေးဇူးပဲကွာ"

ဦးမျိုးဦးရင်ထဲမှာ သားကိုတကယ်ကျေးဇူးတင်ရလေသည်။ ပန်းနုအတွက် ဘာမဆို သူလုပ်ပေးနိုင်တဲ့ အခြေအနေရောက်နေပြီ မဟုတ်လား။

"မေမေက ချို့တဲ့နွမ်းပါးတဲ့သူတွေကို အလှူပေးရတာ သဘော ကျလေ့ရှိတယ် ဖေဖေ"

"အိုကေ၊ မိဘမဲ့ဂေဟာတို့ ဘိုးဘွားရိပ်သာတို့မှာ သားမေမေ နာမည်နဲ့ ဖေဖေ လှူပေးပါ့မယ်။ အဲဒီဂေဟာတွေနဲ့ ဖေဖေတို့ ချိတ် ဆက်သွယ်ကြစို့လား"

"အကောင်းဆုံးပဲ ဖေဖေ"

"အဲဒါဆို ဂေဟာတွေရဲ့လိပ်စာအညွှန်းစာအုပ် ရှိတယ်။ ဖြူ ယူပေးမယ်"

ဒေါ်ဖြူဖြူနှင်းလည်း အားတက်သရောပြောကာ ဂေဟာလိပ်စာ ညွှန်စာအုပ်လေးကို စာအုပ်စင်ပေါ်က ကမန်းကတန်း ဆွဲထုတ်ပေး၏။

"ကျေးဇူးပဲကွာ"

ဦးမျိုးဦး လိုက်လှိုက်လှဲလှဲပြောလျှင် ဒေါ်ဖြူဖြူနှင်းလည်း ကြည်နူးစွာ ပြုံး၏။





ခေတ်တခါးလည်း ဖေဖေနဲ့အန်တီဖြူကို ကျေနပ်အားရ ပြုံး ကြည့်မိလျှင် ရင်ထဲမှာ လစ်ဟာနေတဲ့ မိသားစုပုံရိပ်ကို ပြေးမြင်၏။

ဖေဖေ။

မေမေ။

ပြီးတော့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ရွှေကိုင်းမျက်မှန်နဲ့ မောင့်ဖေဖေပုံက ကျက်သရေရှိလှ၏။ မောင့်မေမေပုံကတော့ အနက်တီဖြူနဲ့ ဆင်၏။ သို့သော် အနက်တီဖြူထက် မျက်နှာကျပိုလှကာ စိတ်သဘောထားနူးညံ့သိမ်မွေ့ပုံ ပိုရှိ ပေါ်လွင်သည်။

မောင်က မောင့်မေမေလို မျက်နှာကျလှပြီး မောင့်ဖေဖေ၏ ကိုယ်နေဟန်အချိုးအစား တောင့်တင်း၏။

ဒါကြောင့် မောင်အလှက ဆွဲဆောင်မှုရှိသလို စမတ်ကျ၏။ ခုနေခါ မောင့်မေမေသာရှိရင် မောင်တို့မိသားစု ပျော်ရွှင်ဖွယ်အတိ ပေ။

အခုတော့ မောင့်ဖေဖေရယ် မောင်ရယ်။





မောင့်မေမေရဲ့ဓာတ်ပုံဟောင်းတွေနဲ့သာ။

မောင့်ဖေဖေနဲ့ ဆုံတွေ့ပုံ ဓာတ်ပုံလေးတွေကိုကြည့်ရင်း မောင့်ကို လွမ်းတဲ့စိတ်တွေ ပိုလာရသည်။

ထိုစဉ် –

"တီ တီ တီ"

"ဟင်"

မောင့်ကိုလွမ်းနေတုန်း ဖုန်းလေး မြည်လာပြီ။ ထိုအခါ ရုံရုံ့ရင်မှာ အခုန်မြန်ကာ ချက်ချင်းပဲ ဖုန်းလေးဖွင့်ပြီး ထူးလိုက်၏။

"မောင်"

"ရုံရယ် ရုံ့ဆီ မောင် အပြေးလာချင်ပြီကွာ"

"မောင့်ဖေဖေကိုလည်း အချိန်ပေးပါဦးလို့"

"ဖေဖေ့အတွက် မောင် အများကြီးအချိန်ပေးထားပြီး။ ဒါကြောင့် ရုံ့ဆီ စိတ်ကူးနဲ့ပဲ ရောက်နေတာ။ အခု ဖေဖေနဲ့လည်း အဆင်ပြေတယ်။ ပြီးတော့ ဖေဖေကလည်း ရုံ့ကို တွေ့ချင်နေတယ်"

"ဟင် ဘာလုပ်ဖို့"

"မောင့်ချစ်သူကို မောင့်ဖေဖေ တွေ့ချင်နေတာ ဆန်းသလား"

"အို ဘာချစ်သူလဲ"

ရုံရုံ ရှက်စိတ်လေးနဲ့ နှုတ်ခမ်းလေးဆူပြီး ပြောလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးက သဘောကျစွာ ပြုံး၍ –

"မောင့်ချစ်သူလေ"

"မောင်နော်"

"မဟုတ်လို့လား ရုံ"

"အို မောင်ကတော့ ချစ်တယ်လို့ မပြောသေးဘဲနဲ့"

"ဟာ ဟုတ်လား"

မသိချင်ယောင်ဆောင်တဲ့ပုံစံမျိုးနဲ့ မောင်ပြောလျှင် ရုံရုံ မျက်စောင်းလှလှ ထိုးမိသွားသည်။

"ဘာ ဟုတ်လားလဲ"

"မောင်က ရုံ့ကို ချစ်တယ်ပြောမှ ချစ်သူဖြစ်မှာတဲ့လားရုံ"

"မောင်နော်"

"မောင်မသိလို့ပါ ရုံရဲ့။ တကယ်မသိလို့ပါ"

"မသိလည်း မပြောနဲ့"

"ချစ်တယ်"

"အဲ"

မထင်မှတ်တဲ့အချိန်မှာမှ မောင်က ချစ်တယ်တဲ့။ ရုံရုံ စိတ်ဆိုးရမှာလား။ ကြည်နူးရမှာလား၊ ပြုံးရမှာလား။

နှလုံးသားမှာတော့ တသိမ့်သိမ့်နဲ့ မြူးကြွမှုတွေ ပျော်ဝင်လာသည်။





"ရုံ"

"အင်း"

ရုံရုံ မပွင့်တပွင့် ထူးမိ၏။

"ချစ်တယ်မဟုတ်လား ရုံ"

"ရုံ မပြောတတ်ဘူး"

"အဲဒါဆို မောင်သင်ပေးမယ်"

"ဘယ် ဘယ်လို"

"ချစ်တယ်လို့ ရုံ မပြောတတ်ဘူး မဟုတ်ဘား"

"အင်း"

"အဲဒါကြောင့် မောင်က ရုံ့ကို သင်ပေးမယ်"

"အဟင့်"

ရုံရုံ သဘောတကျ ရယ်မိသည်။

"မရယ်နဲ့ ရုံ"

"အို ရယ်ပါဘူး"

"အဲဒါဆို မောင်သင်ပေးမယ်၊ လိုက်ဆို"

"အင်း"

"ကျွန်မ ပတ္တမြားရုံရုံသည်"

မောင်က ကျောင်းသားကလေးတွေကို စာတိုင်ပေးသလို ဆိုင်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



ရှံက မျက်နှာလေးကို ရင်ခုန်မှုတွေနဲ့ ရှင်ပြုံးထားလျက် မောင့်အလိုကျ လိုက်ဆိုမိ၏။

''ကျွန်မ ပတ္တမြားရှံရှံသည် ခေတ်တံခါးကို မောင်ဟုခေါ်ဖြစ်သည်မှာ ချစ်သောကြောင့် ဖြစ်ပါသည်။ အဲ သွား''

''ရှံ ဘာဖြစ်တာလဲ''

''မောင်ဟာလေ သိပ်နောက်တာပဲ''

''ချစ်တာကိုး ရှံရဲ့''

''တော်ပါတော့ ချစ်တယ်ချည်းပြောနေတာ ရှက်ဖို့ကောင်းလာပြီ''

''မောင်ကတော့ မရှက်ပေါင်''

''ဘာဖြစ်လို့''

''ချစ်တယ်လို့ပြောပြီးဆိုတော့ လက်ထပ်ဖို့ဆက်ပြောဦးမယ်''

''အို''

ရှံရှံရင်မှာ တကယ် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ခေတ်တံခါးက ကြည်ရွှင်စိတ်ဖြင့် လေးလေးနက်နက် ပြောချေသည်။

''ရှံ တကယ်ပြောတာ။ ရှံနဲ့မောင် မဝေးချင်ဘူး။ ရှံအကြောင်း ဖေဖေ့ကိုပြောပြလိုက်ပြီ။ ဖေဖေက မောင့်သဘောပါ။ ရှံ့မေမေနဲ့ အမျိုးတွေဆီမှာ လိုက်တောင်းပေးဖို့ အဆင်သင့်ပဲ''

''ဘုရားရေ''





ရှံရှံ အံ့ဩပြီးရင်း အံ့ဩရလေသည်။ မောင်က ရှံ့ဘဝလေးကို အဲဒီလောက် တန်ဖိုးထား မြတ်နိုးသတဲ့လား။

''အန်တီဖြူကလည်း အချိန်မဆိုင်းနဲ့တဲ့။ ဒေါ်မွန်နဲ့တွေ့လို့တောင် ပြောလိုက်သေးတယ်။ ဒေါ်မွန်က မြန်မြန်သာလုပ်ပါ မောင်ခေတ်ရယ်တဲ့။ မကြီက လာလာမေးရှံမကဘူး တစ်ခုခု ကြံစည်ထားတာရှိတယ်တဲ့''

''ဟင်''

''ဟုတ်တယ် ရှံရဲ့၊ ဒါကြောင့် မောင်အချိန်မဆွဲချင်ဘူး။ ရှံဆီ လိုက်ခဲ့မယ်။ ဖေဖေနဲ့အန်တီဖြူကိုခေါ်ပြီး မောင်လာခဲ့မယ်။ ရှံ့မေမေနဲ့အမျိုးတွေကို ရှံ ကြိုပြောထားလိုက်။ နက်ဖြန်ကျရင် လူကြီးစုံရာနဲ့ မောင် လာခဲ့မယ်လို့''

''ဖွတ်ချည်းပါလား မောင်ရယ်''

''ချစ်တယ်လေ ရှံရှံရဲ့၊ ဒါပဲနော် ... ရှံ့ကို အနမ်းလေးပေးမယ်''

''အဲ မောင်နော်''

''ရွှတ်''

''သွား ဘာမှန်းလဲမသိဘူး''

ရှံရှံ မျက်နှာလှလှလေး ရှက်စနိုးဖြစ်သွားပေမယ့် ကြည်နူးသွားတာ အမှန်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်အနမ်းလေးတွေကို အဝေးက ခံစားနေရတာ ရှက်လှ ပါပြီ။

အကယ်၍ –

နီးနီးကပ်ကပ် ခံစားရရင်

အိုး။

တွေးရဲဘူးကွယ်။

✿ ✿ ✿

## အခန်း (၃၀)

"လှတဲ့လူက ပိုလှချင်နေတယ်ဆိုတာ တကယ်ဖြစ်နေပါလား ရုံရုံ"

"ဟာင်"

သင်းသင်းပြောလျှင် ရုံရုံ မလုံမလဲ ဖြစ်သွားသည်။ မျက်ခုံးလေးကို စိမ်းပြာရောင်ရှိုးမှုန်လေးတွေ ခြယ်နေရာမှ အလိုလိုတန့်သွားပြီး ...

"သင်းသင်းကလည်း ပြောရော့မယ်"

"ဟုတ်တယ်လေ၊ ရုံ ဒီလောက်လှနေလျက်နဲ့ အလှတွေ ပြန်ပြင်လိုက်တော့ အလှပေါ် အလှဆင့်နေတဲ့ ရုံ့အလှ ရောင်စဉ်ဝင်း



www.burmeseclassic.com

www.burmeseclassic.com



တောက်နေတာလေ"

"အဟင့် သင်းသင်းကို မုန့်ဝယ်ကျွေးပါ့မယ်"

"သင်းသင်းက မုန့်စားချင်လို့မဟုတ်ပါဘူး။ ရုံရုံ ပိုလှနေလို့ ပြောတာ"

"ကျေးဇူးပဲ သင်းသင်းရယ်"

"ဒါနဲ့ ရုံရုံ"

"ဘာလဲဟင် သင်းသင်း"

"ရုံရုံ အလှပြင်နေတာ ကိုတံခါး လူကြီးစုံရာနဲ့ လာမယ်ဆိုလို့ မဟုတ်လား"

"အို ဟုတ်ပါဘူး"

"ရှက်မနေပါနဲ့ လှသထက် လှအောင် ပြင်ပါကွယ်။ တော်ကြာ ညှိသည့်တွေရောက်လာလို့ သတို့သမီးလောင်းလေးမျက်နှာ ဦးဦးဖျားဖျား မမြင်ရရင် တစ်မေးတည်း မေးနေကြမယ်လေ။ ပြီးတာနဲ့ ထွက်ခဲ့။ အဲဒါလာပြောတာ"

ရုံရုံ ရှက်ပြုံးလေးနဲ့ ခေါင်းလေးညိတ်လိုက်ရသည်။ သင်းသင်း သဘောကျစွာ လှည့်ထွက်သွားလျှင် ရုံရုံ မှန်ဘက်ပြန်လှည့်၍ ပြုံး...

မေမေ့အရိပ်ရောက်မှပဲ ရုံရုံ ပိုပြီးအလှပြင်တတ်လာသည်။ ဟုတ်တယ်လေ။ အပြင်မှာနေတုန်းက ရုံရုံက ရုံ့အလှကို ရုံ မထုတ်ခဲ့ ရဲပါ။





တတ်နိုင်သမျှ အလှအပ မပြင်ဆင်ဘဲ နေလာတာ။

ခုတော့ မောင့်တို့လာမယ် မဟုတ်လား။

မောင့်ကိုချစ်တဲ့စိတ်က ရုံရုံ ပို၍လှချင်လာသည်။ ဒါကြောင့် မေမေတို့ဆီလာခါနီးမှာ မောင်ဝယ်ထည့်ပေးလိုက်တဲ့ ဝတ်စုံတွေထဲက စတော်ဘယ်ရီရောင် ရယ်ဒီမိတ်ဝမ်းဆက်လေးကို ရွေးချယ်လိုက်သည်။

စတော်ဘယ်ရီရောင်နဲ့ စိမ်းပြာရောင်က ဆန့်ကျင်ဘက်အလှတွေကို ပွင့်ထွက်သွားစေသည့်သဘော ရှိတယ်မဟုတ်လား။ ဒါကြောင့် မျက်ခွံမှာ စိမ်းပြာရင့်ရင့်ခြယ်ပြီး နှုတ်ခမ်းသားလေးကို ဝတ်စုံနဲ့လိုက်အောင် စတော်ဘယ်ရီရောင်ဆေးသားလေး ထပ်တင်လိုက်သည်။

ထိုအခါ –

ရုံရုံမျက်နှာ အစိတ်အပိုင်းအသီးသီးက ကိုယ်စီအလှတွေစုလျက် မျက်ခုံးတန်းနှစ်သွယ်က ပြာမှောင်စိမ်းကျနေသည်။

မျက်တောင်ညိုလေးတွေနဲ့ ဝန်းရံထားတဲ့ မျက်ဝန်းအစုံက တောက်တောက်ရွှန်းကာ ပါးပြင်နှစ်ဖက် ပန်းသွေးရောင်လွှမ်း၏။ နှုတ်ခမ်းလေးက စတော်ဘယ်ရီသီးလေးကို မြင်တာနဲ့ ငုံထားချင်စဖွယ်ဖြစ်၏။

ကိုယ်လုံးလေး ကျော့ရှင်းဟန်က ရုံရုံ အလှကို ပို၍ ပို၍ ကြွလန်းစေသည်။ ထိုစဉ် –

"ကျွီ"



www.burmeseclassic.com

www.burmeseclassic.com



ခြံရှေ့ကားရပ်သံကြားလိုက်တာကြောင့် ရုံရုံ အလုပြင်နေတာ ကို ကမန်းကတန်း ရပ်လိုက်သည်။ ထို့နောက် ပြတင်းတံခါးလေး ဖွင့်ကာ ခြံရှေ့ လှမ်းကြည့်လိုက်၏။

"ဟင်"

နက်ပြောင်နေတဲ့ ကားသစ်ကြီးမောင်းသူနေရာမှ ဆင်းလာတဲ့ သူမှာ ခန့်ခန့်ချောချော အမျိုးသားကြီးတစ်ဦး။ သေချာတာက ထိုအမျိုး သားကြီးက မောင့်ပုံတွေထဲက မောင့်ဖေဖေနဲ့မတူ။

ထိုအမျိုးသားကြီးက ကားပေါ်မှဆင်းချင်းချင်း အိမ်ရှေ့ ထွက်ကြိုနေတဲ့မေမေ့ကို အားရဝမ်းသာ ပြေးဖက်၏။

ဘုရားရေ။

မေမေ့ပုံစံကလည်း ရှက်ရိပ်လေးနဲ့ ကြည်နူးကာ ထိုအမျိုးသား ကြီးကို မော့ကြည့်သည်က မျက်တောင်မခတ်တမ်းရယ်။

"နွယ်လေးရယ် ကိုယ့်ကို ခွင့်လွှတ်ပါ။ နွယ်လေးအပေါ် ကိုယ် တာဝန်မဲ့ခဲ့တယ်။ အဲဒီအတွက် ကိုယ်ပြန်ပေးဆပ်ပါရစေ"

"ဟင့် ဟင့် ဟင့်"

ထိုအမျိုးသားကြီးပြောလျှင် မေမေက ဝမ်းနည်းဝမ်းသာငို ကာ ငိုချ၏။ ထိုအမျိုးသားကြီးက မေမေ့ကို တယုတယ ပွေ့ဖက်ရင်း ချော့မော့ပြောဆိုနေသည်။

ထိုမြင်ကွင်းကို မေမေ့အစ်မကြီးတော်နဲ့ မေမေ့အမျိုးတွေက





ကျေနပ်အားရကြည့် ဝိုင်းကြည့်နေကြသည်။

ဘုရားရေ။

ဒါ ဘယ်လိုဖြစ်တာလဲ။

ရုံရုံ ဘာကိုမှ နားမလည်ဖြစ်ကာ ခေါင်းလေးတရမ်းရမ်းနှင့် ထိုမြင်ကွင်းကို ကြည့်နေမိသည်။

ထိုစဉ် …

ရုံ့ရုံ့အပါး သင်းသင်းရောက်လာပြီးပြော၏။

"ရုံရုံ အံ့ဩနေတယ် မဟုတ်လား"

"အံ့ဩတာမဟုတ်ဘူး မယုံနိုင်တာ။ ဒါက ဘယ်လိုဖြစ်တာ လဲ"

"ဟင့် ဟင့် ဟင့် … ရုံရုံ ဝမ်းသာရမှာလေ"

"ဘာရယ်"

"ဟုတ်တယ်၊ ရုံ့ရုံ့မေမေက ရုံ့ရုံ့ကို မပြောနဲ့ဆိုလို့ သင်းသင်း တို့အားလုံး မပြောဘဲနေနေတာ"

"ဘာဖြစ်လို့"

"ရုံ့ရုံ့ကို အံ့ဩပြီး ဝမ်းသာစေချင်လို့"

"ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ ရုံ့ရုံ့ရဲ့။ အဲဒီအမျိုးသားကြီးက ရုံ့ရုံ့အဖေလေ"

"ဘုရားရေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဦးဝေလုခေါင်က ရုံရုံ့ဖေဖေ။ ရုံရုံ့တစ်ခါ တစ်ဆင့် ရုံနဲ့ရုံ့မေမေရဲ့သတင်း ရသွားတာ။ သတင်းရချင်း ရုံရုံ့မေမေကို ဖုန်းဆက်တယ်။ ရုံရုံ့မေမေက လက်ခံစကားပြောတယ်။ အဲဒါ လိုက်လာကြတာ။ အမျိုးတွေအားလုံး ဦးဝေလုခေါင်ကို နားလည် လက်ခံကြတယ်လေ။ အရေးကြီးတာက ရုံတို့မိသားစု ပြန်ပေါင်းဆုံ ရဖို့ပေါ့။ လာ ရုံရုံ ... ဒေါ်ကြီးခေါ်ခိုင်းလိုက်တယ်။ ရုံ့ကို ရုံ့ဖေဖေ မိတ်ဆက်ပေးဖို့"

"ဘုရားရေ"

ရုံရုံ အံ့သြပြီးရင် အံ့သြကာ သင်းသင်းဆွဲခေါ်ရာနောက် တရွတ်တိုက် ပါလာခဲ့သည်။

ဦးဝေလုခေါင်က ရုံရုံ့ ဖေဖေတဲ့။

မောင်ကတစ်ဆင့် သတင်းရသွားတာတဲ့။ ကြည့်စမ်း မောင် လည်း ဘာမှမပြောဘူး။ ရုံရုံ့ကို အမျိုးတွေနဲ့ပေါင်းပြီး လျှို့ဝှက်ထားတာ လေ။

လာပါစေ။

မောင့်ဗိုက်ကြောကို ဆွဲဆိတ်ပြီးမေးရမယ်။

ဘာဖြစ်လို့ ရုံ့ကို ကြိုမပြောတာလဲလို့။

ခုတော့။

✿ ✿ ✿



## အခန်း (၃၁)

"ဟင့်"

ပန်ပန်က အဝေးကနေပဲ ပြုံးမဲ့မဲ့ဖြင့် လှမ်းကြည့်နေလိုက် သည်။

လောလောဆယ် သူ့အကြံအစည်ကို အကောင်ထည်ဖော်ဖို့ စောနေသေးတယ် မဟုတ်လား။

ဒါကြောင့် ကားပေါ်ကမဆင်းသေးဘဲ ဒယ်ဒီတို့ ချစ်ဇာတ် လမ်းကို စောင့်ကြည့်နေခြင်းဖြစ်သည်။

"သမီး"

ဦးဝေလုခေါင်က ရုံရုံ့ကို နက်နက်ရှိုင်းရှိုင်း ခေါ်၏။ ရုံရုံ



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအပြူးသားနဲ့ကြည့်နေလျှင် –

"သမီးလေး"

မေမေက ရုံရုံ့အပါးလာပြီး ရုံရုံ့လက်ကလေးကိုဆွဲ၍ ဖေဖေ့ဆီ ခေါ်သွား၏။

"သမီး"

ဦးဝေလုခေါင်က သမီးဟု အကြိမ်ကြိမ်ခေါ်ရင်း နွယ်သော လက်ထဲက သမီးကိုဆွဲယူကာ ကြင်ကြင်နာနာ ပွေ့ဖက်လိုက်၏။

"သမီးရယ် . . . သမီးလေးကို မောင်ခေတ်အားမှာ မြင်လိုက် ကတည်းက ဖေဖေ့ရင်မှာ ခံစားလို့ရနေတယ်။ ဒါကြောင့် သေသေ ချာချာ စုံစမ်းလိုက်တာလေ။ မောင်ခေတ်ကြောင့် သမီးလေးနဲ့ ခုလို ပြန်ဆုံရတာ။ သမီးမေမေနဲ့လည်း ပြန်တွေ့ရတာ သမီးရယ်"

ရုံရုံ မျက်တောင်လေးပုတ်ခတ်လုပ်ရင်း ဖေဖေနဲ့မေမေကို တစ်လှည့်စီကြည့်နေမိသည်။

"သမီးရယ် . . . သမီး ဖေဖေ့ကို ဖေဖေအဖြစ် လက်ခံပါနော် သမီး"

မေမေပြောလျှင် ရုံရုံ ခေါင်းညိတ်မိသွားသည်။ မေမေက ဖေဖေ့ကို အတော်ချစ်ပုံရသည်။ ဖေဖေဘက်က ပြန်ဆက်သွယ်တာနဲ့ နည်းနည်းလေးမှ မှုမနေဘဲ ပြန်လက်ခံလိုက်တာလေ။

"သမီးမေမေကိုရော သမီးကိုရော ဖေဖေ ကျေးဇူးတင်ပါ





ယ်ကွယ်။ ဖေဖေ့ရဲ့တာဝန်မကျေမှုတွေကြောင့် သမီးလေး အတော် ကြရောက်ခဲ့တယ်ဆိုတာ မောင်ခေတ်ကတစ်ဆင့် ဖေဖေသိခွင့်ရတော့ ပြီး ဝမ်းနည်းရတယ်။ ခုလို ပြန်ဆုံရတော့ တအားဝမ်းသာရတယ်"

"ဟုတ်၊ ရုံလည်း ဝမ်းနည်းဝမ်းသာဖြစ်ရပါတယ်"

"ဖေဖေလို့ ခေါ်လိုက်ပါ သမီးရယ်"

ဒယ်ဒီက ဒါပဲပြောလျှင် ရုံရုံက ခေါင်းလေးညိတ်၏။ ထို့နောက် မရဲတရဲနှင့် –

"ဖေဖေ"

ဟု ခေါ်လိုက်၏။

ထိုအခါ ဒယ်ဒီက အားရဝမ်းသာ ပွေ့ဖက်၍ ရုံရုံ့နဖူးလေးကို နမ်း၏။

ပြီးတော့ ဒေါ်နွယ်လေးကို လက်တစ်ဖက်နဲ့ ပွေ့ဖက်၏။

"ကဲ . . . မင်းတို့မိသားစု ပြန်ဆုံတုန်း အေးအေးဆေးဆေး ကြဦး"

ကြီးမေကဝင်ပြောလျှင် ဖေဖေက မေမေ့ကို ဖြေလွှတ်လိုက် ၏။

ရုံရုံကိုတော့ ချစ်မြတ်နိုးစွာ ပွေ့ဖက်ထားဆဲ။

"ဟဲ့ မောင်ဝေလုခေါင်၊ မောင်လုခေါင်ရဲ့သမီးတစ်ယောက် သေးတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



ကြီးမေ သတိတရမေးလျှင် ဖေဖေက အားရဝမ်းသာ ခေါင်း ညိတ်၏။

"ဟုတ်တယ် မမ၊ ဆောရီး နှယ်လေးတို့သားအမိကိုမြင်တာနဲ့ သမီးကိုမေ့သွားတယ်။ သမီး ကားပေါ်မှာရှိပါတယ်။ သမီးရေ့ သမီး"

ဖေဖေ ပြောရင်းဆိုရင်း ကားပေါ်ရှိ သမီးကို လှမ်းခေါ်သည်။ ရုံရုံက နောက်ထပ်ကြည့်ရမယ့် ဖေဖေ့သမီးရှိရာ ကားဆီ လှမ်းကြည့် ၏။

ကားနောက်ခန်းတံခါး ဖျပ်ဆိုပွင့်လာပြီး ပိတောက်ရောင်ဂါဝန် တိုလေးဝတ်ထားတဲ့ မိန်းမချောလေးတစ်ဦး ဆင်းလာသည်။

"ဟင်"

ရုံရုံ မျက်ဝန်းမယုံနိုင်အောင်ဖြစ်ကာ နှုတ်မှလည်း တစ်လုံးချင်း ခေါ်မိသွားသည်။

"ပန် ပန်"

"ဟုတ်တယ် ရုံရုံရဲ့"

ပန်ပန်က ရွှင်မြူးမြူးလေးဆင်းလာ၍ ရုံရုံကို အပြေးကလေး ဝင်ဖက်၏။

"ပန်ပန်ရယ်၊ ပန်ပန်က ဖေဖေသမီး ဟုတ်လားဟင်"

ရုံရုံ မယုံနိုင်စွာ မေး၏။

"ဟုတ်တယ်လေ၊ ဘယ်ဘဝကရေစက်ကြောင့်လည်းမသိဘူး





...ာ်။ ရုံရုံနဲ့ အရင်ဦးဆုံး ပန်ပန်ဆုံရတာ။ ဒယ်ဒီက နောက်မှဆုံရတယ် ...သ ... ဟင်း ဟင်း ဟင်း"

ပန်ပန်ပြောလျှင် ဖေဖေက သဘောကျစွာရယ်၏။ အမျိုးတွေ ...လည်း ပန်ပန် လိုလိုလားလားရှိတာကို သဘောကျနေကြသည်။

"အေးပါကွယ်၊ ညည်းတို့တွေက ဖအေတူ ညီအစ်မတွေပဲ။ ...ရင်ကတည်းက ဆုံဖူး တွေ့ဖူးတာက နည်းတဲ့ရေစက်မှ မဟုတ်ပဲ ...ယ်"

ကြီးမေ အားရဝမ်းသာပြောလျှင် ဖေဖေနဲ့မေမေက တစ် ...ယောက်ကိုတစ်ယောက် ကြည့်ရင်း ရွှင်မြူးစွာပြုံး၏။

"သမီးလေး ပန်ပန်က သဘောထားသိပ်ကြီးပါတယ် မမ ...ယ်။ နှယ်လေးတို့သားအမိနဲ့ ကျွန်တော့်ကို ကြည်ကြည်ဖြူဖြူ ပြန်ဆုံ ...ပေးတာလေ။ ကျွန်တော့်မမက အစိုးရိမ်လွန်ပြီး တားတာကို သမီး ...ပန်က ခွင့်ပြုတာ။ အဲဒီအတွက် သမီးပန်ပန်ကို ကျွန်တော် ကျေးဇူး ...ဇူးတင်နေရတယ်"

ဖေဖေ အားရဝမ်းသာပြန်ပြောတော့ မေမေကလည်း ပန်ပန့် ...ကို ပခုံးလေးဖက်၍ –

"ကျေးဇူးတင်ပါတယ် သမီးရယ်"

"ရပါတယ် မာမီရဲ့"

"ဟင် ပန်ပန် ဘယ် ဘယ်လိုခေါ်လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ရုံရုံ အံ့သြလွန်းစွာမေးတော့ ပန်ပန်က ရုံရုံ့ကို တစ်ဖက် မေမေ့ကိုတစ်ဖက် ပွေ့ဖက်၍ –

''ပန်ပန့်မှာ မာမီမရှိတော့ဘူးလေ။ ပန်ပန့်မာမီ ဆုံးသွားပြီးတော့ ရုံရုံ့အမေဟာ ပန့်မာမီပြန်ဖြစ်သွားပြီးလေ။ ဒယ်ဒီနဲ့ ပတ်သက်လို့ပေါ့''

''အိုးအေ ... လိမ္မာလိုက်တာ သမီး''

ဖေဖေက ပန်ပန်လေးကိုပါ ပွေ့ဖက်၏။ ကြီးမေတို့တွေလည်း ပန်ပန်တို့နည်းတူ ကြည်နူးစွာ။

''ကဲ ကဲ ... လာ ခရီးပန်းလာတယ်၊ စားသောက်ကြရအောင်။ ကြီးမေ ဒီနေ့ နေ့လယ်စာ ကောင်းကောင်းချက်ထားတယ် လာကြ''

ကြီးမေက ပြောဆိုရင်း ရုံရုံတို့မိသားစုကို အိမ်ပေါ်သို့တက်ရန် ဦးဆောင်ခေါ်သွား၏။

ဖေဖေနဲ့မေမေက ကြည်နူးပြုံးရွှင်စွာ ကြီးမေနောက် လိုက်သွား၏။

''လာ ရုံနဲ့ပန်ပန်''

သင်းသင်းကလည်း ရုံတို့ကို လက်ဆွဲခေါ်လေသည်။ ရုံရုံနှင့် ပန်ပန်လည်း တစ်ယောက်ကိုတစ်ယောက် ဖက်တွယ်၍ အိမ်လေးပေါ် တက်၏။





ကြီးမေရဲ့အိမ်လေးက တစ်ထပ်တိုက်အကြမ်းထည်လေးမို့ ပန်ပန့်ကို ရုံရုံ အားနာလှသည်။

ပန်ပန်က ထိတ်ထိတ်ကြဲ သူဌေးသမီး မဟုတ်လား။

သို့သော် ပန်ပန်က အဲဒါတွေကို မှုဟန်မတူ။ ရုံရုံနှင့်အတူ အိမ်လေးပေါ် တက်ခဲ့သည်က မောင်နှမရင်းနှယ်။

ပန်ပန့်ရင်ထဲမှာတော့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ဟယ်လို ... မောင် ကြားလား"

"ဟယ်လို ... အင်း ကြားပြီ ရုံ၊ ပြော ... ရုံ ပြော"

"အို ... မောင်တို့ ဘယ်အချိန်ရောက်မလဲလို့"

"အဲဒါပေါ့ မောင်ပြောချင်လို့ ဖုန်းခေါ်လိုက်တာ။ မောင် ဖုန်းခေါ်တဲ့အချိန်မှ လိုင်းကမမိလို့ အကြိမ်ကြိမ် ခေါ်နေရတာ။ ခုလည်း မကြားတစ်ချက် ကြားတစ်ချက်နဲ့။ အခု ကြားတယ်မဟုတ်လား"

"ကြားတယ်မောင်ရဲ့ ပြောလေ"

ရုံရုံ ဖုန်းပြောနေတုန်း လှစ်ခနဲ ချောင်းနားထောင်နေတဲ့ ပန်ပန့်အရိပ်ကို မြင်တာနဲ့ ရုံရုံ မလုံမလဲဖြစ်ကာ –





"ရုံ"

"အင်း ... ပြော ပြော"

မောင့်ကိုလည်းပြောရင်း ရုံ နံရံနဲ့ကွယ်ပြီး တံခါးချပ်လေးဖွင့်ကာ နောက်ဖေးပေါက်မှ ရိပ်ခနဲ ရှောင်ထွက်ခဲ့သည်။

ကြီးမေရဲ့အိုက်ပုလေးနောက်မှာ ရေကန်ကြီးတစ်ကန် ရှိ၏။ ထိုရေကန်ဘက် လျှောက်ထွက်ခဲ့ရင်း ပန်နဲ့ အလှမ်းဝေးအောင် မျက်ခြေဖြတ်ခဲ့ခြင်းဖြစ်သည်။

ပန်ပန်နဲ့လွတ်ကင်းနေမှ ရုံရုံ စိတ်လုံခြုံသလိုရှိ၏။

ဒါကြောင့် ...

"ပြောလေ မောင်၊ ရုံ နားထောင်နေတယ်၊ မောင်တို့ ဘယ်အချိန်ရောက်မှာလဲ။ အခု ဘယ်နားရောက်နေပြီလဲ"

"အဲဒါပြောမလို့ ရုံ၊ အခု မောင်တို့ ဆေးရုံမှာ"

"ဆေးရုံမှာ။ ဘယ်သူ ဘာဖြစ်လို့လဲ။ မောင် တစ်ခုခုဖြစ်နေတာလား"

"မ မဟုတ်ဘူး ရုံ၊ မောင်မဟုတ်ဘူး ဖေဖေ"

"ဟင် ... မောင့်ဖေဖေ"

"ဟုတ်တယ် ရုံ"

"ဘာ ဘာဖြစ်တာလဲ၊ မောင်ရယ်"

"ကားဘရိတ်ပေါက်ပြီး အက်စီးဒင့်ဖြစ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာတွေဖြစ်သွားလဲ၊ ဘုရား ဘုရား"

"ရှံ စိတ်မပူပါနဲ့၊ ဖေဖေ ဆိုးဆိုးဝါးဝါး မဖြစ်ရှာဘူး။ ခေါင်းထိတော့ ဆရာဝန်ကြီးက စောင့်ကြည့်နေတာပါ"

"စိုးရိမ်ရလား မောင်"

"သေချာအောင် ခေါင်း ဓာတ်မှန်ရိုက်ပြီး စစ်နေတယ်။ ဖေဖေကတော့ သတိရှိတယ်။ လူကောင်းလိုပဲ စကားပြောနိုင်တယ်။ ဆရာဝန်ကြီး စစ်ဆေးပြီးရင် အဖြေတစ်ခုတော့ တိတိကျကျ ထွက်လိမ့်မယ်"

"မောင်ရယ် ... ရှံ စိတ်ပူလိုက်တာ။ ရှံ လိုက်ခဲ့မယ်"

"မလိုက်ခဲ့နဲ့ ရှံ"

"ဘာဖြစ်လို့"

"ရှံ့ဖေဖေနဲ့မေမေ ပြန်ဆုံနေတဲ့အချိန်မှာ ရှံ့အနေနဲ့ ရှံ့မိဘနှစ်ပါးအနားမှာရှိသင့်တယ်လေ"

"ဒါပေမဲ့"

"ဒါပေမဲ့တွေ၊ ဘာတွေ လုပ်မနေနဲ့။ အားလုံးကို မောင်နားလည်တယ်။ ဖေဖေ့စစ်ချက်အဖြေထွက်လာလို့ ဘာမှစိုးရိမ်စရာမရှိဘူးဆိုရင် မောင်တို့ ရှံတို့ဆီ လိုက်လာလို့ ရတယ်လေ။ မောင်ပြောတာနားလည်လား"

မောင်ရှင်းပြတော့ ရှံ လက်ခံလိုက်ရသည်။ ဒါပေမဲ့ စိတ်တော့





အပူသား။ ရှံက ဖေဖေနဲ့တွေ့ရလို့ ပျော်နေတဲ့အချိန်မှာ မောင်က မောင့်ဖေဖေနဲ့ ပြန်ဆုံရလို့ ဝမ်းသာနေသည်။

ထိုဝမ်းသာမှုနှစ်ရပ်ပေါင်းဆုံခါနီးမှ မောင့်ဖေဖေ ရုတ်တရက် အက်စီးဒင့်ဖြစ်လေတော့ အင်း ဘာတတ်နိုင်မလဲ။ စောင့်မျှော်ရုံပေါ့။

ဟုတ်တယ်လေ။

"နော် ... ရှံ၊ ဖေဖေကလည်း ဆရာဝန်ကြီးဆီက အဖြေရတာနဲ့ ရှံတို့ဆီ လိုက်ခဲ့ဖို့ စိတ်အားထက်သန်နေတယ်။ ရှံ့မိဘဆွေမျိုးတွေနဲ့လည်း လူစုံတက်စုံ တွေ့ပြီး မောင်တို့မင်္ဂလာကိစ္စကို အားရပါးရပြောချင်နေတာ"

"အင်းပါ၊ မောင့်ဖေဖေကို မောင် ဂရုစိုက်ပါ"

"စိတ်ချပါ ချစ်ရယ်"

"ဟွန်း ပိုပြန်ပြီ"

"ချစ်ကလည်း ရှံက မောင့်အချစ် မဟုတ်ဘူးလား"

"ကဲပါ ... ရှံက မောင့်အချစ် မောင့်နှလုံး မောင့်အသည်း။ မောင့်ကလီစာပါရှင်"

"အံမယ် အခုမှ မောင့်အသည်း၊ မောင့်ကလီစာလုပ်နေတယ်။ ခုချိန် အနားမှာရှိလို့ကတော့"

"ဘာလုပ်မှာလဲ မောင်ရဲ့"

"ရွတ်ခနဲ နမ်းပစ်လိုက်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း အကဲ"

"ရွှတ်"

မောင်က ပြောရင်းဆိုရင်း အဝေးကနေ အနမ်းလေး ပေးပြန်ပြီ။ ရုံ ကြည်နူးသလို ပါးပြင်လေးကို ဖွဖွဖွတ်မိ၏။

"ဒါနဲ့ ရုံ"

"အင်း ... ပြော"

"ပန်ပန်ကော ဘယ်လိုလဲ။ ရုံ့အပေါ်"

"ပုံမှန်အတိုင်းပဲ မောင်။ ရုံ့ကိုရော၊ မေမေ့ကိုရော ရင်းရင်းနှီးနှီးပဲ ဆက်ဆံတာလေ"

"ဒါပေမဲ့ ... ပန်ပန့်ကို ရုံ သိပ်မယုံနဲ့နော်"

"ဘာဖြစ်လို့"

"ပန်ပန်က တစ်ခုခုကို လိုချင်ပြီဆိုရင် အတွင်းကြိတ် ကြံစည်လေ့ရှိတယ်"

"အတွင်းကြိတ်ကြံစည်တာ ဟုတ်လား။ အတွင်းကြိတ် ကြံစည်တယ်ဆိုတာ ဘယ်လိုလဲ မောင်"

"ဘယ်သူမှ မရိပ်မိအောင် ကြိတ်ကြံတာမျိုး။ ဒါကြောင့် ရုံ သတိနဲ့ဆက်ဆံကွာ"

"စိတ်ချပါ မောင်၊ ခုတော့ မောင်နဲ့ဖုန်းပြောနေတုန်းက ပန်ပန့်အရိပ်ကို တွေ့လိုက်လို့ ရုံ ရှောင်ထွက်ပြီး ပန်နဲ့ ဝေးရာမှာ





လာပြောနေတာ"

"အေး ... ကောင်းတယ်၊ အကြောင်းထူးရင် ဖုန်းဆက်နော် ရုံ"

"အင်း ... မောင့်ဖေဖေကို ဂရုစိုက်ဦး"

"စိတ်ချပါအချစ်။ ဟိုမှာ ဆရာဝန်ကြီးခေါ်နေပြီ။ ဒါပဲနော် ရုံ"

"အင်း"

"ချစ်တယ်"

ပြောပြောဆိုဆို မောင်က ချစ်တယ်ပြောပြီး ဖုန်းချသွား၏။

"ရုံကလည်း ချစ်ပါတယ်" လို့။

မောင်ကြားအောင်မပြောသာ။

ထို့ကြောင့် ...

ချစ်တယ်လို့ ဖုန်းမှာ အသံလေးထားခဲ့ရသည်။

မောင် ဖုန်းဖွင့်တဲ့အခါ ရုံ့နှလုံးသားက ချစ်သံလေးကြားရအောင်လို့လေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ပန်ပန် ... မင်း ဘယ်လိုလုပ်နေတာလဲကွာ"

"ဦးကိုကြီးနော် စကားကိုကြည့်ပြော"

ပန်ပန် မျက်နှာထားလေးနဲ့ ပြောလိုက်တော့ ဦးကိုကြီး ကိုယ် ရှိန်သတ်သွားပေမယ့် ရင်ထဲမှာ တင်းနေသေးသည်။

ထို့ကြောင့် ပန်ပန်ရှေ့က ကျွန်းထိုင်ခုံကို ဆွဲယူ၍ ထိုင်ချလိုက် ပြီး စိတ်မရှည်သလို ဖိခေါ်လိုက်သည်။

"ပန်ပန်"

"ကျွတ် ပြော"

ပန်ပန်က အအေးသောက်မပျက်ဆိုလျှင် –





"ပြော လုပ်မနေနဲ့။ ပန်ပန့်နောက် တကောက်ကောက်လိုက် နေရတာ ကျုပ် စိတ်မရှည်ချင်တော့ဘူး"

"ရုံရုံ့ကို လိုချင်နေရင် လိုက်ရမှာပဲ"

"လိုက်နေတာ အရေးမကြီး။ ဒီမြို့ငယ်လေးမှာ အလုပ်မရှိဘဲ အောင်းနေရတာ ကျုပ်အတွက် ငရဲလိုပဲကွ"

"အိုး ဦးကိုကြီးအောင်းနေတာ ရုံရုံ့ကို ရတာနဲ့ မ,ပြေးဖို့ မဟုတ်လား"

"ဟုတ်တော့ ဟုတ်တယ်လေ"

"ဟုတ်တယ်ဆိုရင် စိတ်ရှည်မှပေါ့"

"စိတ်ရှည်တာက အတိုင်းအဆရှိတယ်ကွ"

ပန်ပန် ပခုံးလေးတွန့်၍ မမှုဟန်ပြု၏။ ဦးကိုကြီးက ပန်ပန့် အမူအရာကို အားမရစွာ စိုက်စိုက်ကြည့်၏။

မျက်လုံးဝိုင်းလေးနဲ့ မျက်နှာလေးဝိုင်းသော ပန်ပန်ကလည်း စွဲမက်ဖွယ်ပါ။ သို့ပေမယ့် သူ့စိတ် သူ့အာရုံက ဒေါင်းပျိုမလေးလို ကိုယ်ဟန်ကြော့ပြီး ဝင်းဖန့်စင်ကြယ်နေတဲ့ ရုံရုံ့ကို အာရုံကျကာ၊ ချစ် ရေစီးကမ်း ပြိုနေတာမို့။

"ဒီမှာ ပန်ပန် ... ကိုယ့်ကိုတော့ လှည့်စားဖို့ မကြိုးစားနဲ့ကွ"

"ဟွန်း ဦးကိုကြီး။ ပန့်ကို ခြိမ်းခြောက်နေတာလား"

"ကျွတ် ... မင်းက ပြောလေဝေးလေပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးကိုကြီးက လိုချင်ဖောကပ်နေတာကိုး"

"ဖောမကပ်လို့ဖြစ်မလား ပန်ပန်"

"ပန်ပန်ကလည်း အမြန်ကိစ္စပြီးချင်တာပဲ"

"အဲဒါဆို မြန်မြန်ကြဲလေ"

"ကြဲနေတာမှ အကြီးကြီး ကြဲနေတာ ဦးကိုကြီးရဲ့"

ပန်ပန့်စကားမဆုံးခင် ဦးကိုကြီး ခေါင်းရမ်းလိုက်၏။ ပန်ပန်က အအေးပန်ခွက်လေးကို ပိုက်တံနဲ့ မွှေရင်း –

"လောလောဆယ်မှာ ဒယ်ဒီက ရုံရုံမှရုံရုံ ရုံရုံ့မေမေမှ ရုံရုံ့မေမေ ဖြစ်နေတာလေ။ အချိန်ပြည့် ဒယ်ဒီတို့ တပူးပူးဖြစ်နေကြတာ နားလည်ရဲ့လား"

"ရုံရုံ့ကို ပ,ထုတ်ခဲ့ရင် ရရဲ့သားနဲ့"

"ရတာတော့ ရတာပဲ။ ရုံရုံ ဘယ်မှာလဲ၊ ဘာလဲနဲ့ ဒယ်ဒီ မေးရင် လောလောဆယ် ဖြေရခက်တယ်။ ဒါကြောင့် အခြေအနေကို စောင့်ကြည့်နေတာရှင့်"

"စောင့်ကြည့်တိုင်း ကောင်းတာမဟုတ်ဘူး"

"ဘာဖြစ်လို့"

"ဟာ ... မင်း သိပ်တုံးပါလား ပန်ပန်။ ကိုယ့်မှာ ပြိုင်ဘက် ရှိတယ်ဆိုတာ မင်းမေ့နေသလား"

ပန်ပန် ပခုံးလေးတွန့်ကာ မချိုပြုံး ပြုံးလိုက်ပြီး –





"သိသားပဲ ဦးကိုကြီးရယ်"

"သိရင် မြန်မြန်လေး လှုပ်ရှားစမ်းပါ။ စနိုးပေးတဲ့သတင်းအရဆို ဟိုငနဲနဲ့ မကီ ကြိတ်နေကြတယ်"

"သူတို့ ဒီလိုပဲ ကြိတ်နေကြပဲ ဦးကိုကြီး"

"ဟာ ... ဒီကောင်မလေး။ ငါထုချလိုက်ရ နာဦးမယ်။ သူတို့ ကြိတ်နေတာက သူတို့ဗီလင်ကိစ္စ မဟုတ်ဘူး။ မင်းလေးပါ ပျောက်နေတာကို မသက်ဖြစ်ပြီး လိုက်ကြိတ်နေတာ။ ဒါကြောင့် အချိန်မဆွဲနဲ့တော့ ပန်ပန်ရာ။ မင်းကို ကိုယ်တောင်းပန်တယ်ကွာ"

ရုံရုံ့ကိုမှ မရရင် သေတော့မတတ် ဖြစ်နေပဲ့ ဦးကိုကြီးကို ပန်ပန် နှာခေါင်းလေးရှုံ့၍ ကြည့်လိုက်သည်။

ဦးကိုကြီးက ဖောကပ်နေတဲ့ပုံစံက အားပါနေသည်။

ခုနေခါ ရုံရုံကိုရသွားရင် ဘယ်လောက်တောင်မြူးပြီး ဒူးရောခါးရော နန့်နေမလဲမသိဘူး။ ခုပဲကြည့်၊ ရုံရုံ့ကို မျှော်မှန်းရင်း ပြောနေတာလေ။

"ဖြစ်ချင်ရာဖြစ်၊ ကိုယ့်ကိစ္စ ကိုယ်ရှင်းမယ်။ အမြန်ဆုံးကြဲပြီး ရုံရုံ့ကို ပ,ထုတ်ခဲ့ကွာ။ နော် ပန်ပန်"

"စိတ်ချပါ ဦးကိုကြီးရယ်။ ပန်ပန်လည်း တံခါးကို လွမ်းလှပြီ"

"အေး ... ညည်း ကိုယ်ချင်းစာတတ်ပါ။ တံခါးကို ညည်းရဖို့က ရုံရုံက အဆိုအပိတ်တစ်ခုပဲ။ အဲဒီအဆို့အပိတ်က ကိုယ့်လက်ခုပ်



www.burmeseclassic.com

www.burmeseclassic.com



ထဲရောက်နေမှ ညည်းအတွက် ဗီလင်လမ်းကြောင်း ဖြောင့်မယ်ကွ။ ဒါကြောင့် ပြောနေတာ။ မင်းအတွက်လည်း အဆင်ပြေ၊ ကိုယ့်အတွက်လည်း အိုကေ။ မဟုတ်လား ပန်ပန်"

"အင်းပါ"

ဒီတစ်ခါ ပန်ပန် အလေးအနက် ခေါင်းညိတ်ရသည်။ တကယ်လည်း ဟုတ်နေသည်လေ။

"ဒီမှာ ဒီကိစ္စပြီးတာနဲ့ မင်းရယ်၊ စနိုးရယ်၊ ဒေဝီရယ်ကို ဆွစ်ဇာလန်ကို shopping ခေါ်သွားမယ်ကွာ"

"ဦးကိုကြီးရယ် ... ပန်ပန်က ဆွစ်ဇာလန်ကို shopping ထွက်ချင်တာမဟုတ်ဘူး"

"ဒါဆို ဘယ်သွားချင်လဲ"

"ဘာလီကျွန်းကို သွားချင်တာ"

"အဲဒါဆိုလည်း ရတယ်လေ။ ကိုယ် အခုပဲ ကိုယ့်မိတ်ဆွေ Tour ကုမ္ပဏီနဲ့ ခရီးစဉ်ချိတ်ထားပေးမယ်"

"ချိတ်မယ်ဆို ချိတ်ထားလိုက်တော့။ ရိုးရိုးအပန်းဖြေခရီးစဉ် မဟုတ်ဘူးနော်"

"ဘာခရီးစဉ်လဲ"

"ဟန်းနီးမွန်း"

ဦးကိုကြီး သဘောတကျ ရယ်မောလိုက်သည်။





"ဟား ဟား ဟား"

ဦးကိုကြီး ရယ်တော့ ပန်ပန် မျက်မှောင်ကြုတ်ကြည့်ပြီး -

"ဘာလို့ရယ်တာလဲ"

"မင်းက မင်းရဲ့တံခါးကို အလွယ်တကူ ပိတ်ဖို့လွယ်လားကွ"

"ဟွန်း ... တံခါးက အစကတည်းက ပန်ပန့်တံခါး။ ဒယ်ဒီက ပန်ပန့်အတွက် တံခါးကို ခေါ်ပေးတာလေ"

"အေးပါ ... မင်း တံခါးကြီး လှုပ်ခါသွားအောင် မြန်မြန်လေး ဆွဲငင်လိုက်။ အဲဒီတော့ ဘာလီကျွန်းတင်မကဘူး မော်လဒိုက်ကျွန်းအထိ ဟန်းနီးမွန်း ဆက်ကြ၊ ကိုယ် အားလုံးစီစဉ်ပေးမယ် အိုကေနော်"

"အိုကေ"

ပန်ပန်လည်း ဦးကိုကြီးလိုပဲ လက်မလေးထောင်ပြလိုက်သည်။ ဒီတော့မှ ဦးကိုကြီးလည်း ရင်ထဲ အနည်းငယ်ပေါ့သွား၏။

"အိုကေဆိုရင် အကြံဖန်ကောင်းလေးကြံစည်ပြီး ရုံ့ကို မ,ထုတ်ခဲ့တော့။ ကိုယ် အမြန်ဆုံး မ,ပြေးမယ်။ ဟုတ်ပြီလား"

ပန်ပန် ခေါင်းလေးညိတ်မိသည်က ရင်ထဲရှိနေတဲ့ အကြံကောင်းကို ကြံရတော့မည်ဆိုတဲ့အသိနဲ့။

"ကဲ ... ဒါဆို ကိုယ်သွားမယ်"

"Bye"



www.burmeseclassic.com

www.burmeseclassic.com



လက်ပြန္ဓတ်ဆက်ကာ ထွက်သွားတဲ့ ဦးကိုကြီးကို ပန်ပန် အမြင်တဆုံး ကြည့်နေလိုက်သည်။

ပြီးတော့ ...

ပန်ပန့်ရင်ထဲက အကြောင်းကို တွေးရင်းလည်း အားမာန် အပြည့်နဲ့ ပြုံးမိသွားသည်။ ထိုအပြုံးနောက်မှာ ပန်ပန်ပြောမိသည်က။

ရိုရိုရေ။

ဦးကိုကြီးရင်ခွင်ထဲ သာသာမွေ့မွေ့ ဝင်ရောက်ဖို့ ပြင်ဆင် ထားပါကွယ်။

✿ ✿ ✿

## အခန်း (၃၄)

"ဘယ် ဘယ်လို သမီး"

ဖေဖေ့ခမျာ အံ့ဩလွန်း၍ မေးသောအသံလေးပါ တလှိုက် လှိုက် ခါနေသည်။ ပန်ပန်က ဖေဖေနဲ့မေမေ့ကြား ထိုင်နေရာမှ ဟို ဘက် ဒီဘက် ခေါင်းလေးမော့တင်ကာ ရွှင်ရွှင်မြူးမြူးလေးပြော၏။

"ဒယ်ဒီနဲ့မာမီ့ကို မင်္ဂလာပွဲကျင်းပပေးမလို့"

"ဟာ"

"ဘုရားရေ"

ဖေဖေက ဟာခနဲ ဝမ်းသာကာ မေမေက ဘုရားတ၏။ ရုံလည်း ဝမ်းသာဝမ်းနည်းဖြစ်ကာ ပန်ပန့်ကို တအံ့တဩကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



ပန်ပန်က မျက်နှာချင်းဆိုင်မှာရှိနေတဲ့ ရုံရုံ့လက်ဖဝါလေးကို ဆွဲယူ၍ ဟောခနဲ ပြောချ၏။

"ဟုတ်တယ်လေ ရုံရုံ၊ ရုံ့မေမေနဲ့ ပန့်ဒယ်ဒီက တရားဝင် မင်္ဂလာမဆောင်ထားဘူးလေ။ ဒါကြောင့် ဒယ်ဒီတို့ကို မင်္ဂလာဆောင် ပေးရမယ့်တာဝန် ပန်ပန်နဲ့ရုံရုံ့မှာ တာဝန်ရှိတယ်လေ"

"ပန်ရယ် ... ရုံတော့ ဘာပြန်ပြောရမှန်း မသိတော့ပါဘူး ကွယ်"

"ဟုတ်သားပဲ"

မေမေနဲ့ဖေဖေလည်း အားရဝမ်းသာ ပြော၏။ ပန်ပန်က ရွှင်မြူးလျက်။

"နိုင်ငံခြားမှာလိုပေါ့။ မင်္ဂလာမဆောင်ဘဲ သားသမီးတွေ မွေးကြတာလေ။ ပြီးတော့ သားသမီးတွေ ကြီးလာမှ မင်္ဂလာဆောင်ကြ တာမျိုးပေါ့"

ဖေဖေနဲ့မေမေက ရှက်လွန်းလို့ မျက်နှာအရောင်တွေ ရဲတက်သည်။ ရုံရုံက ပန်ပန့်ရဲ့ အစီအစဉ်ကို သဘောကျလှသည်။

ဖေဖေနဲ့မေမေရဲ့ ဂုဏ်သိက္ခာအတွက်လေ။

"ကောင်းတယ် ပန်ပန်ရဲ့။ ပန်ပန့်စိတ်ကူးလေး ကောင်း တယ်။

ကြီးမေတို့ကလည်း ဖေဖေနဲ့မေမေ ပြန်ပေါင်းဆုံတဲ့ အထိမ်း





အမှတ်အဖြစ် ဆွမ်းကျွေးအလှူလေး လုပ်ရင်ကောင်းမယ်လို့ ပြောတယ် လေ"

"အဲဒါဆို ပိုပြီးတော့တောင် ကောင်းသေးတယ်။ ခုဆို ဒယ်ဒီနဲ့မာမိ ချစ်သူဖြစ်ကြတာ နှစ်ဘယ်လောက်ကြာသွားပြီလဲ ဒယ်ဒီ"

ပန်ပန့်မေးခွန်းလေးမဆုံးခင် ဖေဖေက မေမေ့ကိုကြည့်၍ ပြုံးလိုက်သည်။ မေမေက ရှက်တဲ့စိတ်နဲ့ ခေါင်းလေးငုံ့ချ၏။

"ပြောလေ ဒယ်ဒီ"

ပန်နဲ့ရုံရုံ ပြိုင်တူလိုလို မေးလျှင် ဖေဖေနဲ့မေမေ မျက်ဝန်းမှာ ပုံရိပ်တို့ထင်ကုန်သည်။

သူနဲ့နွယ် ချစ်သူဖြစ်ကြတဲ့အချိန်။

ထိုစဉ်က သူတို့မိသားစုက ဆင်ခြေဖုံးရပ်ကွက်က ခြံကြီးမှာ နေကြသည်။ သူတို့ခြံနဲ့ ဘေးချင်းကပ်က ခြံကြီးတစ်ခြံရှိသည်။ ထိုခြံ စောင့်တဲလေးမှာ နွယ်နဲ့ နွယ့်ဘွားလေး နေကြတာလေ။

သူက ထိုခြံထောင့်ရှိ သက်ရင့် ကုက္ကိုပင်ကြီးပေါ်တက်ပြီး စာကျက်လေ့ရှိသည်။ သူ့ဒယ်ဒီက ကုက္ကိုပင်ကြီး၏ ခွဆုံမှာ သစ်သား ကွပ်ပျစ်လေး အနိုင်အမာ လုပ်ထားပေးသလို ပင်စည်ကိုပတ်၍ ကြောင်လိမ်လှေကားလေး လုပ်ထားပေးသည်က သူ့ တက်ရဆင်းရ လွယ်ကူအောင်။

ပြီးတော့ လွတ်လွတ်လပ်လပ် စာကျက်လို့ရအောင်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ တစ်ဖက်ခြံက ခြံစောင့်တဲ့အိမ်လေးရှိ နွယ်ကို အပင်ပေါ်ကနေ သူမြင်သွား၏။

နွယ့်ကိုမြင်လိုက်ရတာ သူ့နှလုံးသားမှာ လမင်းကြီးသာသွားသလို ခံစားရ၏။ ဒါကြောင့် ကုက္ကိုသီးလေးခူး၍ ပစ်ပေါက်လိုက်၏။

ဟင်းရွက်အစည်းတွေ စည်းနှောင်နေတဲ့နွယ်က ကုက္ကိုသီးအတောင်တွေ အဆက်မပြတ် ကျလာတာမြင်တော့ ဟိုဟိုဒီဒီ ကြည့်၏။ ထို့နောက် အပင်ပေါ်မော့ကြည့်လျှင် သူ့ကို မြင်သွား၏။

ထိုအခါ နှစ်ဦးသား ဆုံတွေ့တဲ့အကြည့်တွေနောက်မှာ ရင်ခုန်သံတွေ ဆူညံပေါက်ကွဲသွား၏။ ဒီလိုနှင့် သူနဲ့နွယ်။

နှစ်ယောက်သား တွေ့ရင်း လက်ဖဝါးလေးတွေ ဖွဖွဆုပ်ရင်း နှစ်ဦးသား ကြည်နူးမြူးကြွကာ စကားလုံးတွေ တတွတ်တွတ်ပြောနေတတ်သည်။ ထို့ပြင် ပွေ့ပွေ့ပိုက်ပိုက်ဖြင့် ငြိမ်သက်နေခဲ့တာများ၏။

ဒီလိုနဲ့

သူနဲ့နွယ်တို့၏ချစ်ခင်ယုယမှုတွေဟာ နှလုံးသားအလယ်ဗဟိုပေါင်းဆုံသွားလျှင် ကမ္ဘာလောကကြီး ဘယ်ဆီရောက်လို့ ရောက်မှန်းမသိအောင် အချစ်ရေစီးထဲ မျောပါသွားတဲ့အဖြစ်။

ခုဆို။

အင်း ...

နှစ်ပေါင်း နှစ်ဆယ့်ငါးနှစ်တင်းတင်းပြည့်ဖို့ ရက်ပိုင်းမျှသာ





လိုတော့သည် မဟုတ်လား။

"ပြောပါဒယ်ဒီရဲ့ ရှက်မနေပါနဲ့။ မာမီလည်း ပြောလေ"

ပန်ပန်က ကလေးဆိုးလေးနှယ် ဒယ်ဒီနဲ့မာမီကို တစ်လှည့်စီ မေးလေသည်။

မေမေနဲ့ဖေဖေက တစ်ယောက်ကိုတစ်ယောက် နစ်မျောစွာကြည့်ရင်း ပြုံးတူမြေသည်။

"နှစ်ဆယ့်ငါးနှစ်ပြည့်ဖို့ သုံးရက်သာလိုတယ်"

"ဟယ် ... အိုကေ အိုကေ။ အဲဒါဆို ဒယ်ဒီတို့ ချစ်ခြင်းနှစ်ဆယ့်ငါးနှစ်ပြည့်တဲ့နေ့ကို မင်္ဂလာပွဲလုပ်မယ်။ ရုံရုံ သဘောကျလား"

"အကောင်းဆုံးပေါ့ ပန်ပန်ရဲ့"

"အိုကေ ... ဒယ်ဒီနဲ့မာမီ အေးအေးဆေးဆေးနားပြီး အချစ်ဇာတ်လမ်းလေးကို စမြုပ်ပြန်ပြီးခံစားကြ"

ဖေဖေနဲ့မေမေက ရှက်နေပေမယ့် ကြည်နူးနေကြသလို ထိုစဉ်ကလို ရင်ခုန်လှုပ်ရှားစိတ်နဲ့ မလုံမလဲလေးဖြစ်၏။

"ရုံရုံကြီးမေကို မင်္ဂလာပွဲကျွေးမွေးဖို့ကိစ္စ တာဝန်ယူစေမယ်။ ပန်နဲ့ရုံရုံက ဒယ်ဒီနဲ့မာမီအတွက် မင်္ဂလာဝတ်စုံနဲ့ ခန်းဝင်ပစ္စည်းတွေ သွားဝယ်ကြမယ်။ အဲဒီအစီအစဉ် မကောင်းဘူးလား ရုံရုံ"

"သိပ်ကောင်းတာပေါ့ ပန်ရဲ့"

"အိုကေ"



www.burmeseclassic.com

www.burmeseclassic.com



ပန်ပန်လည်း လက်ဖျစ်ကလေးတီး၍ သွက်သွက်မြူးမြူးလေး ပြောဆိုရင်း ဖေဖေနဲ့မေမေ့ကြားမှထွက်၍ ရုံရုံကို လက်ဆွဲခေါ်သည်။

ရုံရုံကလည်း ပန်ပန်လက်ဆွဲခေါ်တဲ့အတိုင်း ခေါက်ခနဲ ပါသွား၏။

ထို့နောက် ...

ရုံတို့ ထွက်လာခဲ့သည်က မေမေတို့ မင်္ဂလာကိစ္စလေး အထမြောက်အောင် ငါတို့ အမြန်ဆုံး ဖန်တီးပေးဖို့။

မေမေနဲ့ဖေဖေ မင်္ဂလာပွဲပြီးရင် ... အင်း ရုံနဲ့မောင့်အလှည့် မဟုတ်လား။

အဟင့်။

ရုံ တွေးရင်းနဲ့ ရင်ခုန်မြန်ကာ။

✿ ✿ ✿

## အခန်း (၃၅)

အံမယ် ...

ကြည့်စမ်း။ ပန်ပန်ကားမောင်းနေတဲ့အချိန်မှာ ဒင်းက ကြိတ်ပြီး Message တွေ ပို့ထားလိုက်တာ။

ဒါတင်မက တခါးကလည်း အပြန်အလှန် ပို့၏။

ပန်ပန် ဖုန်းဆက်တုန်းက တခါက တခါးဖေဖေ ကျန်းမာရေး အရေးကြီးနေတယ်။ နောက်မှပြန်ဆက်မယ်ပြောပြီး ဖုန်းချပစ်လိုက်တာလေ။

ခုတော့ ကြည့်ပါလား။

ရုံရုံနဲ့ အပြန်အလှန်ပို့ထားတဲ့ Message တွေက



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရေ … မေမေနဲ့ဖေဖေရဲ့မင်္ဂလာပွဲကို ကြီးမေအိမ်မှာ ကျင်းပတော့မှာလေ"

"ဘယ်နေ့လဲ"

"၁၂–ရက်နေ့"

"အိုကေ မောင့်ဖေဖေက ၁၁–ရက်နေ့ ဆေးရုံက ဆင်းခွင့်ရပြီလေ။ အဲဒီတော့ ရုံ့ဖေဖေတို့မင်္ဂလာပွဲကို မောင်နဲ့မောင့်ဖေဖေ အရောက်လာခဲ့မယ်"

"အိုး ပျော်လိုက်တာ"

"ပျော်တာထက် ရင်ခုန်စရာတွေနဲ့ ပိုပျော်ရမှာ ရုံရုံ"

"ဘာဖြစ်လို့"

"ရုံ့မိဘရဲ့မင်္ဂလာပွဲနေ့က မောင်နဲ့ရုံရုံ အကြိုမင်္ဂလာ အထိမ်းအမှတ် မဟုတ်လား"

"ဟုတ်သားနော်"

"ဟုတ်သား မဟုတ်ဘူး။ တကယ် ဟုတ်နေမှာ။ ဒါနဲ့ ရုံ အခု ဘာလုပ်နေလဲ"

"ဖေဖေတို့အတွက် ဝတ်စုံဝယ်ဖို့ ဈေးသွားနေတာ"

"ရုံ တစ်ယောက်တည်းလား"

"ပန်ပန်နဲ့"

"သတိထားဦးနော်"





"အင်းပါဆို၊ ဒါပဲနော်။ မောင် ဈေးရောက်နေပြီ"

"အင်း … ချစ်တယ် ရွှတ်"

"ရုံလည်း ချစ်တယ်"

"ဒါဆို အနမ်းလေးယူ ရွှတ်"

"သွား"

ရုံရုံက ရှက်စနိုးနဲ့ အဆုံးသတ်လိုက်၏။ အပြန်အလှန်ပို့ထားတဲ့ ထိုစာသားကိုကြည့်ရင်း ပန်ပန် မဲ့မဲ့ကြီး ပြုံးလိုက်၏။

အဟင့်။

တွေ့ကြသေးတာပေါ့။

ပန်ပန်ကားမောင်းနေတုန်း ဒင်းတို့နှစ်ယောက်က message အပြန်အလှန်ပို့ရင်း ချစ်ကြောထနေကြတာ။

ပန်ပန် ရိပ်မိတာပေါ့။

ဒါကြောင့် ရုံရုံက ရုံ့အမေအတွက် ချိတ်ထမီရွေးနေတုန်း ရုံ့ဆီက လက်ကိုင်ဖုန်း ခဏတောင်းလိုက်တာ။

…ပန်ပန် ဖုန်းဘက်ထရီဒေါင်းနေလို့ပါလို့ပါ အကြောင်းပြ၍ ဖုန်းဆက်ချင်တယ်ဆိုပြီး ရုံ့ဖုန်းလေး တောင်းယူလိုက်ခြင်း။

ရုံရုံ ချိတ်အဆင်ဆန်းရွေးနေတုန်း တန်းလန်းချိတ်ထားတဲ့ တိုက်ရှည်စတွေနဲ့ ကွယ်ရမ်းပြီး ရုံ့ဖုန်းကို ပန်ပန် ဖွင့်ကြည့်လိုက်တာလေ။



www.burmeseclassic.com

www.burmeseclassic.com



ထင်တဲ့အတိုင်းပဲ။

ဟွန်း ပန်ပန့်ကို ဒီလိုကြောသွားလို့ ရမတဲ့လား။

ပန်ပန့်ဘက်က အပီကြံထားပြီးသား မဟုတ်လား။

လောလောဆယ် ရုံရုံ မရိပ်မိဖို့ အရေးကြီးတယ်။ ဒါ့ကြောင့် ဒယ်ဒီတို့အတွက် မင်္ဂလာဝတ်စုံကို ရုံရုံ့အကြိုက် ဆင်စွယ်ရောင်လေး ရွေးဝယ်သလို စပရင်မွှေ့ရာကိုလည်း ဆင်စွယ်နုနုလေး ရွေးလိုက်၏။

ထို့နောက် လိုတဲ့အသုံးအဆောင်ပစ္စည်းတွေ လျှောက်ဝယ်ကြ၏။ အားလုံးပြီးစီးလျှင် ပစ္စည်းတွေအားလုံးကို လိုက်ထရပ်ကားနဲ့ တိုက်စေသည်။

ရုံရုံနဲ့ပန်ပန်က မောလှသွားတာမို့ ပန်ပန်က ရုံ့ကို ဖောက်ပြီးသား အအေးဘူးလေး ကမ်းပေး၏။

ရုံရုံလည်း ဆွဲယူ၍ တစ်ကျိုက်သောက်၏။

ထို့နောက် နှစ်ယောက်သား ကားပေါ်တက်ကာ။ ပန်ပန်က ကားမောင်းသူနေရာမှာ ရုံရုံက ကားနောက်ခန်းမှာ။

ပစ္စည်းတွေ တစ်ပုံတစ်ပင် လျှောက်ဝယ်ရတာမို့ ရုံရုံ မောလှသလို အအေးလေးသောက်လိုက်နှင့် ကားပေါ်မှိန်းလိုက်လာတာ။

"အဟင့်"

ပန်ပန်က ကားမောင်းနေရင်း သဘောကျစွာ ပြုံးလိုက်၏။ ရုံရုံ မျက်လွှာလေး စင်းကျလေ ပန်ပန် ပြုံးလေ။





ဒီလိုနဲ့ ပန်ပန် အချိတ်အဆက်လုပ်ထားတဲ့အတိုင်းပေါ့။ ရုံရုံ ကားကူရှင်မှာ မှေးမှိ အိပ်ပျော်သွားလျှင်။

ပန်ပန် ပခုံးလေးစုံပင့်၍ ဦးကိုကြီးကို လှမ်းခေါ်လိုက်၏။

ဦးကိုကြီးရောက်လာလျှင် ရုံရုံ့ကို ဦးကိုကြီးကားနောက်ခန်းထဲ ပင့်တင်ပေးလိုက်၏။ ရုံရုံ့ကို ကားပေါ်တင်ပြီးသည်နှင့် ဦးကိုကြီး ကားလေးမောင်းထွက်၏။

ထိုအခါ ...

ပန်ပန့်ရင်မှာ စိတ်လက်ပေါ့ပါးသွားကာ။

သီချင်းမြူးမြူးလေးဆို ဖြစ်သွားသည်။

ရုံရေ။

တံခါးက ပန်ပန့်အတွက်ကွဲ့။

အဲဒီအတွက် ဦးကိုကြီးရင်ခွင်ထဲ ခြေစုံပစ် ဝင်လိုက်ပါတော့ ကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

ဦးကိုကြီး နှုတ်ခမ်းများကို လျှာနဲ့ပွတ်သပ်ရင်း စိတ်အာရုံကို ဖြေသိမ့်နေရသည်။

မြင်လွှာလေးစင်းကျနေတာမို့ သူမလေး ပါးမို့လေးက ဝင်းဥနေသည်။

ထိုပါးမို့လေးကို ရှရှလေးပွတ်ချင်သလို စုချွန်နေတဲ့ နှုတ်ခမ်းဖူးဖူးလေးကို ထွေးငုံချင်စိတ်ဖြစ်၏။

တစ်ဖန် ... လည်တိုင်ကြော့ကြော့လေးကို သူ့လည်ပင်းနှင့်ယှက်ထားချင်သည်။ မို့မောက်သောရင်အုံလေးအောက်က သေးကျင်သောခါးလေးကို ပွေ့ဖက်ရင်း –



"ပွမ်း ပွမ်း"

"တောက်"

ဦးကိုကြီး အာရုံထဲက ခံစားမှုတွေ ကားဟွန်းသံတွေကြောင့်လွင့်သွားသလား အောက်မေ့ရသည်။

ခုချိန်မှာ သူ့ဒရိုင်ဘာရှိနေရင် အကောင်းသား။

ကားနောက်ခန်းမှာ သူမလေးကို ပွေ့ဖက်ရင်း ဖိမ်ကျကျနေလိုက်မှာမလွဲဘူး။

အခုမှ ဒရိုင်ဘာခေါ်မလာမိလို့ သူကိုယ်တိုင် ကားမောင်းနေရတာ။ စိတ်ကမငြိမ်။ နောက်ကြည့်မှန်မှတစ်ဆင့် ဒေါ်ပင်းမလေးကိုကြည့်လိုက်၊ ကားလမ်းကြောင်း အာရုံပြောင်းဖြစ်နေတဲ့သူ။ ဒီကြားထဲ ကားဟွန်းသံတွေက သူ့စိတ်ကို အနှောင့်အယှက်ဖြစ်စေသည်။

ဒါကြောင့် ...

နီးရာတည်းခိုခန်းတစ်ခု ဝင်အောင်းလိုက်ဖို့ စိတ်ကူးရသည်။

ခက်တာက ဒင်းကလေးက ဆေးအရှိန်နဲ့ အိပ်ပျော်နေရှာသည်။ အိပ်ပျော်နေရှာတဲ့ ငယ်ငယ်ရွယ်ရွယ်မိန်းကလေးကို သူက ပွေ့ချီပြီး တည်းခိုခန်းထဲ ခေါ်သွင်းသွားရင် ပတ်ဝန်းကျင်က ဘာပြောမည်နည်း။

နောက်ပြီး ...

ဒင်းလေး သတိရလာလို့ အော်လား ဟစ်လားဖြစ်ရင်

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်က ဘာညာထင်ပြီး မေးလားမြန်းလား ပြုကြရင်။

ဟင့်အင်း။

အဲသလို အဖြစ်မခံနိုင်ပါ။

သူ့လက်ထဲရောက်နေတဲ့ ဒေါင်းမလေး ပြန်လွတ်ထွက်လို့ မဖြစ်ဘူး။

သူ့စံအိမ်ထဲမှာဆိုရင် ဘယ်လောက်ပဲ အော်အော်ဟစ်ဟစ် ဘယ်သူမှကြားမှာမဟုတ်ဘူး။

တိုက်ကြီးက အကြီးကြီး၊ ခြံကြီးက အကျယ်ကြီး။

ရှိတာက သူနဲ့ သူ့တပည့် နှစ်ယောက်တည်း။

သူ့တပည့်က အလိုက်သိသည်။

သူနဲ့ကောင်မလေးတွေ စံစားနေရင် ယောင်လို့တောင် တိုက်ထဲဝင်မလား။ ခြံထဲမှာသာ လှည့်ပတ် စောင့်ကြည့်နေမှာလေ။

ခုလည်း။

ရုံရုံဆိုတဲ့ ဒေါင်းမလေးနဲ့ သူ့စံအိမ်ထဲ သူ ငြိမ့်နေချင်သည်။ ဒါကြောင့် နီးရာ ဘယ်တည်းခိုခန်းမှာမှ ဝင်အောင်းဖို့ စိတ်မကူးတော့ပါ။

သူ့စံအိမ် အမြန်ရောက်ဖို့ လို၏။

ထို့ကြောင့်။

✿ ✿ ✿



## အခန်း (၃၅)

"ဟော သမီးတို့ ပြန်ရောက်ပြီလား"

"ဟုတ်တယ် ဒယ်ဒီ၊ ပစ္စည်းတွေ ကားနဲ့ပို့လိုက်တယ်။ ရောက်ပြီ မဟုတ်လား"

"ရောက်ပြီ သမီးရဲ့၊ ပစ္စည်းတွေ ဟိုဘက်တိုက်ပုလေးဆီ တစ်ခါတည်း ပို့လိုက်ပြီ"

ဒယ်ဒီတို့အတွက် ရုံရုံကြီးမေက ထိုသို့ စီစဉ်ထားသည် ဟုတ်လား။ ကြီးမေရဲ့ဘေးခြံက တိုက်ပုလေးက ပိုင်ရှင်တွေ နယ်စပ်မှာ အခြေကျတာမို့ ပိတ်ထားတာလေ။ ကြီးမေက ပိုင်ရှင်မှာခွင့်တောင်းပြီး ဒယ်ဒီတို့နေဖို့ ချက်ချင်းစီစဉ်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို အခန်းအပြင်အဆင်လေး ကြည့်ရဦးမယ် ဒယ်ဒီ"

"အိုကေ . . . လာ သမီး"

ဦးဝေလှခေါင်က ကားပေါ်ကဆင်းလာတဲ့ သမီးပန်ပန်ကို ချစ်စနိုးနဲ့ ပခုံးလေးပွေ့ဖက်၏။ ထို့နောက် ကားနောက်ခန်းတံခါးကို ဆွဲဖွင့်၏။

ကားနောက်ခန်းမှာ ရုံရုံကို မမြင်လျှင် –

"ဟွန်း သမီး ရုံရုံကော"

ဒယ်ဒီမေးလျှင် ပန်ပန် ဟန်မပျက် ဖြေလိုက်၏။

"ရုံရုံက ဈေးထဲကအထွက်မှာ ရုံရုံ အရင်က အလုပ်လုပ်တဲ့ အလှပြင်ဆိုင်က မကိုတို့နဲ့ ဆုံနေလို့ မကိုနဲ့အတူ မော်ဒန်တချို့လည်း ပါတယ်။ မော်ဒန်အဖွဲ့တွေနဲ့ စကားပြောမယ်ဆိုပြီး ရုံရုံနေခဲ့တယ် ဒယ်ဒီ"

"အဲဒါဆို သမီးပန်ပန်လည်း နေခဲ့ဖို့ကောင်းတယ်"

"ဟွန်း မော်ဒန်အဖွဲ့ထဲမှာ ပန်းနဲ့ မျက်နှာကြောမတည့်တဲ့ဟာတွေ ပါတယ်လေ။ ဒါကြောင့် ပန်ပန်ပြန်ခဲ့တာ။ ဒယ်ဒီ စိတ်မပူပါနဲ့ ရုံရုံ ပြန်လာတတ်တယ်တဲ့"

သမီးက ပေါ့ပေါ့လေးပြောပေမယ့် သူ့ရင်မှာ စိုးရိမ်သားလား

"လာ ဒယ်ဒီ၊ ဒယ်ဒီတို့ မင်္ဂလာခန်းကို ပန်ပန်ကြည့်ပေးမယ်။ လိုအပ်ရင် အချိန်ရှိတုန်း ပြန်ဝယ်လို့ရအောင် ဒယ်ဒီရဲ့"





ပန်ပန်က ပြောရင်း ဒယ်ဒီ့ကို ဆွဲခေါ်၏။

ဦးဝေလှခေါင်က သမီးဆွဲခေါ်ရာနောက် ပါလာရပေမယ့် စိတ်ထဲမှာ တစ်မျိုးချည်း။ ရင်ထဲမှာလည်း တနင့်နင့်နဲ့။

"ဒါနဲ့သမီး"

"ပြောလေ ဒယ်ဒီ"

"သမီးတို့နှစ်ယောက် ထွက်သွားပြီးကတည်းက ဒယ်ဒီ့စိတ်ထဲ တစ်မျိုးဖြစ်နေတာ"

"ဟွန်း ဒယ်ဒီကလေ၊ ဘာမှန်းလည်းမသိဘူး။ ဒယ်ဒီ မင်္ဂလာဆောင်ခါနီးမို့ စိတ်လှုပ်ရှားတာဖြစ်မှာပေါ့။ လာပါ ဒယ်ဒီရယ်"

ပန်ပန်က ဖွတ်တရွတ်ပြောကာ တိုက်ပုလေးဆီ ဆွဲခေါ်သွားသည်။ ဦးဝေလှခေါင်က သမီးနောက် တရွတ်တိုက်ပါသွားသော်လည်း သမီးကတော့ ရွှင်ရွှင်ပြော၏။

"အန်တီကြီးကို ပန်ပန်ခေါ်ထားပြီးပြီ။ အန်တီကြီးနဲ့အတူ ဒယ်ဒီ့မိတ်ဆွေတချို့လည်းပါမယ် ဒယ်ဒီရဲ့။ တောမြို့လေးမှာ ကျင်းပမယ့် ဒယ်ဒီ့မင်္ဂလာဆောင်ကို ဒယ်ဒီ့မိတ်ဆွေတွေ ဂုဏ်ပြုချင်လို့တဲ့။ ဒါကြောင့် ဒယ်ဒီတို့နေမယ့် တိုက်ပုလေးကို ရှယ်ပြင်ရမှာ ဒယ်ဒီရဲ့။ နောက်ဆို သူများကဲ့ရဲ့နေလိမ့်မယ်။ ပြီးတော့ မာမီ့ကိုလည်း အစွမ်းတုန် အလှပြင်ရမှာလေ"

"အေးပါ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဝေလှခေါင်းစိတ်မှာ တစ်မျိုးကြီး ခံစားရ၏။

သို့သော်လည်း သမီး ပန်ပန်အလိုကိုလည်း လိုက်ရသေးသည်။ သမီးပန်ပန်က သူတို့ကိစ္စကို ရှော့ရှော့ရှူရှူ လိုက်လျောသလို မင်္ဂလာပွဲဖြစ်မြောက်အောင် စီစဉ်နေတဲ့သူ မဟုတ်လား။

ခက်တာက …။

သူက ဆယ့်ခြောက်နှစ်သားလေး မဟုတ်တော့ပါ။

ပန်ပန့်မာမီနဲ့ ခမ်းခမ်းနားနား မင်္ဂလာဆောင်ခဲ့ဖူးသည်။ ခုလို နွယ်လေးနဲ့ မင်္ဂလာဆောင်ရမှာက ရင်ထဲပျော်တာ တခြား။

တစ်ခုခုအတွက် စိုးရိမ်တာက တခြား။

သို့မို့ကြောင့်။

✿ ✿ ✿

## အခန်း (၃၀)

"တီ တီ တီ"

ပန်ပန့်လက်ကိုင်ဖုန်းလေး မြည်လာ၏။ ပန်းအလှမြင်နေတဲ့ ညှိခန်းကိုကြည့်နေရာမှ ပန်ပန် ဖုန်းလေးကို ကမန်းကတန်း ထုတ်ကြည့်လိုက်၏။

"သမီးရုံရုံ ဆက်တာလား"

ဒယ်ဒီက ရုံရုံကိုပဲ မေးနေသည်။ ဒါကြောင့် ပန်ပန် ခေါင်းလေးရမ်း၍ –

"မ မဟုတ်ဘူး ဒယ်ဒီ၊ ပန့်မိတ်ဆွေ။ ခဏလေးနေနော် ဒယ်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



ပန်ပန်က ဖုန်းနံပါတ်ကို မြင်ကတည်းက ဒယ်ဒီ့ကိုပြောရင်း တိုက်ပုလေး၏အပြင်ဘက်ဆီ ထွက်ခဲ့မိသည်။

တစ်ဖက်က ခေါ်နေတာက ပန်ပန် လုံးဝထင်မှတ်ထားတဲ့သူ။ မကိကိလေ။ ထို့ကြောင့် ပန်ပန် အနည်းငယ် စိတ်လှုပ်ရှားကာ။

“ပြော ပြော မကိ ဘာလဲ”

“ဘာလဲ ဟုတ်လား ...ဟင့် ဟင့် ဟင့်”

မကိက ခနိုးခနဲ့ ရယ်မောလိုက်၏။ ထိုရယ်သံက ပန်ပန့်ကို ခနဲ့သလိုလို သရော်သလိုလိုနှင့်။

ဒါကြောင့် ပန်ပန့်ရင်ထဲ ခံရခက်ခက်ဖြစ်ကာ –

“ဘာရယ်တာလဲ မကိ။ ပြောစရာရှိတာ ပြောစမ်းပါ”

“ပြောမယ်ဟေ့ ပြောမယ်။ ဒီမှာ ညည်း မကိကို တစ်ကွက်ကြော ကြောသွားလို့ မရဘူး။ နားလည်လား”

“မကိ ...ဘာတွေပြောနေတာလဲ။ တစ်ကွက်ကြော ကြော တယ်ဆိုတာ”

“အံမယ် ...ညည်းက အခုမှ မသိချင်ယောင်ဟန်ဆောင် နေတယ်ပေါ့လေ”

“ဘာကိုလဲ”

“ဦးကိုကြီးလက်ထဲ ရုံ့ကို ထည့်ပေးတဲ့ကိစ္စ”

“အဟင့်”





ပန်ပန် မျက်နှာလေးကို မော့ထားလိုက်၏။

“ပြောလေ၊ ညည်းက ညည်းအကြံအထမြောက်တယ်ဆိုပြီး ဝိတ်ဖြစ်နေတယ် မဟုတ်လား”

“မကိနဲ့ မဆိုင်ပါဘူး”

“ဟုတ်တယ်၊ ဦးကိုကြီးကိစ္စက ကျုပ်နဲ့မဆိုင်ဘူး။ ဒါပေမဲ့ ကိုထိုက်ကိစ္စက ကျုပ်နဲ့ လုံးဝဆိုင်တယ် ပန်ပန်ရဲ့”

“ဆိုင်ရင် မကိတို့ဘာသာ နှစ်ပါးသွားပေါ့”

“အံမယ် ...နှစ်ပါးသွားလေး သုံးပါးသွားလေးနဲ့ ညည်း စီမံနေစရာမလိုဘူး။ ကျုပ်အစီအမံနဲ့ကျုပ်”

“အဲဒါ ပန်ပန်နဲ့မဆိုင်ဘူး မကိရဲ့”

“အေး ...ညည်းက မဆိုင်ဘူးဆိုရင် ရတယ်လေ။ တစ်ခု တော့ ရှိတယ်။ ညည်းက ညည်းအကြံအောင်ပြီဆိုတဲ့ အသိနဲ့ ပျော်နေ တယ်ဆိုရင် ခုချက်ချင်း ရပ်လိုက်တော့”

“ဘာ”

“အဲဒါပေါ့ မကိကိတဲ့ ပန်ပန်။ ဒီလိုကိစ္စမျိုးမှာ ညည်းတော် တယ်ဆိုတာ မကိ အိပ်နေသလောက်ပဲ ရှိတယ်။ မယုံရင် ညည်းဟာ ကြီးကို ညည်း ဖုန်းဆက်ပြီးမေးလိုက်”

“ဘာ”

“ဦးကိုကြီးကိုလေ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ပန်ပန် မျက်လုံးပြူးသွား၏။ ဦးကိုကြီးကို မေးရမယ်တဲ့။ ဘုရားရေ ... ဦးကိုကြီးနဲ့ ရုံရုံ အဆင်မချောတာလား၊ ဘာလား။

"ဟော့ ပန်ပန် ... ကျုပ်ပြောတာ ကြားတယ်နော်။ ညည်းဟာကြီးကို ညည်း ခုချက်ချင်း ဖုန်းဆက်ပြီး မေးလိုက်။ ရုံရုံ ဘယ်မှာလဲလို့"

"ဟင်"

ပြောရင်းဆိုရင်း ဖုန်းချသွားလျှင် ပန်ပန် မျက်လုံးလေးပြူးသွား၏။ တစ်ဆက်တည်းလည်း ဦးကိုကြီးဖုန်းကို ခေါ်လိုက်သည်။

"လူကြီးမင်းခေါ်ဆိုသောဖုန်းမှာ ဧရိယာပြင်ပသို့ ရောက်နေပါသဖြင့်တဲ့"

"တောက်"

အရေးထဲ ဘယ်ဧရိယာရဲ့အပြင်ဘက် ရောက်နေရတာလဲ။ ပန်ပန် ကြိုးစား၍ အကြိမ်ကြိမ်ခေါ်ဖြစ်သည်။

ခေါ်တိုင်းလည်း ဧရိယာပြင်ပချည်းဖြစ်နေလျှင် ပန်ပန့်အမူအရာလေး မငြိမ်မသက် ဖြစ်ရလေသည်။

ဦးဝေလှခေါင်က သမီးပန်ပန်ကို သတိထားကြည့်နေရင်း တစ်ခုခုတော့ တစ်ခုခုပဲဆိုတာ အလိုလို နားလည်သွား၏။ ထိုအခါ။

✿ ✿ ✿



## အခန်း (၃၉)

"ကျွဲ"

"တောက်"

ဦးကိုကြီး ကားကို ကမန်းကတန်း ဘရိတ်ဆွဲလိုက်သည်က အကြောင်းမဲ့ မဟုတ်ပါ။

မြို့ပြင်လမ်းရောက်အောင် ဖြတ်လမ်းကနေ မောင်းထွက်ခဲ့တဲ့ သူ့ကားက လမ်းကြောမှားကာ ရှာလည်နေသည်။ ဒါနဲ့ လမ်းကြောင်းမှန်ရှာရင်း အဝေးပြေးကားလမ်းပေါ် ဦးတည်ခဲ့ကာ။

အဝေးပြေးလမ်းပေါ်မရောက်သေးခင် တောတန်းတွေကြားက မြေသားလမ်းကို ဖြတ်မောင်း၏။ ထိုစဉ် တဝေါင်းဆင်းမြူးလမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



အရောက်မှာ ဘွားခနဲပေါ်လာတဲ့ ဆိုင်ကယ်မြင့်မြင့်ချည်းတွေ။ ထို့ကြောင့် ဦးကိုကြီး ကားဘရိတ်ဆွဲလိုက်လျှင် ကားက ခုန်ကြွမတတ် တုန်ခါ၍ ရပ်တန့်သွား၏။

ကားနောက်ခန်းကို စိုးရိမ်စွာ ငဲ့ကြည့်တော့ ရံရံက ဆိုဖာပေါ် ခွေကျလျက် ဆေးရှိန်နဲ့ ငြိမ်သက်နေဆဲ။

"ကျွတ်"

ကားရှေ့လမ်းကိုပြန်ကြည့်တော့ ဆိုင်ကယ်မြင့်မြင့်ထွားထွားကြီးတွေ ရှေ့ဆက်မသွားဘဲ တံ့ခနဲ ရပ်နေသည်။

"ပွမ် ပွမ် ပွမ်"

ထိုဆိုင်ကယ်တွေ လမ်းဖယ်ပေးဖို့ ဦးကိုကြီး ဟွန်းတီးလိုက်သည်။ ထိုဆိုင်ကယ်တွေက ဖယ်မသွားတဲ့အပြင် ဆိုင်ကယ်ခြောက်စီးပေါ်မှ လူခြောက်ယောက်စလုံး ပြိုင်တူဆင်း၏။

အနက်ရောင်ဝတ်စုံတွေနဲ့ သူတွေက ဆိုင်ကယ်ဟဲမက်ကို ချွတ်လိုက်လျှင် မာကြောခက်ထန်တဲ့ မျက်နှာထားတွေ ပေါ်လာသည်။

သေချာတာက ထိုသူတွေက သူတော်ကောင်းတွေ မဖြစ်နိုင်။ ပြဿနာကောင်တွေပဲ ဖြစ်ရမယ်။

ဦးကိုကြီး ထိုသို့ ခန့်မှန်းမိတာကြောင့် ကားကို နောက်ပြန်ဆုတ်၍ လာလမ်းအတိုင်း ပြန်ဆုတ်ဖို့ စိတ်ကူးရသည်။

စိတ်ကူးထဲကအတိုင်း ကားပြန်ဆုတ်ဖို့ပြင်သည်။





ထိုအခါ ...

သူ့ကားနောက်မှာ အနက်ရောင်ကားတစ်စီး ပိတ်ရပ်နေတာ တွေ့လိုက်ရသည်။

"တောက်"

ဒါ ချောင်ပိတ်တာပဲ။

ကားရှေ့က ထိုခြောက်ယောက်က သူ့ကားဝတ်လည် ဝိုင်းအုံလာသည်။ ခေါင်းဆောင်ဖြစ်တဲ့တစ်ယောက်၊ သူ့ဘက်က ကားတံခါးကို အတင်းဆွဲဖွင့်၏။

သူကလည်း လူညံ့တော့မဟုတ်ပါ။

ကားပေါ် အစဉ်အမြဲ ထည့်ထားလေ့ရှိတဲ့ နှစ်တစ်လက်မသစ် အနှစ်သားတုတ်ကိုဆွဲကာ ကားပေါ်ကနေ လှိုမိုက်ဆန်ဆန်ပဲ ဆင်းလိုက်သည်။

"မင်းတို့က ဘာကောင်တွေလဲ"

ဦးကိုကြီး သစ်အနှစ်တုတ်ကို လေထဲဝှေ့ရမ်းရင်း စိန်ခေါ်လိုက်၏။ ထိုအခါ ဆိုင်ကယ်သမားခြောက်ယောက်စလုံး ဦးကိုကြီးကို ဝိုင်း၏။

ထိုခြောက်ယောက်ဝိုင်းလာသည်နှင့် ဦးကိုကြီး လက်မနှေးတော့ပါ။ အနီးဆုံးတစ်ယောက်ကို လှမ်းတွယ်လိုက်၏။

"ဖုတ်"



www.burmeseclassic.com

www.burmeseclassic.com



"အား"

ထိုတစ်ယောက် အငိုက်မိခံရကာ ခေါင်းထိပြီး လည်ဆင်းသွား၏။ ကျန်ငါးယောက်ထဲက နှစ်ယောက်က ဦးကိုကြီးကို ဝင်လုံး၏။

"တောက်"

ဦးကိုကြီး ငုံ့ရှောင်လိုက်ပြီး မြဲမြဲစွာကိုင်ထားတဲ့တုတ်နဲ့ လွှဲရိုက်၏။ ထိုလူ လျင်မြန်စွာ ခုန်ရှောင်လျှင် နောက်တစ်ယောက်ရဲ့ ကန်ချက်က ဦးကိုကြီးခေါင်းရောက်၏။

"ဒုတ်"

"အား"

ဦးကိုကြီး တစ်ပတ်လည်ဆင်းသွားကာ လက်ထဲကတုတ် လွှတ်ထွက်သွားလေသည်။ ထိုအခါ နှစ်ယောက်သောသူက ဦးကိုကြီးကို ဆွဲထူပြီး လက်သီးတွေ တရစပ် ပစ်သွင်း၏။

"ခွပ်"

"ခွပ်"

"ခွပ်"

"အား"

ဦးကိုကြီး ကမ္ဘာကြီးချာချာလည်ဖြစ်ကာ ထိုစဉ် နောက်မှ ပိတ်ရပ်ထားတဲ့ကားပေါ်မှ မကိန့်တွဲ၍ ဆင်းလာတဲ့ ဦးကောင်းထိုက်က လက်ခုပ်တဖြောင်းဖြောင်းတီး၏။





"ဖြောင်း ဖြောင်း ဖြောင်း၊ ဘယ်လိုလဲကွ ကိုကြီး"

"ဟင် . . . ဒီအသံ"

ထိုနှစ်ယောက် ဆောင့်တွန်းတဲ့အရှိန်နဲ့ လဲကျသွားတဲ့ ဦးကိုကြီး အာရုံထဲမှာ ထိုအသံနဲ့ ထိုလူဟန်က လွှမ်းမိုးနေသည်။

ထိုအခါ ပုံကျနေတဲ့ ကိုယ်ကို မနည်းထူမတ်ပြီး နဖူးစပ်မှ စီးကျနေတဲ့ သွေးတွေကို သုတ်ရင်း အားစိုက်ကြည့်၏။

ဒီတော့မှ ကုတ်အင်္ကျီနဲ့ အမြဲတမ်း လူကြီးလူကောင်းလိုနေတတ်တဲ့ ကောင်းထိုက်မျက်နှာကို ဘွားခနဲ မြင်လေသည်။

ထိုအခါ . . .

ဦးကိုကြီးရဲ့ မခံချင်စိတ်က ဟုန်းခနဲပေါက်ကွဲကာ ကျားနာတစ်ကောင်လို ဦးကောင်းထိုက်ကို ဦးကိုကြီး ခုန်အုပ်လိုက်သည်။

"ဟာ"

ဦးကောင်းထိုက် ဟာခနဲဖြစ်ကာ လိမ့်ကျသွား၏။

"တောက် . . . ကိုကြီး"

သူ့တပည့်တွေက ဦးကိုကြီးကို ဝိုင်းဆွဲပြီး သမဖို့ကြိုးစားလျှင် ဦးကောင်းထိုက်လက်ကာ ဟန့်လိုက်သည်။

"နေ ဒီကောင်နဲ့ တစ်ပွဲချင်းချဲမယ်"

ဦးကောင်းထိုက်ပြောလျှင် သူ့တပည့်တွေ နောက်ဆုတ်ကုန်သည်။ လိမ့်ကျနေရာမှ ဦးကောင်းထိုက် ပြန်ရုန်းထ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးကလည်း ငယ်ကတည်းက မကျေအေးနိုင်တဲ့ ခံပြင်းစိတ်တွေ ပေါက်ကွဲနေတာမို့၊ ဒီအချိန်မှာ ဘာကိုမှ မမှုနိုင်တော့။ သူ့ကြေကိုယ်ကြေဖိုက်ဖို့ အပြင်းထန်ဆုံးဖြစ်နေသည်။

ထိုအချိန်မှာ . . .

မကီက ဦးကိုကြီးကားပေါ် ကမန်းကတန်း တက်ကြည့်၏။ ကားနောက်ခန်းဆိုဖာခုံလေးမှ ခွေခွေလေး အိပ်ပျော်နေရှာတဲ့ ရုံရုံ့ကို မြင်လျှင် –

"အိုကေ"

မကီ ဝမ်းသာလိုက်မြူးသွားကာ ဘယ်ပြေးမလဲ ရုံရုံ၊ ခုတော့ မကီလက်ခုပ်ထဲ ပြန်ရောက်ပြီလေ။

ကောင်းထိုက်နဲ့ ကိုကြီးက ဆင်နဲ့ကျားလား တွယ်နေကြသည်။

မကီက ထိုနှစ်ယောက်အရေးထက် ရုံရုံ့ကို ရထားဖို့လိုတယ် မဟုတ်လား။

ဒါကြောင့် . . .

ကိုထိုက်တပည့်တွေကို လှမ်းခေါ်ပြီး ရုံရုံ့ကို ကိုထိုက်ကားပေါ် ပြောင်းတင်လိုက်၏။

ထိုစဉ် . . .

မီးထိုးပြီးလာတဲ့ကားတန်းကို မြင်တာမို့။





"ဟော့ ကိုထိုက် တော်တော့။ မြန်မြန်လာ။ ဟိုမှာလာနေကြပြီ။ မြန်မြန်။ သူရတို့အုပ်စု အမြန်ဆုံး ကိုယ်ရောင်ဖျောက်ဟော့ မြန်မြန်"

မကီအော်လည်းအော်ရင်း ကိုထိုက်ကိုလည်း ကားပေါ်ဆွဲတင်၏။ ဦးကိုကြီးကတော့ သူ့ကားရှေ့မှာ ဒဏ်ရာတွေနဲ့ လဲကျနေတာ ဘယ်လိုမှ မထနိုင်တော့ပါ။

ဆိုင်ကယ်တွေ၊ ကားတွေ တဝီဝီထွက်သွားသံပဲ ကြားနေရသည်။

တောက် ကောင်းထိုက်။

မင်းကို တစ်သက်မကျေဘူးကွ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၀)

"ဟာ ... ဟိုမှာ"

"ကျွိ"

မကိ အလန့်တကြားပြောလို့ မဆုံးသေးပါ။

မြန်မြန်မောင်းနေတဲ့ကားကို ဦးကောင်းထိုက် ချက်ချင်း ဘရိတ်ဆွဲ၍ ရပ်လိုက်ရသည်။

ကြည့်စမ်း။

လမ်းကွေ့တည့်တည့်မှာ ဘွားခနဲပေါ်လာတဲ့ ဆိုင်ကယ်မြင့်မြင့် တစ်စီး။

ထိုဆိုင်ကယ်က သူ့တပည့်တွေဆိုင်ကယ်ထက် ပိုမြင့်၏။





ဆိုင်ကယ်ပေါ်မှလူက ပင့်ကူကြီးတစ်ကောင် ရှုန်းကြွနေသောပုံစံမျိုး ဝတ်ဆင်ထားပြီး ပင့်ကူပုံမျက်နှာဖုံးလည်း တပ်ထား၏။

ထိုလူက ဆိုင်ကယ်ပေါ်မှ လွှားခနဲဆင်းလာသည်။

သူ့ကားဝန်းကျင်မှ ခြံရံပြီး ရပ်နေတဲ့ သူ့တပည့်တွေလည်း ထိုလူကို အငေးသားကြည့်နေတာ ရှေ့တိုးဖို့ သတ္တိမရှိစွာ။

ဘယ်သူ ဘယ်ဝါမှန်းမသိတာရယ်။

တောလမ်းကြောင်းမှာမို့ လူသူလေးပါး ကင်းနေတာရယ်သာမက လက်ထဲမှာလည်း ပြောင်လက်နေတဲ့ သေနတ်တစ်လက်နဲ့။

သေနတ်ချိန်ပြီး ရှေ့လာတော့ သူ့တပည့်တွေလည်း မျက်နှာအပျက်နဲ့ သူ့ကိုဝိုင်းကြည့်၏။

မကိက လန့်ဖျပ်ကာ။

"ကိုထိုက် ဘယ်လိုလုပ်မလဲ"

မကိ မေးလို့မဆုံးသေးပါ။ သေနတ်ကိုင်ပင့်ကူလူသားက သူ့တပည့်တစ်ဦးဖြစ်တဲ့ ဝင်းမော်ကို ဖျတ်ခနဲဆွဲ၍ နားသယ်စပ်ကို သေနတ်နဲ့ ထောက်လိုက်၏။

ထိုအခါ ...

သူ့အပါအဝင်အားလုံးသော ကျောပြင်တွေ အေးခနဲဖြစ်သွားသည်။

"ဟီး"



www.burmeseclassic.com

www.burmeseclassic.com



"မလွှပ်နဲ့"

သေနတ်ကိုင်လူ၏ အသံမာချည်း ဟိန်းထွက်သွား၏။ ထိုအသံက ရက်စက်ဖို့ ဝန်မလေးသောအသံမျိုး။ သေနတ်နဲ့အချိန်ခံထားရတဲ့ ဝင်းမော်ခမျာ ဟီးခနဲ ငိုသံချည်း လမ်းတစ်ဝက်မှာ ဟန့်သွား၏။

သူ့တပည့်တွေက အုပ်စုဖွဲ့ပြီး ဆော်ပလော်တီးပွဲတွေနဲ့သာ လက်ယဉ်လာတာ။

ခုလို သေနတ်တွေ ဘာတွေနဲ့ဆိုတော့ လက်ချည်းဖြစ်နေတဲ့ သူတို့တစ်ဖွဲ့ အကြံအိုက်သွားသည်။

"ဘာ ဘာလို့လဲဟင်"

မကီ ငိုသံချည်းနဲ့မေးလျှင် –

"မသေချင်ရင် အားလုံး လက်မြှောက်ပြီး ဒီကောင့်ရှေ့မှာ ခေါင်းလာငုံ့ကြ"

"ဟင်"

"ပစ်ထည့်လိုက်ရမလား"

"မ မပစ်ပါနဲ့"

"ဟီး"

သူ့တပည့်ငါးယောက် ငုပ်တုတ်ကလေးထိုင်ကာ ခေါင်းပေါ် လက်တွေယှက်ကာ ခေါင်းငုံ့ကြ၏။





"ကျွတ်"

ဦးကောင်းထိုက် အတော်ချည်းခံပြင်းသွားသည်။ ကိုကြီးကို အနိုင်ပိုင်ပြီး လစ်ပြေးနိုင်ခဲ့လို့ ပျော်မယ်ကြံကာရှိသေးသည်။

ခုတော့ ...

ဘယ်သူမှန်းမသိတဲ့လူက သေနတ်ချိန်လျက်သားနဲ့။

ဒင်းပြောတဲ့အတိုင်း မလုပ်ရင် တဒိုင်းဒိုင်းနဲ့ အားလုံး သေရွာမြန်းရဖွယ်ရှိသည်။

ရုံရုံလေးနဲ့ ချစ်ပွဲတစ်ပွဲမှ မနွှဲရသေးဘဲနဲ့ သေရွာတော့ သူ မမြန်းချင်သေး။

လောလောဆယ် ဒင်းက ဘာအတွက်လဲ။

ဒါကိုတော့ သူ သိချင်လှသည်။

မကီက ကြောက်ကြောက်နဲ့ သူ့ကိုကားပေါ်က အတင်းဆွဲချနေတာကြောင့် သူပါ ကားပေါ်ကဆင်းကာ တပည့်တွေနှယ် ငုပ်တုတ်ထိုင်၍ ခေါင်းပေါ် လက်တင်ရတော့သည်။

"အားလုံးထရပ်"

"ဟင်"

သေနတ်ကိုင်သမား အမိန့်ပေး၏။

"ဘာလုပ်ဖို့လဲကွ"

သူ တင်းမနိုင် နိုင်စွာမေးလျှင် –



www.burmeseclassic.com

www.burmeseclassic.com



"ပြန်မမေးနဲ့ ပြောတဲ့အတိုင်းလုပ်။ တစ်နှစ် သုံးလေး တစ်ရာ ပြည့်အောင်ရေပြီး ကားနောက်ဘက်ကို ခြေလှမ်းလှမ်းသွား"

"ဟင်"

"ပြုံးကြည့်မနေနဲ့။ ပစ်ထည့်လိုက်ရမလား"

"အမယ်လေး ဆရာသမား ... ကျုပ်ကို ကယ်ပါဗျို့ မြန်မြန်သွား ... ဟီး ဟီး ဟီး"

ဝင်းမောင်တစ်ယောက် ကြောက်စိတ်လွန်ကာ ပြောနေရင်းနဲ့ ရှူးရှူးပါ ပန်းချ၏။

ဒီအချိန်မှာ သူ့ဘက်က တစ်ခုခုလှည့်လုပ်တာနဲ့ ဒိုင်းညှောင့် ဒိုင်းညှောင့်ဆိုရင် ပြဿနာက ပိုကြီးလာဖွယ်။

ဒါကြောင့် ...

သေနတ်သမားပြောတဲ့အတိုင်း သူ ခေါင်းပေါ်လက်တင်ကာ တစ်ခြေလှမ်းလှမ်းတိုင်း တစ်နှစ်သုံးလေး ရေရွတ်၏။ ထို့နောက်ကား တန်းစီပြီး သူ့ကားနောက်ဘက် လမ်းကြောင်းအတိုင်း ရွှေ့ခဲ့ရသည်။

"နောက်လှည့်မကြည့်နဲ့၊ လှည့်ကြည့်တာနဲ့ ဒိုင်းညှောင့်ပဲ"

သေနတ်သမား အားပါပါပြောလျှင် သူတို့တစ်ဖွဲ့လုံးလည်း မကြည့်ရဲ။ ဝင်းမော်မှာကား မျက်လုံးစုံမှိတ်ရင်း မေးတဂတ်ဂတ်ရိုက်နေသည်။

ထိုအခါ ...





သေနတ်သမား ဝင်းမော်ကုပ်ပိုးကို ခပ်ကြမ်းကြမ်း တစ်ချက် ဆုပ်ကိုင်၏။

"အား"

"အားလို့မအော်နဲ့။ တစ်နှစ်သုံးလေး တစ်ထောင်ပြည့်အောင် ရေ"

"ဟီး တစ်၊ ဟီး နှစ်၊ ဟီး ဟီး ဟီး သုံး"

ဝင်းမော် မျက်လုံးစုံမှိတ်၍ သေနတ်သမားပြောတဲ့အတိုင်း ဟီး ခနဲ ငိုလိုက်။ ဂဏန်းတွေ ရေတွက်လိုက်နဲ့ ကတုန်ကရင် ဖြစ်လို့နေသည်။

ရင်ထဲမှာတော့ ဒိုင်းညှောင့်မဖြစ်ပါစေနဲ့လို့ ဆုတောင်း၍။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၁)

"အားလုံးရပ်လိုက်"

"ဟီး"

ဝင်းမော် ရေတွက်နေတာနေရာမှ ဟီးခနဲ ငိုသံနောက်မှာ တိခနဲ ရပ်လိုက်ရသည်။ မကိတို့တစ်တွေက ခြေလှမ်းတစ်ရာပြည့်တာနဲ့ ငြိမ်ငြိမ်းရပ်နေခြင်း။

ဝင်းမော်အသံကြားနေသေး၍ သူတို့နောက်လှည့်မကြည့်နိုင်ခြင်း။ ဟော ...ခုတစ်ခါ အမိန့်ပေးတဲ့အသံတစ်သံ ပေါ်ထွက်လာသည်။

အမိန့်ပေးသံနဲ့သေနတ်သမားအသံ မတူပေမယ့် ပါဝါအာ





ပြင်းနေသည်မို့ ရပ်မြဲရပ်နေရ၏။

နောက်ပြီး ဝင်းမော်၏အသံလည်း ပျောက်သွား၏။

"တစ်ယောက်မှမလှုပ်ကြနဲ့။ ခင်ဗျားတို့အားလုံးကို ဝိုင်းထားပြီးပြီ"

"ဟင်"

အမိန့်သံနဲ့ ဝိုင်းတာလား။ ဘာတွေနဲ့ ဝိုင်းတာလဲ။ အားလုံး သိချင်နေကြသည်။

ထိုအမိန့်သံက ဝင်းမော်နဲ့ မလှမ်းမကမ်းမို့ ဝင်းမော် အသက်မရှူမရဲပဲ။ သို့သော်လည်း ငြိမ်ငြိမ်းရပ်နေရာမှ မြင်လွှာလေး ဖွင့်ကြည့်ဖို့ ကြိုးစားသည်။

သူနားသယ်စပ်မှာ သေနတ်ရှိနေသေးလား။

ပင့်ကူဝတ်ရုံကြီးနဲ့ သေနတ်သမားကိုရော အမိန့်ပေးတဲ့သူက ဝိုင်းရံထားပြီးပြီလား။

ဘာလား ညာလား။

စသည်ဖြင့် သိချင်စိတ်တို့ ဖြစ်တည်လာသည်။ ထိုအခါ မြင်လွှာ တစ်ဖက်စီ အရင်ဖွင့်ကြည့်ကြ၏။

"ဟင်"

ရဲသားတွေနဲ့ လူကြီးတချို့။

"တစ်ယောက်မှ မလှုပ်ကြနဲ့။ အားလုံး လက်မြှောက်ထား"



www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေးတဲ့သူကပေးလျှင် ဝိုင်းရံထားတဲ့ ရဲသားတွေက သူနဲ့ သူ့တပည့်အားလုံး လက်ထိပ်ခတ်၏။

"ဟာ ... ဘာဖြစ်လို့လဲ၊ ကျွန်တော်တို့ ဘာလုပ်မိလို့လဲ"

"မှတ်သားပဲ စခန်းမှူးကြီး။ ကျွန်မတို့ ဘာလုပ်မိလို့လဲ"

ဦးကောင်းထိုက်နဲ့ မကီတို့ ထိတ်ထိတ်လန့်လန့်မေးလျှင် –

"ခင်ဗျားတို့ ဟောဒီက ဦးဝေလှခေါင်သမီးကို ကြံစည်ပြီး ဖမ်းခေါ်သွားလို့။ အခု မိန်းကလေး ဘယ်မှာလဲ"

စခန်းမှူးစကားမဆုံးခင် သူ့တပည့်တွေက လက်ထိပ်တန်းလန်းနဲ့ ကားဆီ လက်ညှိုးထိုးပြလေသည်။

ထိုအခါ ...

ဦးဝေလှခေါင် အပြေးအလွှားသွား၍ ကားတံခါးတွေ ဖွင့်ကြည့်၏။

"ဟင်"

ကားထဲမှာလည်း သမီးကို မမြင်တော့ ရင်မှာ မီးတောက်သွား၏။

"ဘယ်မှာလဲ ကျုပ်သမီး"

"ကားနောက်ခန်းထဲ ထည့်ထား ... အဲ"

မကီတို့အားလုံး ပြိုင်တူပြောပြီးမှ ကမန်းကတန်း ပါးစပ်တွေ ပိတ်ကုန်သည်။ သူတို့လည်း ပြူးပြူးပြာပြာနဲ့ ကားထဲကြည့်ကြ၏။





ဆေးရှိန်နဲ့ခွေခွေလေး အိပ်ပျော်ရင်း ကားနောက်ခန်းဆိုဖာပေါ် တင်ခဲ့တဲ့ ရုံရုံလေး ရှိမနေ။

"အုရှားရေ"

ရုံရုံဘာမဟာ သေနတ်သမားကိုလည်း မမြင်ရပါ။

"ဘယ်မှာလဲ ကျုပ်သမီး။ ကျုပ်သမီးကို ခင်ဗျားတို့ ဘယ်မှာ ဝှက်ခဲ့ပြီလဲ။ စခန်းမှူးကြီး မေးပါဗျာ"

ဦးဝေလှခေါင် ပြောလျှင် ဦးကောင်းထိုက်တို့အဖွဲ့လည်း မျက်လုံးပြူးရ၏။ သေနတ်သမားနဲ့ ရုံရုံက မြေမဲလျှိုးသွားသလား မိုးပေါ်ပဲ ပြန်သွားလာ။

ဒါမှမဟုတ် ...

နာနာဘာဝတွေက ပင့်ကူလှသားပုံ ဖန်ဆင်းပြီး ရုံရုံလေးကို ကယ်ထုတ်သွားတာလား။ ဘာလား၊ ညာလားနဲ့တွေးရင်း သူတို့တစ်ဖွဲ့လုံး ခေါင်းနောက်ကာ မယုံနိုင်အောင် အံ့ဩနေကြသည်။

"ကျုပ်တို့ကားနောက်ခန်းထဲ ထည့်ထားတာပဲ။ မရှိတော့ရင် မသိတော့ဘူးဗျ"

"ခင်ဗျားမသိလို့ ရမလား။ ကျုပ်သမီးကို ခင်ဗျားတို့အဖွဲ့ ဦးကိုကြီးလက်ထဲက ထပ်ဆင့်မ,ပြေးကြတာလေ"

"မှတ်ပါတယ် ကိုဝေလှခေါင်။ ဦးကိုကြီးကိုလည်း ခင်ဗျား ရှေ့တင် ဖမ်းခေါ်သွားပြီပဲ။ သူတို့အဖွဲ့ကိုလည်း အခု ဖမ်းထားပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး စခန်းရောက်မှ စစ်မေးမယ်။ အားလုံး ကားပေါ်တက်ကြ"

စခန်းမှူးဝင်ပြောလျှင် ဦးဝေလုခေါင် ခေါင်းညိတ်လက်ခံကာ ထိုတစ်ဖွဲ့လုံးကို ရဲတပ်သားများကားပေါ် တင်ကြသည်။

ဦးဝေလုခေါင်က သမီးကိုပဲ ဟိုရှာ ဒီရှာကြည့်နေမိသည်။

ခုနေခါ သမီးကိုတွေ့လိုက်ရရင် ဘယ်လောက်တောင် ဝမ်းသာစရာကောင်းလိမ့်မလဲ။

ခုတော့ ရင်မှာပူလောင်ရုံမက နှလုံးသားကို ကျွမ်းလုပြီထင်ရဲ့။ ထို့ကြောင့် ရင်ထဲမှာ တစ်မေးတည်းမေးနေမိသည်။

သမီးရေ။

ဘယ်မှာလဲကွယ်။

✿ ✿ ✿

## အခန်း (၄၂)

"အမေ သရဲ သရဲ ပင့်ကူသရဲ ... ဟင့် ဟင့် ဟင့်"

ရှုံ့ရှုံ့ မျက်လုံးလေးကိုမှိုးပြီး ကြည့်နေတဲ့ ပင့်ကူသရဲ။ ရှုံ့ရှုံ့ သတိဝင်လာချင်းချင်း ထိုမျက်နှာချည်း ဆီးမိုးထားတာမြင်ရလျှင် လန့်ဖျပ်အော်ဟစ်မိ၏။

ထို့နောက် ...

တစ်ဆက်တည်းလည်း ကုန်းရုန်းထကာ ငိုချရင်း နောက်ဆုတ်ပြေး၏။

"သရဲ ... ဟင့် ဟင့် ဟင့်"

ရှုံ့ရှုံ့တစ်ယောက်တည်း တောထဲမှာ ဖြစ်နေတော့ ပိုလန့်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အော်ဟစ်ပြေးလျှင် ထိုပင့်ကူသရဲက ရှံရှံ့ကို လှမ်းဆွဲ၏။

"သ သရဲ . . . ဟင့် ဟင့် ဟင့်"

ရှံရှံ အော်ငိုလျှင် ထိုသရဲ လက်တကာကာနဲ့။

"နေ နေပါဦး"

"ဟင့်အင်း သရဲ"

"ရှံရှံ"

ရှံရှံ အလန့်လွန်စွာ ခြေဦးတည့်ရာပြေးလျှင် ပင့်ကူသရဲက ဝတ်စုံကို ကမန်းကတန်းချွတ်၍ လှမ်းခေါ်လေသည်။

"ရှံရှံ နေဦးကွ၊ သရဲမဟုတ်ဘူး မောင်ပါကွ"

"ဟင်"

ပင့်ကူသရဲ ရှည်လျားစွာပြောလျှင် ရှံရှံ ပြေးလွှားနေရာမှ ရုတ်ခြည်းရပ်တန့်ကာ နောက်ဘက်သို့ မရဲတရဲ လှမ်းကြည့်၏။

"ရှံ မောင်ပါ၊ မောင် သရဲမဟုတ်ဘူးကွ။ နေပါဦးကွ"

"ဟင် . . . မောင်"

ရှံရှံ လန့်ဖျပ်နေရာမှ တကယ်ဝမ်းသာသွား၏။ အာဖြစ်လို့လဲ ဆိုတော့ သရဲက ပင့်ကူဝတ်စုံချွတ်လိုက်၏။ ထိုအခါ မောင့်ပုံရိပ်လေး အထင်းသားပေါ်လာသည်။

"ဘုရား ဘုရား"

ရှံရှံ ဝမ်းသာရင်း ဘုရားတကာ . . .





"မောင်"

"ဟုတ်တယ် ရှံ . . . မောင်ပဲ"

ရှံရှံ ခြေလှမ်းလေးတန့်နေရာမှ မောင့်ဆီ အပြေးလေး လှမ်း၏။ မောင်ကလည်း ပင့်ကူဝတ်စုံကို အပြီးသတ်ချွတ်ပစ်ရင်း ချစ်သူဆီ လှမ်း၏။

"ရှံ"

"မောင်"

နှစ်ယောက်သား ဆုံတွေ့လျှင် တင်းကျပ်အောင် ဖက်၍ ရင်ခွင်ချင်းကပ်လိုက်၏။

နွေးအိသော ရင်ခွင်အတွေ့က နှစ်ဦးသား မျက်ဝန်းတွေကိုပါ တငြိမ့်ငြိမ့်တွယ်စေသည်။

ထို့ကြောင့် . . .

မိနစ်ပေါင်းများစွာ အကြည့်ချင်း အကြည်စိုက်လျက်သားဖြစ် တာ –

ထို့နောက်တွင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၃)

"ရုံ ဘယ်ကဘယ်လို ဒီတောထဲရောက်နေတာလဲဟင်။ ပြီးတော့ မောင်ကလည်း ပင့်ကူဝတ်စုံကြီးနဲ့။ ဘယ်လိုဖြစ်တာလဲ"

ရုံရုံ ဘာကိုမှ နားမလည်နိုင်ဖြစ်ကာ မောင့်လက်ဖဝါးလေးကို ဆုပ်ကိုင်ရင်းမေး၏။ မောင်က ရုံ့နဖူးလေးကို ဖွဖွလေးတိုက်၍ပြောမေး

"ရုံ မမှတ်မိဘူး"

"ဟင့်အင်း"

"ရုံနဲ့ပန်ပန် အနိုကယ်တို့အတွက် မင်္ဂလာခန်းဝင်ပစ္စည်း သွားဝယ်ကြတာလေ"

"အင်း . . . အဲဒါ မှတ်မိတယ်။ ရုံ့စိတ်တိုင်းကျ ဝယ်ကြတယ်။





ရုံနဲ့ပန်ပန် အပြီးအစီးဝယ်ကြပြီး အိမ်ပြန်ဖို့ ကားပေါ်အတူတူတက်ကြတာ။ အဲဒီနောက် ကားပေါ်မှာ ရုံ မိုန်းပြီးပါသွားတာ။ အဲဒီကနေ ရုံ အိပ်ပျော်သွားတာလေ။ အဲဒီလောက်တော့ သိတယ်"

"အေး . . . အဲလိုအိပ်ပျော်သွားအောင် ပန်က ရုံသောက်တဲ့ အအေးဘူးထဲမှာ အိပ်ဆေးခတ်ထားတာ"

"ဟင်"

"ဟုတ်တယ်၊ ရုံ့ကို အိပ်ဆေးထည့်ပြီး အအေးတိုက်တယ်။ ရုံ အိပ်ပျော်သွားတော့ ပန်ပန်က ဦးကိုကြီးကားပေါ် တင်ပေးလိုက်တယ်"

"ဘုရားရေ . . . အဲဒီတော့"

"အဲဒီတော့ ဦးကိုကြီးက ရုံ့ကို ကားတင်ပြေးတာပေါ့"

"ဘုရား ဘုရား . . . ဒါဆို ဦးကိုကြီးလက်ထဲက ရုံ့ကို မောင်ကယ်လိုက်တာပေါ့ ဟုတ်လားဟင်"

ရုံက မောင့်ကို အားကိုးတကြီးမေး၏။ ထိုအခါ ခေတ်တံခါးခေါင်းလေးအသာရမ်းသည်။

"ဟင် . . . ဒါ ဒါဆို ရုံကို ဘယ်သူကယ်လိုက်တာလဲ"

"နေပါဦး . . . သိချင်တာကြီး စွတ်မေးမနေနဲ့။ မောင်ပြောတာ ဆုံးအောင်နားထောင်ဦး"

ခေါင်းလေး တဆတ်ဆတ်ညိတ်လိုက်သည်။ ဖြစ်စဉ်က



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ထွေးနေမှုန်း ရုံသိသည်လေ။

ဒါကြောင့် မောင်ပြောသမျှကို စိတ်ရှည်ရှည်နဲ့ နားထောင်ဖြစ်၏။ မောင်ကလည်း ရုံနားလည်အောင် အကျဉ်းချုံး ပြောပြလေသည်။

"ပန်ပန်က ရုံ့ကို ဦးကိုကြီးလက်ထဲ ထည့်ပေးလိုက်တာကို မကိန့် ဦးကောင်းထိုက်က တပည့်တပန်းတွေနဲ့ ဖိုက်တင်နွဲပြီး ဦးကိုကြီးလက်ထဲက ရုံ့ကိုယူပြီး တစ်ဖန် ကားတင်ပြေးပြန်တယ်"

ရုံရုံ ရင်ဘတ်လေးဖိရပြန်ပြီ။

"အဲဒါနဲ့ ဦးကောင်းထိုက်တို့လက်ထဲက မောင်က ရုံ့ကို အားပြုတိုက်။ အဲ ... သောရီး သေနတ်ပြပြီး တိုက်ယူလာတာ"

"ဘုရားရေ ... သေနတ်ပြပြီးတော့ တိုက်ယူလာတာ။ ဘယ်ကသေနတ်ရလဲ မောင်ရဲ့"

"ကလေးကစားစရာ သေနတ်နဲ့ပေါ့"

"ဟုတ်ရဲ့လား"

ရုံ မယုံနိုင်စွာ မျက်လုံးအပြူးသားနဲ့ မေးလျှင် မောင်က ပြုံးပြုံးလေး ခေါင်းညိတ်၍ ခါးကြားထဲထိုးထည့်ထားတဲ့ ကစားစရာ သေနတ်အသစ်ကလေးကို ထုတ်ပြ၏။

သေနတ်က အစစ်အတိုင်းရယ်။ ထိုအခါ ရုံ ပို၍အံ့သြကာ

"ကြည့်စမ်း ... ဒီကစားစရာသေနတ်လေးနဲ့ ရုံ့ကို တကယ်





ကယ်ခဲ့တာပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ မောင်က ဦးကောင်းထိုက်တို့အုပ်စုကို ဦးကိုကြီးလို တစ်ပွဲတည်း ယှဉ်နိုင်ဖို့မလွယ်ဘူး။ ဒါကြောင့် ပင့်ကူဝတ်စုံ ဝတ်ပြီး သေနတ်ပြလိုက်တာ။ ဦးကောင်းထိုက်တို့တစ်ဖွဲ့လုံး မလှုပ်ရဲတော့ဘူး။ တကယ်ထင်ပြီး မောင် အမိန့်ပေးတဲ့အတိုင်း မျက်စိတွေမှိတ်ပြီး ဂဏန်းတွေ ရွတ်နေကြတာလေ။ အဲဒီအချိန်မှာ မောင်က ရုံ့ကို ကားထဲကနေ ပွေ့ချီပြီး ဒီတောထဲ ခေါ်လာခဲ့တာ"

"ဟင် ... မှို ဦးကောင်းထိုက်တို့ မရိပ်မိဘူးလား"

"ဘာရိပ်မိဖို့ လွယ်မတဲ့လဲ။ ရုံ့ကိုလည်း ဒီတောထဲ ခေါ်ရုံရှိသေးတယ်။ ရုံ့ဖေဖေနဲ့ ရဲအဖွဲ့ ရောက်လာတယ်လေ။ အဲဒါနဲ့ ဦးကောင်းထိုက်တို့တစ်ဖွဲ့လုံးနဲ့ ဦးကိုကြီးကိုပါ ဖမ်းသွားကြတာ"

"ဒါဆို ရုံဒီမှာရှိတာ ဖေဖေ မသိဘူးပေါ့"

"ဟင့်အင်း"

"ဟာ ... အဲဒါဆို ဖေဖေစိတ်ပူနေမှာပေါ့။ ပြီးတော့ မေမေရော"

"အဟင်း ... စိတ်မပူပါနဲ့လို့ အန်ကယ့်ကို မောင် ဖုန်းဆက်ပြောပြီးသား"

"အဲဒါဆို ရုံတို့ပြန်ကြမယ်လေ။ ရုံ ဖေဖေ,မေမေတို့နဲ့ တွေ့ချင်တယ်။ ရုံ့ကိုတွေ့ရမှ ဖေဖေတို့ ပူပန်တာလျော့လိမ့်မယ်။ လာ



www.burmeseclassic.com

www.burmeseclassic.com



. . . သွားစို့ မောင်''

ရုံက မောင့်လက်ကိုဆွဲခေါ်လျှင် မောင်က သေနတ်ကို လွှင့်ပစ်ရင်း ပေကပ်ကပ်ရပ်၍ ခေါင်းလေးရမ်း၏။ ရုံ မျက်မှောင်လေး ကြုတ်၍–

''ဘာဖြစ်လို့''

''ဒီတောထဲရောက်တုန်း မောင်နဲ့ရုံ အေးအေးဆေးဆေး ချစ်ကြစို့လား''

''မောင်နော်''

''အလကားနောက်တာပါ ရုံရယ်''

''နောက်တာကလည်း ဟွန်း မပြောလိုက်ချင်ဘူး။ မောင် နစ်နာသွားဦးမယ်။ ဒါနဲ့ မောင် . . . ပန်ပန်က ရုံ့ကို ခုလိုလုပ်လိုက်တာ ဘာဖြစ်လို့လဲ''

ရုံရုံမေးလျှင် ခေတ်တံခါး သက်ပြင်းရှည်ကြီးချ၏။

''ပြောလေ မောင်''

မောင်က မပြောချင်စွာ ခေါင်းရှောင်လေသည်။ ရုံကလည်း သိလိုလှသည်မို့ မောင့်လက်မောင်းလေးကို ဆုပ်ကိုင်လှုပ်ခါ၍ အဆက် မပြတ် မေး၏။

''ပြောလေ မောင်ရဲ့။ ပန်ပန်က ဘာဖြစ်လို့ ရုံ့ကို ဦးကိုကြီး လက်ထဲ ထည့်ချင်ရတာလဲလို့''





''ပန်ပန်က မောင့်ကို ချစ်နေသလားပဲ။ ဒါကြောင့် ရုံ့ကို မောင်နဲ့ကွဲသွားအောင် လုပ်လိုက်တာ''

''ဘုရားရေ . . . ပန်ပန်က မောင့်ကိုချစ်နေလို့ ဟုတ်လား''

သူ့ ခေါင်းပဲညိတ်ကာ ရုံ့လက်ကို ဆွဲ၍ တောလမ်းလေးမှ လျှောက်ထွက်ခဲ့သည်။

မောင်ဆွဲထားတဲ့အတိုင်း ရုံ ပါလာခဲ့ရပေမယ့် ရုံ တတွတ်တွတ် မေးနေသေးသည်။

''ပန်က မောင့်ကိုချစ်နေတယ် ဟုတ်လား''

''အင်း''

''ဘုရားရေ . . . အဲဒါဆို ရုံ့ကို ပြောပါတော့လား''

''ရုံက ဘာလုပ်မှာလဲ''

''ဩော် . . . ပန်ပန်က မောင့်ကိုချစ်နေမှတော့ ရုံ နောက် ဆုတ်ပေးလိုက်မှာပေါ့''

''အဲလိုရမတဲ့လား ရုံရယ်''

''ရတာပေါ့။ ပန်က မောင့်ကိုချစ်နေတာကိုး''

''မောင်က ပန့်ကို မချစ်ဘူး။ ရုံ့ကိုပဲ ချစ်တာ''

''ဘာပဲဖြစ်ဖြစ် . . . ပန်ပန်က ရုံ့ညီမပါ။ ရုံ့ညီမ စိတ်ချမ်းသာ မယ်ဆို မောင့်ကို ရုံ စွန့်လွှတ်ရပါတယ်''

''ဟိုထား ရုံ၊ ဘာတွေလျှောက်ပြောနေတာလဲ။ ရေဘူးကွ၊



www.burmeseclassic.com

www.burmeseclassic.com



ရှံ့ကို မောင်ချစ်တဲ့အတွက်"

"တော်ပါတော့ မောင်ရယ်။ ရှံ့ကို ပန်ပန် ပက်ပက်စက်စက် ကြံစည်လိုက်လို့ လူယုတ်မာတွေလက်ထဲက စွန့်စွန့်စားစား ကယ်ခဲ့တဲ့ မောင့်ကို ရှံ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့"

"ဘာ ... ဒါပေမဲ့လဲ ရှံ"

"ဟင့်အင်း ... ရှံ ဖေဖေ့ကိုပြောမယ်။ ပန်ပန်လိုချင်တဲ့ မောင့်ကို ပန်ပန့်လက်ထဲ ပြန်ထည့်ပေးဖို့"

"ရှံ အရူးမထနဲ့ကွ"

"ရှံ အရူးထတာမဟုတ်ဘူး။ ရှံတို့မိသားစု ဇာတ်လမ်းကို မောင် သိပါတယ်။ လောလောဆယ်မှာ ရှံ့နဲ့မေမေက ဖေဖေနဲ့ ပြန်ဆုံရတာလေ။ အဲလိုပြန်ဆုံအောင် ပန်ပန် ကြည်ဖြူတာ။ နည်းနည်း စေတနာမှ မဟုတ်တာ။ ဒါကြောင့်"

"တော်တော့ ရှံ"

ခေတ်တံခါး စိတ်မရှည်နိုင်တော့ပါ။ အချစ်နဲ့နှလုံးသားကို ဘောလုံးလို ကန်ထုတ်လို့ရတာမဟုတ်ဘူး။

အချစ်ကို ဘောလုံးလို ကန်ထုတ်ဖို့ကြိုးစားနေတာမျိုး။ အဲဒီ ကြိုးစားမှုကို သူ လုံးဝ လက်မခံပါ။

သူ စိတ်ပြောလိုက်တော့ ရှံ မျက်နှာလေး တင်းမာသွား၏။

ထို့နောက် ...





သူ့ရှေ့ကနေ သုတ်ခနဲ လျှောက်ထွက်သွားလေသည်။

"ရှံ"

ခေတ်တံခါး လှမ်းခေါ်သလို သူမလက်ဖျားလေးကိုလည်း လှမ်းဆွဲ၏။ ထိုအခါ သူမက အဆွဲမခံ။ သူ့လက်ကို ပုတ်ချသလို အတားအဆီးဖြစ်နေသည့် သူ့ရင်ဘတ်ကိုလည်း တွန်းဖယ်၍ ရှေ့ဆက် သွားလေသည်။

"ရှံ"

"ရှံ"

"ရှံ"

သူ ဘယ်လောက်ခေါ်ခေါ် ရှံက သွားမြဲသွားနေဆဲ။

"ကျွတ်"

ခက်တယ်ဆိုတာ ဒါမျိုးလား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၄)

"ဖေဖေ"

"မေမေ"

"ဟေး သမီးလေး"

အပြေးကလေးရောက်လာတဲ့ သမီးဖြစ်သူကို ဦးဝေလှခေါင်နဲ့ ဒေါ်နွယ်လေးတို့ အားရဝမ်းသာ ဖက်ပွေ့ကြ၏။

"သမီးရယ် မေမေဖြင့် စိတ်ပူလိုက်တာ တအားပဲ"

"ဟုတ်တယ် သမီးရဲ့။ ဖေဖေလည်း အရမ်းစိတ်ပူသွားတာ။ အဲဒါနဲ့ ရဲစခန်းကို အကူအညီတောင်းပြီး သမီးကို ပြန်ရဖို့ကြိုးစားတာလေ။ မောင်ခေတ်ကယ်လိုက်နိုင်တယ်လို့ ဖုန်းဆက်ပြောတော့မှ ဖေဖေ





စိတ်ပူတာလျော့သွားတယ်။ အခုလို သမီးလေးကို ပြန်မြင်ရတော့ စိတ် ပူပန်တာတွေ လုံးဝပျောက်ရှမကဘူး အတိုင်းမသိ ဝမ်းသာပါတယ် သမီးရယ်"

ဖေဖေနဲ့မေမေ အားရဝမ်းသာပြောလျှင် ရှံ့ရင်ထဲမှာလည်း ဝမ်းသာကြည်နူးရ၏။ ထိုအခါ ဖေဖေနဲ့မေမေကို တစ်ဖက်စီဖက်ထားရင်း ရှံ့ပြော၏။

"ရှံ့လည်း ဝမ်းသာတယ်။ ပြောမပြတတ်အောင် ဝမ်းသာရပါတယ်။ ဒါနဲ့ ဖေဖေ"

"ခြော် ဟိုလူယုတ်မာတွေလည်း သမီးကို ကားတင်ပြေးတဲ့အမှုနဲ့ အချုပ်ထဲရောက်နေကြပြီ။ သူတို့အပြစ် သူတို့ခံရလိမ့်မယ်။ အဲဒီအတွက် စိတ်မပူနဲ့ သမီး။ ဖေဖေအားလုံး စီစဉ်ထားပြီးပြီ"

"ဟုတ်တယ် သမီးရဲ့။ သမီးရဲ့အလုပ်ရှင် မကိကိုလည်း ကြံရာပါအနေနဲ့ အချုပ်ခံထားရတဲ့အထဲ ပါနေတယ်"

"ဟို သမီးသိချင်တာ သူတို့ကို မဟုတ်ဘူး"

"သမီးက ဘာကိုသိချင်တာလဲ"

ဖေဖေနဲ့မေမေက ပြိုင်တူလိုလိုမေး၏။

ရှံ့က ဖက်ထားတဲ့ ဖေဖေနဲ့မေမေ့ကို ထိုင်ခုံမှာထိုင်စေသည်။ ထို့ပြင် ရှံ့လည်း ထိုင်ခုံမှာထိုင်ချရင်း ပြောမိ၏။

"ပန်ပန် ပန်ပန်ကောဟင်"



www.burmeseclassic.com

www.burmeseclassic.com



ရုံရုံမေးလျှင် ဖေဖေနဲ့မေမေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ သက်မရှည်ကြီး ချ၏။ ရုံက ဒါပဲ သိချင်နေတာမို့–

"ပန်ပန် ဘယ်မှာလဲ ဖေဖေ"

ဦးဝေလှခေါင် မပြောလိုပေမယ့် သမီးက သိချင်စိတ်ပြင်းပြနေတယ်ဆိုတော့ မပြောလို့လည်း မရနိုင်တဲ့ အခြေအနေ။

ဒါကြောင့် ခေါင်းလေး တဆတ်ဆတ်ညိတ်၍ ဦးဝေလှခေါင် ပြော၏။

"အင်း . . . သမီးပန်ပန် ရည်ရွယ်ထားတာ တခြားပါ။ ဦးကိုကြီးလက်ထဲကနေ သမီးလေးကို မကိတို့လုယူသွားမှန်း ရိပ်မိတော့ ဖေဖေ့ကို ပြောတယ်။ မကိတို့လက်ထဲ သမီးလေးမရောက်အောင် ကာကွယ်ပေးဖို့ပါ။ အဲဒါကြောင့် သမီးလေးကို ပြန်ရဖို့ ဖေဖေတို့ လမ်းစရသွားတာလေ။ အဲဒါကြောင့် ရဲစခန်းအကြောင်းကြားပြီး သမီးနောက်ကို ချက်ချင်း လိုက်နိုင်ခဲ့တာ"

"ကျေးဇူးတင်ပါတယ် ဖေဖေရယ်။ ပန်ပန်ကို သမီး ကျေးဇူး အထူးတင်ပါတယ်"

"ဝမ်းသာပါတယ် သမီးရယ်။ ပန်ပန်လေးအပေါ် သမီးလေး နားလည်ပေးတဲ့အတွက်"

"နားလည်ပေးရမှာပေါ့ ဖေဖေရဲ့၊ ပန်ပန်က ရုံ့ညီမအရင်းပဲ မဟုတ်လား။ အဲဒါကြောင့် ပန်ပန့်ကို ရုံ တွေ့ချင်ပါတယ်။ ပန်ပန်





အခု ဘယ်မှာလဲဟင်။ ကြီးမေတို့တိုက်ဘက်မှာ ပန်ပန့်ကို မတွေ့ရဘူး။ ဖေဖေတို့ မင်္ဂလာဆောင်မယ့်တိုက်ပုလေးမှာလည်း ပန်ပန်မရှိဘူး။ ဒါကြောင့် မေးနေရတာ။ ပန်ပန် ဘယ်မှာလဲ။ ပန်ပန့်ကိုတွေ့ချင်တယ်၊ ပန်ပန် ဘယ်မှာလဲဟင်"

ပန်ပန့်ကိုတွေ့လိုကြောင်း တတွတ်တွတ်ပြောနေတဲ့ ရုံ့ကို ခေတ်တံခါး ဟန့်တားလိုပါသည်။

အခြေအနေကို စောင့်ကြည့်သလို တိတ်တိတ်ဆိတ်ဆိတ် စောင့်ကြည့်နေတဲ့ တံခါးက ရုံရုံ ဘာကြောင့် ပန်ပန့်ကို တွေ့ချင်နေလဲ ဆိုတာ ရိပ်မိသည်။

ထို့ကြောင့် . . .

သူ့ဘက်က လူကြီးစုံရာရှေ့မှာ တားမြစ်ဖို့ ရုံရုံ့ဆီ ရွှေ့သွား၏။ ထိုအခါ သူ့အပါးရပ်နေတဲ့ ဖေဖေက သူ့လက်ကို လှမ်းဆွဲပြီးတား၏။

"ဖေဖေ"

သူ့ခေါ်တော့ ဦးမျိုးဦး ခေါင်းရမ်း၏။ ဖေဖေ့ဘေးနားရှိ အန်တီဖြူလည်း ခေါင်းလေးရမ်းပြ၏။

ခက်တာက ရုံရုံတွေ့ချင်တဲ့ကိစ္စကို မနှောင့်ယှက်နဲ့ဆိုတဲ့ သဘော။

"ကျွတ်"

ဖေဖေနဲ့အန်တီဖြူ တားနေတော့ တံခါးရင်မှာ အလိုမကျ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်။ ဦးဝေလှခေါင်က တံခါးကို လှမ်းကြည့်၏။

စိုးရိမ်စိတ်နဲ့ တံခါးအမူအရာပျက်နေတာကို ဦးဝေလှခေါင် နားလည်နေသည်။

ဒါကြောင့် –

"အင်း … သမီးပန်ပန်အကြောင်းလည်း သမီးလေး သိပါတယ်"

"သိပါတယ် ဖေဖေရဲ့၊ ဒါကြောင့် တွေ့ချင်တာ"

"ဟုတ်ပါပြီ သမီးရဲ့။ ပန်ပန်လေးက ဖေဖေတို့အားလုံးကို မျက်နှာပြရမှာ စိတ်မလုံဖြစ်နေတယ်။ ပြီးတော့ သမီးနဲ့ ရင်ဆိုင်ရမှာကို ရောပေါ့"

"အို … ဘာမှမလုံစရာမရှိဘူး။ ပန့်ကို သမီးသွားတွေ့မယ်။ ပန်ပန် ဘယ်မှာလဲဆိုတာပြောပါ ဖေဖေ"

"ပန်ပန်က သမီးရဲ့အန်တီကြီးကိုပါခေါ်ပြီး ထွက်သွားတာ။ ဘယ်မှာရှိနေလဲ မေးတာမဖြေဘူး"

"ဟင်"

"ဟုတ်တယ် သမီး၊ မေမေ့ကိုလည်း ပန်ပန် တောင်းပန်သွားတယ်။ သမီးကို ပန်ပန် အဆက်အသွယ်လုပ်မယ်လို့ ကတိပေးသွားတယ်။ သမီးဆီ ဆက်သွယ်တဲ့အချိန်ထိ သမီး စောင့်ကြည့်လို့ ရပါတယ်။ စောင့်ကြည့်ပါ သမီးရယ် နော်"





ရုံရုံ အလိုမကျစွာ နှုတ်ခမ်းလေး ဆူမိသွားသည်။ စောင့်ကြည့်နေတဲ့ ကြီးမေက ရုံရုံ့အပါး ဝင်ထိုင်ရင်း ချော့မော့သလို လက်ဖဝါးလေးကို ဖျစ်ဆုပ်လေသည်။

"ကဲပါ သမီးရယ် … လောလောဆယ် ပန်ပန့်အကြောင်း ခေါင်းထဲက ထုတ်ထားလိုက်"

"ကြီးမေ"

"ကြီးမေ ပြောလို့မဆုံးသေးဘူး … နားထောင်ပါဦး သမီးရယ်"

ရုံရုံ နားမထောင်ချင်ဘဲ နားထောင်ရတော့သည်။ ဒါကြောင့် ခေါင်းလေးညိတ်လျှင် ကြီးမေ ဆက်ပြော၏။

"ဒီနေ့က သမီးဖေဖေနဲ့ သမီးမေမေ မင်္ဂလာဆောင်မယ့်နေ့"

"ရုံ မမေ့ပါဘူး ကြီးမေရဲ့"

"အေး မမေ့ဘူးဆို ထပ်ပြောမယ်။ သမီးဖေဖေက မောင်တံခါး နဲ့ သမီးကိုပါ တစ်ခါတည်း မင်္ဂလာပွဲ လုပ်ပေးမလို့တဲ့"

"အို"

ရုံရုံ ခေါင်းလေးရမ်းကာ ထိုင်ရာမှထထွက်ဖို့ ကြိုးစား၏။ ကြီးမေ က ရုံရုံ့လက်ကို ဆွဲထားလျှင်။

"ဟင့်အင်း ဖေဖေနဲ့မေမေပဲ အရင်ဆောင်ကြ"

ရုံရုံ ယတိပြတ်ပြောပြီး ထထွက်ခဲ့သည်က လက်မခံနိုင်စွ။



www.burmeseclassic.com

www.burmeseclassic.com



အတူးသဖြင့် လက်မခံနိုင်တာထက် ပန်ပန်နဲ့စိတ်ကို ရုံရုံ အလေး ထားခြင်းဆိုလည်း ဟုတ်၏။

ရုံရုံ ပြင်းဆန်ပြီးထွက်သွားလျှင် အားလုံး စိတ်မကောင်းနိုင်ပါ။ ဒါကြောင့်။

✿ ✿ ✿

## အခန်း (၄၅)

"ရုံရုံ"

"ရုံ"

ခေတ်တံခါးက ရုံရုံ့ကို အဆက်မပြတ်ခေါ်ရင်း အခန်းတံခါးကို တဒုန်းဒုန်းထု၏။

"ဒုန်း"

"ရုံ"

"ရုံ"

"ဒုန်း"

သူမဘက်က တုံ့ပြန်သံမကြားရသရွေ့ ရုံရုံ့အခန်းတံခါးကို



www.burmeseclassic.com

www.burmeseclassic.com



ခေတ်တံခါး ထုမြဲထုလျှ ခေါ်မြဲခေါ်နေမိသည်။

"ရုံရုံ တံခါးဖွင့်ပါကွာ။ မောင် ရှင်းပြပါရစေ။ ရုံရုံ တံခါးဖွင့်ဦး ရုံရုံရဲ့။ လူကြီးတွေစိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့။ ဒီနေ့ဟာ မောင်တို့ ပေါင်းစုံရမယ့် မင်္ဂလာနေ့။ ဒီနေ့ကို မောင် အရမ်းမျှော်လင့်တာ။ မောင်မျှော်လင့်သလို အန်ကယ်နဲ့ရုံ့မေမေလည်း မျှော်လင့်တယ်။ ပြီးတော့ မောင့်ဖေဖေနဲ့အန်တီဖြူ့ကိုလည်း တစ်ပါတည်း မင်္ဂလာဆောင်ပေးဖို့ လိုတာလေ။ ဖေဖေတို့လူချင်းချင်း နှစ်မင်္ဂလာဆိုတော့ နိမိတ်မကောင်းလို့ပါ။ မောင်တို့ပါ တစ်မင်္ဂလာဖြစ်ရမယ်လေ။ ဒါမှ နိမိတ်ကောင်းတဲ့ သုံးမင်္ဂလာဖြစ်မှာလေ ရုံရုံရဲ့။ တံခါးဖွင့်စမ်းပါ။ ရုံရုံကြောင့် မင်္ဂလာပွဲနွှဲမယ့် လူကြီးတွေ စိတ်ညှိုးနေလိမ့်မယ်။ ရုံနဲ့မောင်တို့ရဲ့မိဘလေးပါး စိတ်ချမ်းမြေ့စေဖို့ ရုံ ထွက်ခဲ့ပါကွာ။ ရုံရုံ ဒုန်း ဒုန်း"

ခေတ်တံခါး ရှည်လျားစွာပြောဆို ဖျောင်းဖျနေသည်က ရုံ နားလည်လက်ခံပေးဖို့ပါ။

"ရုံရုံ"

ခေတ်တံခါးကတော့ လုံးဝ လက်လျှော့ဖို့မရှိပါ။

ချစ်တဲ့စိတ်က ဘောင်ဘင်ခတ်နေပြီ မဟုတ်လား။

သို့မို့ကြောင့်။

✿ ✿ ✿



## အခန်း (၄၆)

*ရုံ*

*ပန်ပန့်ကို နားလည်ပေးပါ။*

*ပန်ပန့်စီစဉ်သလို ဖြစ်မလာတော့ ပန်ပန် အရမ်းထိတ်လန့်သွားတယ်။ ဒါကြောင့် အချိန်မီ ကယ်နိုင်အောင် တံခါးကို အကြောင်းကြား ပေးလိုက်တာပါ။*

*ရုံရုံ့ကို ကယ်ထုတ်နိုင်တာသိရလို့ ပန်ပန် ဝမ်းသာပါတယ်။ တကယ်တော့ ရုံ့ကို ပန်ပန်ကြံစည်ခဲ့တာ တံခါးကို ချစ်တဲ့စိတ်နဲ့ပါ။*

*တံခါးက ပန်ပန်ကိုမချစ်ပါဘူး။ ရုံရုံ့ကိုပဲ ချစ်နေတဲ့အတွက်*



www.burmeseclassic.com

www.burmeseclassic.com



ပန်ပန် နောက်ဆုတ်ရှောင်ခွာခဲ့တာပါ။

ပြီးတော့ တံခါးချစ်တဲ့ ရုံရုံနဲ့ပဲ တံခါးကို ပေါင်းဆုံခွင့်ပေးချင်တာကလည်း ပန်ပန့်နှလုံးသားက ထွက်ပေါ်လာတဲ့ အဖြေတစ်ခုပါ။

ဒါကြောင့် ...

တံခါးကို လက်ခံပြီး မင်္ဂလာဆောင်ခွင့်ပေးလိုက်ပါ။

ဒီနေ့ဟာ ဒယ်ဒီနဲ့မာမီရယ်၊ အန်ကယ်ဦးမျိုးညီးနဲ့ အန်တီဖြူရယ်၊ ရုံနဲ့တံခါးရယ် သုံးမင်္ဂလာပြည့်ဖို့ ရုံ ရင်ခုန်သံနဲ့ ကူညီလိုက်ပါနော်။

နှစ်မင်္ဂလာတည်းဆို နမိတ်မကောင်းဘူး မမရုံရဲ့။

သုံးမင်္ဂလာပြည့်အောင် ကူညီပေးလိုက်ပါ မမရယ်နော်။ ပန်ပန့်ကို ညီမရင်းလို သဘောထားရင် ပန်ပန်ပြောတဲ့အတိုင်း လက်ခံပေးပါနော်။

ပန်ပန်က မမရုံကို ရင်မဆိုင်ရဲသေးလို့ ရှောင်နေတဲ့သဘောပါ။ အဲဒီအတွက်လည်း ပန်ပန့်ကိုနားလည်ပေးပါ။

မမရုံကိုချစ်တဲ့ ညီမ
ပုလဲပန်ပန်

✿ ✿ ✿



BURMESE CLASSIC

## အခန်း (၄၅)

"ဟင်"

ပန်ပန်ပို့ပေးတဲ့ message လေးဖတ်ပြီး ရုံရဲ့ရင်မှာ အတိုင်းမသိ လှုပ်ခုန်သွား၏။

ပန်ပန်က မောင့်ကို ရုံနဲ့ ပေါင်းဆုံဖို့ သဘောတူသတဲ့။

ဒါဆို ...

ဒီနေ့မင်္ဂလာပွဲက သုံးမင်္ဂလာပေါ့။

ဘုရားရေ။

ရုံ့ရင်ခုန်သံလေး ဆူညံပေါက်ကွဲသွား၏။ ထိုစဉ် ရုံ့နောက်မှ ဝှန်းခနဲအသံလေး ကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ရဲ လှည့်ကြည့်လျှင် ...

"ဟင် ... မောင်"

ကြည့်စမ်း ... မောင်က ရဲ တံခါးမဖွင့်ပေးလို့ ရဲရဲ့အခန်း အပေါ်ဘက်ဟနေတဲ့ကြားကနေ ရဲရဲ့အခန်းထဲ ရောက်အောင် ခုန်ချပြီး ဝင်လာတာမျိုး။

"ရဲ"

မောင်က စွန့်စွန့်စားစားစား အခန်းထဲရောက်အောင် ကျော်ခွ ရောက်လာရတယ်လို့။

ပြီးတော့ ...

ခေါင်းရင်းလည်း ရှေ့တိုးလာသည်။

ရှေ့တိုးလာရုံမက ရဲ့ကို ပွေ့လိုက်၏။

"အို မောင်"

ရဲ့ရင်ခုန်သံ မြန်စွာ ခေါ်ဆိုရင်း မောင့်ရင်ခွင်ထဲမှ ရုန်းမိလေသည်။

"လွှတ် လေ အဲ မောင်"

မောင်က ပြုံးပြုံးလေးနဲ့ ရဲ့ကို မွေ့ယာပေါ်အသာချသလို မအောင့်အင်းနိုင်တဲ့ မောင့်ရင်ခုန်သံကိုလည်း၊ ရဲ တဒိုင်းဒိုင်းကြားနေရ၏။

ထိုအခါ ... ရဲ လန့်လန့်ဖျပ်ဖျပ်လေးဖြစ်ကာ –





"မောင်"

"ပန်ပန့် message ဖတ်ပြီးပြီမဟုတ်လား"

"အင်း"

"အဲဒါဆို မောင့်ကို မငြင်းနဲ့တော့နော်"

"အဲ"

ရဲရဲ ဖြေရခက်သွားသလို ရဲ့နှုတ်ခမ်းဖူးဖူးလေးပေါ်သို့ လှမ်းကြ နေတဲ့ မောင့်နှုတ်ခမ်းလေး ထပ်ကျလာ၏။

"အို ဖယ် လွှတ်"

"ဟင့်အင်း မလွှတ်ဘူး"

"လွှတ်ပါ၊ မေမေတို့ရောက်လာရင် ခက်မယ်"

"မခက်ဘူး ရဲရဲ၊ တံခါးချက်ချထားပြီးသား"

"အဲ"

ခုမှ ကိုယ့်ထောင်ချောက်ထဲ ကိုယ်မိသလို ဖြစ်ကာ ရဲရဲက ဖယ်ပါ။

လွှတ်ပါဟု မောင့်ကို ငြင်းနေခဲ့သည်။

သို့သော်လည်း ...

ရဲ့ကျောပြင်အောက်ရှိ နူးညံ့အိစက်သော မွေ့ရာလေးက တလှုပ်လှုပ် ခါနေပြီ။ အဲဒါ ... ဘာကြောင့်လဲ။ ရဲရဲ မေးရခက်လို တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားချင်း နှင်းအပ်၍၊ ရင်ခုန် message အပြန်အလှန် ပေးပို့နေလို့ပဲ မဟုတ်ပါလား။

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

**ဝိန်းကလေး**

အမှတ် ၄၅ (B)၊ ၆–လွှာ၊ ဦးလွန်းလမ်း။
အရှိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉၄၄၉၂၅၁၄၁၇၊ ၀၉၂၅၅၈၀၃၂၅၇

www.burmeseclassic.com